

# ဝိပဿနာ နှင့် လာဘ်ပေးလာဘ်ယူ
# နှင့်
# နည်းမှန်သပိတ်သွပ်နည်း

မြင့်ရွှေ (ပေါင်းတည်)

ရောင်းရန်မဟုတ်၊ မိသားစုဖတ်ရန်သာ

၁၄

၄

## "အမှာစာ"

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ကျနော် ဒီစာအုပ်ကို ဘာကြောင့်ရေးရသလဲ၊ ကျနော် စာအုပ်များ ရေးတိုင်း ဦးတည်ချက် (၃)ရပ်ထားရှိပါသည်။ ကျနော်၏စာအုပ်ကို ဖတ်ရသော ဘဝ အဆက်ဆက်က ဆွေတော်မျိုးတော်တို့သည်

(၁) ထေရဝါဒ ဗုဒ္ဓဘာသာဝင်စစ်စစ်ဖြစ်ဖို့

(၂) တစ်ဘဝ အပယ်ပိတ်သောစူဠသောတပန်ဖြစ်ဖို့

(၃) သောတပန်ဖြစ်ဖို့. . . ကိုအဓိကထားပါသည်။

ထပ်ဆင့်၍ ရဟန်းသံဃာများနှင့် ဆက်ဆံနေရသဖြင့် မိမိတို့ကြောင့် ရဟန်းသံဃာများ အာပတ်(အပြစ်) မဖြစ်စေရန်နှင့် အကြောင်းကြောင်း တို့ ကြောင့် ကြီးလေးသော အာပတ်များကို နားမလည်၍ ကျူးလွန်နေသော ရဟန်းများ သတိယားမိစေရန် လူတွေလည်း နားလည်မှသာ ရဟန်းများ အတွက် သော်လည်းကောင်း ဒကာဒကာမများအတွက် များစွာ အကျိုးရှိဟု ယူဆ၍ သင့်တော်သော အာပတ်များကို အလျှင်းသင့်သလို ရေးသား ဖော်ပြခဲ့ပါသည်။

ဂေါ်ဝါဥ သံစုမက ပွင့်တော်မူပြီးသောဘုရားများ လက်ထက်များက ထိုက်သင့်သလို လူနတ်ဗြဟ္မာများ ကျွတ်တမ်း ဝင်ခဲ့ပါပြီ။ စာရေးသူနှင့် စာဖတ်သူတို့အပြင် ယနေ့လူသားအားလုံး၊ မပါဝင်ခဲ့သေးပါ။ ကျနော်တို့ ဘယ်လောက်များ မိုက်လာခဲ့သလဲဆိုတာ သိလောက်ပါပြီ၊ ပြီးခဲ့တာတွေ ကတော့ ဘာမှမတတ်နိုင်တော့ ပြီးတာ တွေလဲ ပြီးပါစေတော့။ ကဲ အကြောင်း ထောက်မလို့ ဒီလူ့ဘဝကိုရခဲ့ပါပြီ အပြန်လမ်းခရီးလှအောင် လုပ်ဖို့ကတော့ မိမိတို့ တာဝန်ဘဲ။

မြတ်စွာဘုရား ဟောခဲ့ပြီးသားဘဲ လူ့ဘဝမှာ တွေ့ကြုံဆုံကြတာတွေဟာ ဆွေမျိုးမတော်စပ်ခဲ့တဲ့သူ တစ်ယောက်မှ မရှိဘူးတဲ့ နကုလပိတာနဲ့ နကုလမာတာ တို့ဟာ မြတ်စွာဘုရားရဲ့ မိခင်ဖခင်အဖြစ် ဘဝပေါင်း ငါးရာ တောင် တော်ခဲ့ဘူးသေးတာ ကျနော်တို့ စာဖတ်သူတို့ဟာအာလုံး ဆွေမျိုးတော်စပ်ခဲ့ကြတာ မိသားစုဝင် တွေဘဲ။

မိသားစုဝင်တွေဖြစ်နေရင် ရန်သူဆိုတာ မရှိသင့်တော့ဘူး တစ်ယောက်ကို တစ်ယောက် နင်းချေဖိနှိပ်ဖို့ ဆိုတာ မစဉ်းစားရဲအောင်ဘဲ၊ ဒါကြောင့် တဏှာ၊ မာန၊ ဒိဋ္ဌိ တွေကိုပယ်ကြပြီး တမဂ်တဖိုလ်ရအောင် နိုင်သလောက် အားထုတ်နိုင်အောင် ရေးပြနေတာပါ။ ဒီစာအုပ်မှာ-

### ဝိပဿနာနှင့် လာဘ်ပေးလာဘ်ယူ

ကျနော်တို့ နားလည် သိသလောက်ကတော့ ဝန်ထမ်းတွေဟာ လာဘ်ပေး လာဘ်ယူ မလုပ်ချင်ကြပါဘူး ရှေ့တုံးကဘဲကြည့်ပါ သူခိုးမရှိတဲ့နိုင်ငံဟာ မြန်မာပြည်ဘဲ၊ လာဘ်စားတယ်ဆိုတာ ခိုးတာပါဘဲ ကျနော်တို့ခေတ်တောင် (လွတ်လပ်ရေးရပြီး နောက်ပိုင်းတောင်) လာဘ်ပေးလာဘ်ယူ

ဆိုတာ အင်မတန် ရှက်ကြောက်ရတယ်ဆိုတာ နားလည်ကြလို့ တိတ်တိတ်ပုန်း လုပ်ကြရတာ ရှိတော့ရှိတယ် ရှားပါတယ် ယခုတော့ . . . ရေးရမှာ စိတ်မကောင်းစရာ စားဝတ် နေရေး ကြပ်တည်းတော့ (ဝန်ထမ်းတွေ စားမလောက်တော့) အပိုဝင်ငွေ ရှာရတာပေါ့ ဒါဟာဒီဘဝမှာ ရာဇဝတ်မှုဖြစ်သလို သံသရာမှာငါးပါးသီလမလုံတဲ့ အကုသိုလ်အကျိုးကို ခံစားရမှာဘဲ။ သမိုင်းတခေတ်ရဲ့ ရေစီးကြောင်းဟာ အပါယ်ငရဲကို တွန်းပို့နေသလို ဖြစ်နေတယ်။ အောက်ခြေ ဝန်ထမ်းတွေဟာ သနားစရာပါ။

အပြစ်ကို အရေးယူတာထက် အပြစ်လုပ်ရခြင်း အကြောင်းကို ရှာရမှာပါ။ ကျနော်ကတော့ နှစ်မျိုးတွေးပါတယ် (၁) အချက်က လောက်ငအောင် လစာတိုးပေးပါ၊ (၂) အချက်ကတော့ ဝန်ထမ်းတွေကို ဝိပဿနာနှင့် စိတ်ဓါတ်ပြောင်းပေးစေလိုတာပါ ရေရှည်စီမံကိန်းပါ ကျောင်းတွေ မှာလဲ ဘာသာရေး အသိတွေပို့ချပါ။ (TVမှာလဲ စာရိတ္တအသိတွေတိုးလာအောင် အစီအစဉ်တွေ လုပ်ပေးရမယ်။ ယခုတော့ တစ်နေ့တစ်နေ့ ခုန်ပေါက်အော်ဟစ်နေတဲ့ အလှပြမယ်တွေဘဲ တွေ့နေရတယ် ဘယ်မှာလဲလူငယ်ပြုပြင်ရေးတွေ) ဒါတွေလုပ်ပေးရပါမယ်။ အိန္ဒိယမှာ ထောင်ထဲက လူတွေ၊ ဝန်ထမ်းတွေကို ဝိပဿနာတရားစခန်းတွေ ဖွင့်ပေးလို့ အကျိုးထူးလာတာ စိတ်ပြောင်း လာတာတွေ တွေ့နေရပါပြီ အပြည့်အစုံဖော်ပြထားပါတယ်။ သက်ဆိုင်ရာအာဏာရှိသူတွေ ပိုပြီး နားလည်ကြမှာပါ ပြောင်းလဲသင့်ပါပြီ၊ မြန်မာပြည်ဝန်ထမ်းတွေအတွက် ဒယ်အိုးတစ်အိုး မပေါ်စေချင်လို့ ရေးသားခဲ့တာပါ- ဝိပဿနာမှာလဲ (နေစဉ်တရား) နေ့စဉ်ကို မဆိုလိုပါ- သွားရင်းလာရင်း စားရင်းသောက်ရင်း အားထုတ်လို့ရပါတယ်။

## နည်းမှန်ဆွမ်းသွပ်နည်း

ယနေ့သေတဲ့လူတွေအတွက် သပိတ်သွတ်ကြပါတယ် နည်းမမှန်တာတွေတွေ့ နေရပါတယ် ကျနော်၏ အမေ (၂၀၁၁ဒီဇင်ဘာ၁၀ရက်)နေ့မှာ ကွယ်လွန်တော့ သပိတ်သွပ်ရတယ် ကျနော်၏ အတွေ့အကြုံရ နည်းမှန် လမ်းမှန် ဆောင်ရွက် ခဲ့ပါတယ်။ အကယ်၍များ မကျွတ်လွတ် ခဲ့ရင်ဆိုပြီး သပိတ်သွပ်တာပါ။ ပြိတ္တာ မဖြစ်ဘဲ တခြားဘဝ ရောက်သွားရင်တော့ လှူတဲ့လူတွေကုသိုလ် ဖြစ်ပါတယ်။ ဒီအကြောင်း အသေးစိတ်ကို အတွေ့အကြုံများအရ ရေးသားဖော်ပြထားပါတယ်။

## ကြောင်ကိုဘယ်သူကြိုးချည်ထားခဲ့သလဲ

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတွေဟာ ရှေးရိုးအစဉ်အလာတွေ အပေါ်မှာ ရှေးလူကြီးတွေ ဩဇာရှိတဲ့လူက ပြောဆိုညွှန်ပြရင် မှန်တယ် မှားတယ် လုံးဝ မသုံးသပ်ဘူး လက်ခံလိုက်တာပဲ၊

ခလေ့ထုံးစံဖြစ်ပြီး ဘယ်သူကမှ မပြင်ရဲဘူး မှားနေရင် ပြင်ဖို့လဲ မစဉ်းစားဘူး ရှေးခေတ်ပုဏ္ဏားတွေရဲ့ အယူအဆကော လူကြီးဆိုသူတွေရဲ့ မှာကြားချက်တွေကော မှားမှားမှန်မှန် လိုက်နာနေကြတာ ဘာသာရေးမှာ မဖြစ်သင့်ပါဘူး။ မှားရင်ပြောင်းလဲပါ။ အကြောင်းစုံ ရေးသားဖော်ပြထားပါတယ်။

## သံဃဒိသေသ်အာပတ်

ရဟန်းတော်များတွင် ပါရာဇိက အာပတ်ပြီးလျှင် ဒုတိယ အပြင်းထန်ဆုံးသော အာပတ်ဖြစ်သည်။ ဒေသနာကြား (အာပတ်ဖြေ)ရတာ ခက်ခဲပါတယ်။ သံဃာများစွာပါဝင်ရတဲ့အတွက် မလွယ်ပါဘူး (ဒုလ္လပတ်တွေအတွက် ပိုဆိုးတာပေါ့) ဒီအတွက်လူတွေလဲသိရအောင် ရေးသား ဖော်ပြတာပါ။

ဤတရားစာအုပ်များ ဖတ်ကြားပြီး နာလည်သဘောပေါက်ပြီးသား ပုဂ္ဂိုလ်များ အတွက် မဟုတ်သော်လည်း မသိနားမလည်၍ဖြစ်စေ၊ မှန်တယ်လို့ယူဆ၍ဖြစ်စေ၊ တရားနဲ့မညီ ဆောင်ရွက်မှုများကို အချိန်မှီပြုပြင်ရန်အတွက် ရည်ရွယ်ရေးသားပါသည်။

မှတ်ချက် . . . အလှူတကာတို့တွင် တရားအလှူသာအမြတ်ဆုံးဖြစ်သဖြင့် မိမိတို့အစီအစဉ်ဖြင့် ဝယ်ယူလှူသောသူများအားလည်း သာဓုခေါ်အပ်ပါသည်။ အလှူဒါနပြုသော ငွေများကိုလည်း၊ စာအုပ်များ ဝယ်ယူပြီး အသစ်တဖန် တိုးလာသော အလှူရှင်များ၊ ရဟန်းသံဃာများ၊ ရိပ်သာများ၊ ပြည်တွင်းအနှံ့ နိုင်ငံခြားများအထိ ပေးပို့လှူဒါန်းသဖြင့် မိမိတို့၏တရားအလှူသည် နေရာဌာန အသီးသီးသို့ ရောက်သဖြင့် သာဓုခေါ်နိုင်ကြပါစေ။

ကျနော်တစ်ဦးတည်း ဒီလောက်ထိ ပေးလှူရန် မတတ်နိုင်သဖြင့် ကျနော့် ကိုယ်စား ကုသိုလ်ပူးတွဲ တာဝန်ယူသော ဘဝအဆက်ဆက်က ဆွေမျိုးများကို ကျေးဇူးတင်ရှိမှုမက ကျေးဇူးဆပ်ခြင်းဖြင့် ဤစာအုပ်ကို ရေးသားထုတ်ဝေပါသည်။

(စာအုပ်ဆိုင်တွင် တင်ပြီးရောင်းချခြင်း လုံးဝမပြုပါ။)

(မြင့်ရွှေ)<br>
စာရေးသူ<br>
၇/တကန(နိုင်) ၀၀၉၅၀၆<br>
၉၀၉ ရွှေဂုဏ်သူအိမ်ရာ<br>
အောက်ကြည့်မြင်တိုင်လမ်း၊ကြည့်မြင်တိုင်။<br>
၀၉-၅၃၅၁၄၁၀

"ကျေးဇူးတင်လွှာ"

ဤစာအုပ်ရေးသားနိုင်ရန် ခွန်အားပေးသော အနန္တဂိုဏ်းဝင် မိဘဆရာသမားများ၊ ကျေးဇူးတော်ရှင် အရှင်အာဒိစ္စရံသိ(စာရေးဆရာဆန်းလွင်)အားလည်းကောင်း၊ တက္ကသိုလ်ပညာများ သင်ကြားပေးခဲ့သော အစ်ကိုဦးမြဦးနှင့်ဇနီးဒေါ်တင်တင်မြတို့အားလည်းကောင်း၊ ပညာသင်ကြားပေးခဲ့ပြီး ဆုံးမသွန်သင်ခဲ့သော ဆရာ၊ ဆရာမများအားလည်းကောင်း၊ ဘာသာရေးအသိပညာပေးသော ရဟန်းပညာရှိ လူပညာရှိများအားလည်းကောင်း၊ အားပေးကူညီသော ဇနီးနှင့်သားသမီးတို့အား လည်းကောင်း စာအုပ်များဖြစ်ပေါ်ရေးအတွက် ကူညီကြသောမိတ်ဆွေများ၊ တပည့်များအားလည်းကောင်း၊ ဘုရားဟောတရားဓမ္မတို့သည် အဆင့်ဆင့်သော လက်ဆင့်ကမ်းရသည် ဖြစ်သဖြင့်၊ ပိဋကတ်သုံးပုံ ဘာသာပြန်သူနှင့် ဓမ္မကျမ်းများ ရေးသားသော ရဟန်းပညာရှိလူပညာရှိများအား ရိုသေကန်တော့ပန်းဆင် ကျေးဇူးတင်ပါသည်။

ယနေ့မြန်မာပြည်အနှံ့နှင့် နိုင်ငံခြားတိုင်းပြည်များအထိစာအုပ်များ ပြန့်ပွားနေသည်မှာ ကျနော်တယောက်တည်းစွမ်းဆောင်နိုင်ခြင်း မဟုတ်ပါ။ မိမိတို့ အစီအစဉ်ဖြင့် မိမိတို့ ဖြန့်ဝေနေသည့်အတွက်သော်လည်းကောင်း၊ လှူ ပုဂ္ဂိုလ် မရွေး ဖြန့်ဝေနေနိုင်ရန် အလှူငွေများ ပေးပို့လှူဒါန်းကြခြင်းကြောင့်သာ ဖြစ်ပါသည်။ တရားကို တရားက စောင့်ရှောက်ခြင်းပါ။

၁။ စာအုပ်များရေးသားရာတွင် အဖက်ဖက်မှ ကူညီအားပေးကြသောတပည့်များ ဖြစ်ကြသည့် ကောက်ရိုးနွယ်ကုမ္ပဏီမှ ဦးခင်မောင်သန်း၊ ဦးဝင်းကို၊ ဦးတင်မောင်မောင်၊ ဦးဇော်ဝင်း၊ ဦးဝင်းသက်ခိုင်(ဝင်းမိသားစု-အော့ဖ်ဆက်)တို့အား လည်းကောင်း။

အမှတ်စဉ်(၁၄) ဖြစ်မြောက်ရေးအတွက် လက်ရေးမူမှ ကွန်ပြူတာဖြင့် ပြန်လည်စီစဉ်ပေးသော **Commerce Expertise Training** စာရင်းကိုင်သင်တန်းကျောင်း မြေနီကုန်း) မှ ဝန်ထမ်းများ အားလည်းကောင်း။

၂။ စာအုပ်များ အိမ်တိုင်ရာရောက် ပို့ပေးသော ပေါင်းတည်မှ ဦးဝင်းတင်၊ ဦးထွန်းညိုတို့အား လည်းကောင်း။

၃။ ဈေးနှုန်းအထူးချိုသာစွာဖြင့် ရိုက်နှိပ်ပေးသော စိန်ရတနာ မိတ္တူအား လည်းကောင်း။

၄။ မိမိအား စာများရေးသားရန် အားပေးသော ရခိုင်ပြည်နယ် သံတွဲမှ ဆရာတော် အရှင်ကောသလ၊ ဥက္ကံမြို့မှ ဆရာတော် ဦးသတ္တမဝံသ၊ ကချင်ပြည်နယ် ဟားခါးမှ ဆရာတော် ဦးအိန္ဒြောဘာသ (တောင်တန်းသာသနာပြု)၊ မန္တလေးတိုင်း၊မန္တလေးမှ ဆရာတော် ဦးသုစိတ္တအားလည်းကောင်း အထူးကျေးဇူးတင် ဦးထိပ်ပန်ဆင်ပါသည်။ (ကျနော်သည် ဆရာတော်တပါးကိုမှ မဖူးတွေ့ဘူးပါ။ ဆရာတော်များ အမိန့်တော်အတိုင်း ဆောင်ရွက်ပါမည်။)

၅။ မိမိတို့ အစီအစဉ်ဖြင့် မိတ္ထီလာကူးဒါန ပြုကြသော (သိရသလောက်သာ) အစုံ (၈၀၀) အုပ်ရေ (၁၀၄၀၀) လှူဒါန်းကြသော မောင်နှမတစ်စုဖြစ်သော ဦးသီဟအောင်+ဒေါ်နန်းစောထွေးမိသားစု၊ ဦးစိုင်းစိုးဝင်း+ဒေါ်နှင်းနှင်းအေးမိသားစု၊ ဦးစိန်ဝင်း+ဒေါ်ခင်ဝင်းကြည်မိသားစု၊ ဦးစိုးမြင့်+ဒေါ်ဖြူဖြူမြင့်မိသားစုအားလည်းကောင်း၊ အုပ်ရေ(၇၀၀၀)ခန့် ပေးလှူသော ဦးလှသောင်း၊ ဒေါ်ယဉ်ယဉ်မျိုးတို့အားလည်းကောင်း၊ အုပ်ရေ(၅၀၀မှ၅၀၀၀)အတွင်းပေးလှူကြသော ဦးအေးမြင့် (ရန်ကုန်)၊ ဦးသာအေး (ကျိုက်ထီးရိုး)၊ ထားဝယ်မှ ရေလုပ်သားများ၊ ဦးဝင်းကြည်၊ ဒေါ်နီလာသူ (မော်ကျွန်း)၊ ဒေါ်ခင်ခင်ညိုဝင်း (မော်ကျွန်း)၊ ဒေါ်စောယုမွန်(ယုမွန်အလှပြင်ဆိုင် မင်းမနိုင်)၊ ဦးလှသိန်း (M.P.P.E)ရွှေတောင်၊ ဦးသောင်းရွှေ (ပေါင်းတည်)၊ ဒေါ်ကြည်ကြည်ခိုင် (Central Hotel)၊ ရန်ကုန်ရိုးမဘဏ်ဝန်ထမ်းများ၊ ထွန်းဖောင်ဒေးရှင်းဘဏ်ဝန်ထမ်းများ၊ ဦးကြိုင်အေး (ပေါက်ခေါင်းအသင်း)၊ ဒေါ်သိန်းအေးနှင့်အဖွဲ့(လားရှိုး)၊ မအေးချမ်းမြေ့(လှိုင်)။

၆။ ချင်းပြည်နယ်နှင့် ဆင်ဖြူကျွန်းတို့တွင် သာသနာပြုရန်အတွက် စာအုပ်များလှူဒါန်းသော ဒေါက်တာခင်မောင်ကြည်(ဆေးရုံအုပ်ကြီးမတူပီ)၊ ဒေါ်သန်းသန်းဌေး(ဆင်ဖြူကျွန်း)အားလည်းကောင်း၊ ဒေါ်စန်းစန်းမြင့် သိရိမာလာလမ်း (ပခုက္ကူ)၊ မသင်းသင်းထွေး (မိတ္ထီလာ)၊ မနှင်းနွယ်အေး (အထည်ဆိုင် ညောင်လေးပင်)၊ ဦးခင်မောင်ဝင်း (ရွှေကျက်ကော်-ပြည်)၊ ဒေါ်အေးအေးသန်း (အောင်ဇော်ဦး ဆေးခန်း - ပြည်)၊ ဒေါ်မြမြအေး ကသာစာတိုက်။

၇။ ဦးဌေးဝင်း(လ/ထ အင်ဂျင်နီယာ မန္တလေး)၊ ဒေါ်ချိုချို (June group gasဆိုင် အင်းစိန်လမ်း)၊ နေပြည်တော်မှ တောရကျောင်းဆရာတော်အားလည်းကောင်း၊ ပေါင်းတည်ဘုရားကြီးဝင်းအတွင်းမှ သံဃာတော်များ၊ နေပြည်တော်သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ထမ်းများအားလည်းကောင်း။

၈။ မနေဇင်လှိုင်(မူမူအလှပြင်ဆိုင် မင်းမနိုင်)၊ မအိအိခိုင် (အဆင့်မြင့် ကျိုက္ကဆံအိမ်ယာတာမွေ)၊ ဆရာမကြီးဒေါ်မာမာခင် (ပြည်)၊ ဆရာမကြီးဒေါ်မြင့်ကြည်(မြို့သစ်၊ တောင်ငူ)၊ မမင်းမင်း (ပြင်ဦးလွင်)၊ မသီတာနွယ်ဦး(မင်းမနိုင်)။

၉။ ဇင်ဖြိုးညိမ်း(ပဲရောင်းဝယ်ရေး ကျောက်တံခါး)၊ ဒေါ်မြင့်မြင့်လှိုင် (ဆက်သွယ်ရေးကျောင်းတော်ရာ)၊ နန်းခင်ဖြူ(ကွမ်ဟိန်းမြို့၊ရှမ်းပြည် တောင်ပိုင်း)။

၁၀။ ဦးကျော်မြင့် + ဒေါ်ကြင်ကြင် မိသားစု (မြစ်သားမြို့)၊ ဦးစိန်မောင် (တောင်ငူ၊ ရန်ကုန်)၊ ဦးရန်မျိုးနိုင် (တောင်ငူ၊ ရန်ကုန်)၊ အခြား အမည်မသိသော စာအုပ်အလှူရှင်များအားလည်းကောင်း အထူးကျေးဇူး တင်ရှိပါသည်။

၁၁။ အလှူငွေများ ပေးပို့သူများအားလည်းကောင်း အထူးကျေးဇူးတင် ရှိပါသည်။ အလှူငွေများကို အစုံလိုက် စာအုပ်များ ဝယ်ယူပြီး ပြည်တွင်း၊ နိုင်ငံခြားသို့ ပေးပို့ပါသည်။

<u>ဝန်ချတောင်းပန်ခြင်းနှင့် ခွင့်လွှတ်ခြင်း</u>

ကျနော်သည် သံသရာ အဆက်ဆက်မှ ယခုဘဝ၊ ယနေ့အထိ သိလျက်နှင့်ဖြစ်စေ၊ မသိမိုက်မဲတွေဝေ၍ဖြစ်စေ၊ ကံသုံးပါး ပြစ်မှားခဲ့မိသော ခင်ပွန်းကြီး ဆယ်ပါးကို လည်းကောင်း၊ ယခုဘဝတွင်ကြုံတွေ့ခဲ့ရသော ကျေးဇူးရှင်မိတ်ဆွေ အပေါင်းအသင်းများ၊ လုပ်ဖော်ကိုင်ဖက်များကို ဖြစ်စေ၊ စာဖတ်သူများအားဖြစ်စေ၊ တပည့်များအားဖြစ်စေ၊ ပြစ်မှားမိခဲ့သည်ရှိသော် ခွင့်လွှတ်ပါရန် အနူးအညွတ် တောင်းပန်အပ်ပါသည်။ အထက်ပါ ပုဂ္ဂိုလ်များကလည်း ကျနော့်အား အပြစ်တစုံတရာဖြင့် ပြစ်မှားခဲ့ပါလျှင် ကျနော်မှလုံးဝခွင့်လွှတ် ကျေအေးပါသည်။

ကျနော့်အပေါ် စာဖတ်သူများက သံသရာအဆက်ဆက်မှ ဝဋ်ကြွေးများ တင်ရှိခဲ့ပါလျှင် ကျနော်မှ တရားဓမ္မဖြင့် ပြန်လည်ပေးဆပ်အပ်ပါသည်။ ကျေးဇူးဆပ်အပ်ပါသည်။ အားလုံးမှ ကျေနပ်ခွင့်လွှတ် ဝဋ်ကြွေးများ ကျေကြပါစေလို့ ဆန္ဒပြုလိုက်ပါသည်။

မြင့်ရွှေ (ပေါင်းတည်)

<u>"ကျမ်းကိုးစာရင်း"</u>

သာသနာရေးဝန်ကြီးဌာန၏ ဗုဒ္ဓဘာသာကောင်းတယောက်
ဆရာကြီးဦးကျော်ထွတ်၏ အဘိဓမ္မာကျမ်းများ
ဖျာပုံတိုက်သစ် ဆရာတော်၏ကျမ်းများ
ညောင်လေးပင်တောရ ဆရာတော်၏ ဝိနည်း ငါးကျမ်းအရသာ
ဘုရားဥပဒေတော်ကြီး အရှင်ဇနကာဘိဝံသ
ဆရာတော်အရှင်ဇနကာဘိဝံသ၏ ကျမ်းများ
မဟာစည်ဆရာတော်ဘုရားကြီး၏ ကျမ်းများ
သပိတ်အိုင်ဆရာတော်ဘုရားကြီး၏ ဓါတ်ကမ္မဌာန်းကျမ်း
ဝိပဿနာပါရဂူဆရာကြီး၏ ကျမ်းများ
မောင်အံ့၏ ၂၅၀၀ ခရီး
ဓမ္မာစရိယ ဦးဌေးလှိုင်ရေးသားသော ကျမ်းများ
မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဟောပြောသော တရားများ
ဇေယျာမောင်ဦးကိုလေး၏ ဆရာကြီးဦးဘခင်၏ ထေရုပတ္တိ
ဓမ္မပါလကျမ်းများ

- ဆရာတော်ဦးဇောတိက၏ ကျမ်းစာများ
- မြောက်ဦးဆရာတော်အရှင် ဝါယာမိန္ဒ၏ တရားများ
- ဆရာတော်အရှင် ပုညနန္ဒ၏ တရားတော်များ
- ပါမောက္ခချုပ်ဆရာတော်၏ တရားတော်များ
- အရှင်ဇာနေယျ၏ တရားတော်များ
- ရွှေပြည်သာဆရာတော်၏ သင်လူတစ်ယောက်ဖြစ်ပြီလား

## မာတိကာ


| | | |
|---|---|---|
| | | စာမျက်နှာ |
| (၁) | ဝိပဿနာနှင့် လာဘ်ပေးလာဘ်ယူ | |
| (က) | မြန်မာပြည်တွင် သူခိုးမရှိ | ၈ |
| (ခ) | အဘိဓမ္မာနှင့် လာဘ်ပေးလာဘ်ယူ | ၁၃ |
| (ဂ) | သူကြီးနှင့် သရက်ပင်ပေါ်ကလူ | ၁၆ |
| (ဃ) | ဆင်းရဲလို့ လာဘ်စားတာ မဟုတ်သူများ | ၂၁ |
| (င) | အရေးယူတဲ့နည်းထက် ကောင်းတာရှာပါ | ၂၂ |
| (စ) | လာဘ်ပေးလာဘ်ယူ လုံးဝ မပြုလုပ်ခဲ့သူ | ၂၄ |
| (ဆ) | ဝိပဿနာကြောင့် လူကောင်းဖြစ်သွားသောလူဆိုးကြီး ဖြစ်ရပ်မှန် | ၂၇ |
| (ဇ) | ဝန်ထမ်းနှင့် အကျဉ်းသားများအတွက် ဝိပဿနာ | ၃၄ |
| (ဈ) | အခွင့်ကောင်းနှင့် အဘိုးတန်တရား | ၃၈ |
| (ည) | ဘယ်အချိန် စပြီးအားထုတ်ရမှာလဲ (နေ့စဉ်တရား) | ၄၁ |
| (၂) | နည်းမှန်လမ်းမှန် သပိတ်သွတ်နည်း | ၅၁ |
| (၃) | ကြောင်ကို ဘယ်သူကြိုးချည်သနည်း | ၆၅ |
| (၄) | ရဟန္တာ သွားဖူးကြမလား | ၇၄ |
| (၅) | သံဃဒိသေသအကြောင်း (ဝိနည်း) | ၈၄ |
| (၆) | ဆွမ်းကပ်တာ စားပွဲခုံကြီး မ ကြတုန်းပဲလား | ၉၅ |

# ဝိပဿနာနှင့် လာဘ်ပေးလာဘ်ယူ

## မြန်မာပြည်တွင် သူခိုးမရှိ

ဒီစကားဟာလွန်များ နေသလားတောင်ထင်ရပါတယ်။ ဖြစ်ရပ်မှန်တစ်ခုပါ။ ယခုခေတ်မှာ မွေးဖွားခဲ့သူများ လှောင်ပြောင်ရယ်မောကြပါလိမ့်မည်။ အဘိုး၊ အဘွားတို့ ခေတ်လောက်ကပင် အိမ်တွေတံခါး ဖွင့်အိပ်နိုင်ကြသည်။ ယခုတော့ --

ဘာသာခြားတစ်ယောက်ရဲ့ ဖြစ်ရပ်မှန်ပြောစကား နားထောင်ကြည့်ပါ။ အိန္ဒိယနိုင်ငံသား ဟိန္ဒူဘာသာဝင် ဘဆေဆ်လာလ်ဂိုး(၁၈၅၉-၁၉၃၂)မှာ ဗုဒ္ဓဘာသာဝိပဿနာတရားများကိုကမ္ဘာသို့ ဖြန့်ဝေနေသည့် ဆရာကြီးဦးဂိုအင်ကာ၏ အဘိုးတော်သူပင် ဖြစ်သည်။

သူသည် အရောင်းအဝယ် လုပ်ငန်းဖြင့် ကမ္ဘာအနှံ့ရောက်ခဲ့ဖူးသည်။ တကယ်တော့ သူသည် မန္တလေးရတနာပုံနေပြည်တော်တွင် အခြေချနေထိုင်ခဲ့သည်။ ထိုအချိန်က အထက် မြန်မာပြည်သည် မြန်မာဘုရင် အုပ်ချုပ် လျှက်ရှိသည်။ အဲဒီအချိန်က သူခိုးဆိုတာ၊ လူလိမ်ဆိုတာ မရှိဘူး။ ပြောနိုင် လောက်အောင်ပင် မြန်မာမပွေ စာရိတ္တဖောင်းကောင်း လျှက်ရှိသည်။ (ယခုခေတ်နှင့် နှိုင်းယှဉ် မကြည့်ပါနှင့်)

သူသည် ကုန်သည်ကြီးတစ်ဦးဖြစ်သဖြင့် အထက်မြန်မာပြည်အနှံ့သွားလာ ရောင်းဝယ် ရသည်။ သူ၏ ကုန်စည်များကို မြင်းများစွာဖြင့် တင်ဆောင်သွားလာကြရသည်။ အရောင်းအဝယ် ကောင်းသဖြင့် ငွေဒင်္ဂါးများစွာရခဲ့သည်။

အဲဒီခေတ်တွင် ဇရပ်များကို လမ်းဆုံ၊ လမ်းခွများတွင် ခရီးသွားများ နားနေ အိပ်စက်ရာ အဖြစ် အသုံးပြုကြသည်။ အချို့ဇရပ်များတွင် ခရီးသွားများ စားသောက်ဖို့အတွက် ဆန်၊ ဆီ၊ ဆား၊ အိုးခွက်၊ ပန်းကန်များ လှူထားကြသည်။ မီးရထား၊ မော်တော်ကား ခေတ် မဟုတ်သဖြင့် နွားလှည်းများ၊ မြင်းများနှင့် သွားလာရသဖြင့် ထိုဇရပ် များသည် ခရီးသွားများ အတွက် အတော်ပင် အဆင်ပြေလှသည်။

ဘဆေဆ်လာဂျီတို့ အဖွဲ့သည်လည်း ဇရပ်တစ်ခုတွင် တည်းခိုညအိပ်လိုက်ကြသည်။ ငွေဒင်္ဂါးအိတ်ကြီးကိုလည်း မနက်ကျရင် မမေ့နိုင်အောင်ဆိုပြီး အိပ်ယာဘေးတွင် ထား၍အိပ်သည်။ နံနက်စောစော အိပ်ယာမှထကာ စားသောက်ပြီး ခရီးဆက်ကြသည်။ တော်တော်လေး ခရီးရောက်မှပင် ထိုပုဂ္ဂိုလ်မှာ ငွေအိတ်ကြီး ကျန်ရစ်ခဲ့မှန်း သိတော့သည်။ ပြန်ယူရန် တပည့်များ ကို စေခိုင်းရာ တပည့်များက ဆရာကြီး ခင်ဗျား သိပ်စိတ် မပူပါနဲ့၊ အပြန်ခရီးကျ မှ ဝင်ယူပါရန်

ပြောရာ ဆရာကြီးက ဘယ်ဖြစ်မလဲ သူများခိုးသွားမှာပေါ့တဲ့။ တပည့်တွေကလဲ ဗမာပြည်မှာ သူခိုးမရှိပါဘူး၊ မစိုးရိမ်ပါနဲ့ ပြန်ရမှာပါဟု ပြောလွန်းမက ပြောလွန်းသဖြင့် ပြန်ယူရန် လက်လျှော့လိုက်ပြီး ခရီးဆက်ထွက်ခဲ့တော့သည်။

၃/၄ ရက်အတွင်း ကုန်ပစ္စည်းများ အားလုံးရောင်းချပြီး လာလမ်းအတိုင်းပြန်ခဲ့သည်။ ဇရပ်ပေါ်တွင် ငွေဒင်္ဂါးအိတ်ကြီးမှာ လက်ရာမပျက် အထုပ်လိုက်ရှိနေသဖြင့် တအံ့တသြ ဖြစ်ခဲ့ပြီး ငွေများကိုရေတွက်ရာတွင်လည်း မပျောက်မပျက် အားလုံးအပြည့်အဝရှိနေသည်။

နေရပ်ကို ပြန်ရောက်တော့ သူ့မိသားစုတွေကို ပြန်ပြောသည်မှာ ငါတို့ ဗမာပြည်မှာ နေရတာ အင်မတန် ကုသိုလ်ကောင်းလို့ ကမ္ဘာမှာ သူခိုးမရှိတဲ့ နိုင်ငံဆိုလို့ ဗမာနိုင်ငံ တစ်ခုဘဲရှိတယ် လို့ပြောခဲ့ပါသည်။ (ဩော် ဟိုတုန်းက ဗမာပြည်ကြီး အတွက် ဂုဏ်ယူလိုက် ကြရအောင် - ယခုတော့ - ဆက်မရေးချင် တော့ပါ။)

## <u>လာဘ်ပေးလာဘ်ယူဆိုတာ ခိုးမှုလား</u>

ဒီနေရာမှာ လာဘ်စားတယ်ဆိုတာ အဒိန္နဒါနဆိုတဲ့ ခိုးမှု(၂၅)ပါးထဲမှာ ထေယျာဝဟာရ ပဥ္စက ပိုင်ရှင်မပေးသောဘဏ္ဍာကို အောက်ပါနည်းငါးမျိုးဖြင့် ခိုးယူခြင်းသည် ခိုးမှုကိုကျူးလွန်၏။ အပယ်ကျရာလမ်းတည်း။

-- "ပသယှာဝဟာရ" ---- နိုင်ထက်စီးနင်းပြု၍ယူခြင်း၊ ဓါးပြပုန်ကန်၍ယူခြင်း၊ မင်းစိုးရာဇာဝန်ထမ်းတို့သည် ရသင့်သော အခွင့်အာဏာကိုပြ၍ ပိုမိုကောက်ခံခြင်း၊ ဝန်ထမ်း များသည် တောင်းသလောက်ပေးမှ စာရွက်စာတမ်းကို လက်မှတ်ရေးထိုးခြင်း(လာဘ်ယူခြင်း)၊ လာဘ်ငွေရပြီးမှ အခွင့်အရေးပေးခြင်း၊ မိမိအာဏာ အလွဲသုံးစားပြုပြီးမှ ရာထူးအပြောင်းအရွှေ့ ရာထူးတိုးခြင်း၊ လက်မှတ်ရေးထိုးပေးခြင်းစသည်တို့သည် ခိုးမှုကို ကျူးလွန်ရာရောက်ပါသည်။ (အခြားနည်းများကို ချန်ထားခဲ့ပါမည်။)

ရာထူးငယ်သူက နည်းနည်းစားခြင်း၊ ကြီးသူက ကြီးကြီးစားခြင်း၊ အကြီးဆုံးတွေက သိန်းရာချီစားခြင်း၊ ကားအစီးလိုက်၊ တိုက်ကြီးတစ်တိုက်လောက် ကန်တော့သည်ဟု ပြော၍ လက်ခံခြင်း (အားလုံးဟာ ခိုးမှုဖြစ်ပါတယ်)

အခြားနည်းများလည်း ရှိပါသေးတယ်။ ကိုယ်တိုင်ကျူးလွန်ခြင်း၊ သူတစ်ပါးအား (ပွဲစားထား၍) တောင်းယူခြင်း၊ ရထားလက်မှတ် မှောင်ခိုခြင်း စတဲ့ အချက်တွေဟာ အကုသိုလ်ပြုမှုတွေပါ။ (ဝန်ထမ်းတော်တော်များများဟာ အကုသိုလ်လို့ မထင်တော့ဘဲ လုပ်ရိုးလုပ်စဉ်ဆိုပြီး မိုးခါးရေသောက်နေ ကြတာပါ။ ဘာလို့ဘဲထင်ထင် အပယ်တံခါး ကတော့

ပွင့်နေမှာဘဲ) စာရိတ္တကို တန်ဖိုးထားသူတွေကတော့ မရရင်နေပါစေဆိုပြီး တင်းခံနေကြသူတွေပါ။ တခြားလူတွေက စာအုပ်ကြီးသမားတွေပါကွာ၊ တုံးအေတွေပါကွာလို့တောင် အပြောခံရမှာ။

ဒီနေရာမှာရေးချင်တာက အရှက်၊ အကြောက်တရားနှစ်ပါး အကြောင်းပါဘဲ၊ အရှက်၊ အကြောက်ဆိုတာက မကောင်းမှုကို ပြုလုပ်ရမှာရှက်ခြင်း၊ မကောင်းမှု ပြုလုပ်ရမှာကို ကြောက်ခြင်း ဆိုတဲ့ လောကကြီးကို ထိမ်းကြောင်းထားတဲ့ တရားနှစ်ပါးဖြစ်ပါတယ်။ အရှက်၊ အကြောက် တရားနှစ်ပါး သာမရှိတော့ရင် ဒီလောကကြီးဟာလဲ ကြည့်မကောင်းတော့ပါဘူး။ ပြီးတော့ ဘဝဆက်တိုင်း သံသရာ တစ်ခုလုံးမှာ ခံသွားရဦးမှာ၊ အပါယ်ကို သွားရမှာ၊ အရှက်အကြောက် မရှိရင် သူများအသက် သတ်ရမှာလဲ ဝန်မလေးဘူး၊ ခိုးရမှာလဲ ဝန်မလေးဘူး၊ အရက် သောက်ရမှာလဲ ဝန်မလေးဘူး၊ သူများ လင်/မယား ပြစ်မှားရမှာလဲ ဝန်မလေးဘူး၊ လိမ်ပြောရမှာလဲ ဝန်မလေးဘူး၊ ဒုစရိုက်(၁၀)ပါးလုံး မလုပ်ရဲစရာ မရှိတော့ဘူး။

အားလုံးကိုရေးပြရရင်တော့ စာအုပ်အထူကြီး တစ်အုပ်ဖြစ်မှာပါ။ အဲဒီထဲက ခိုးမှု ကျူးလွန်တဲ့ အချက်ကိုရေးပြချင်တာပါ။ ခိုးမှုမှာလဲ (၂၅)မျိုးတောင်ရှိတယ်။ အဲဒီထဲက ယနေ့ခေတ်နဲ့အညီ လူတွေ မရှက်မကြောက် ပြောင်ပြောင်တင်းတင်းကျူးလွန်နေတဲ့ ထမင်းစား ရေသောက် သဘောထား နေတဲ့ လာဘ်ပေးလာဘ်ယူ (ခိုးမှု) အကြောင်း တစ်မျိုးထဲသာ ရေးမှာပါ။ အဲဒီအကြောင်းရေးတဲ့နေရာမှာလဲ ဘာသာရေးရှုထောင့်ကသာ ရေးမှာဖြစ်ပါတယ်။ အပါယ် မကျစေချင်တဲ့သဘောပါ။ လောကီအကြောင်းတရားတွေ(နိုင်ငံရေးကိစ္စ)တွေကို ဥပဒေရေး ကိစ္စတွေရဲ့ ရှုထောင့်က ဝေဖန်ရေးသားမှာမဟုတ်ပါ။ ဆက်နွယ်နေတဲ့ အချက်တွေတော့ ရှိပါတယ်။ ဘာကြောင့်ဒီပြစ်မှုကို ကျူးလွန်ကြတာလဲဆိုရင် - လူသုံးမျိုးသွားတွေ့ပါတယ်။

(၁) စားဝတ်နေရေး မပြည့်စုံလို့ လာဘ်ပေးလာဘ်ယူ (ခိုးမှု) ကျူးလွန်ရတာ။

(၂) ပြည့်ပြည့်စုံစုံနဲ့ ချမ်းသာချင်လို့ ကျူးလွန်ရတာ။

(၃) တဆွေလုံး တမျိုးလုံးစားဖို့ ချမ်းသာဆုံးပုဂ္ဂိုလ်တွေထဲမှာ ပါချင်လို့ကျူးလွန်ရတာ။

ဒီအကြောင်းတွေ ဘာကြောင့်ရေးချင်သလဲဆိုရင် မြန်မာပြည်ကဝန်ထမ်းတွေ ငရဲအိုးမှာ ပြည့်နေမှာ စိုးလို့ပါ။ ဒါကလဲ အကြောင်းမဲ့ပြောတာမဟုတ်ပါ။ (၁၅. ၁၂. ၂၀၁၁)နေ့စွဲပါ ပေါ်ပြူလာ နယူးဂျာနယ်တွင် ဖော်ပြချက်အရ ရေးခြင်းဖြစ်သည်။

၂၀၁၁ ခုနှစ်အတွင်း အဂတိလိုက်စားမှု အမြင့်ဆုံး နိုင်ငံများစာရင်း၌ မြန်မာနိုင်ငံအား အဂတိလိုက်စားမှု အမြင့်မားဆုံးလေးနိုင်ငံအနက် တတိယနေရာ၌ရှိကြောင်း နိုင်ငံတကာ အဂတိ လိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့၏ ဖော်ပြချက်ကို ရေးသားထားပါသည်။

၎င်းတို့သည် နိုင်ငံပေါင်း(၁၈၃)နိုင်ငံအား အမှတ်ပေးစစ်တမ်း ကောက်ယူမှု ပြုလုပ်ရာ အဂတိလိုက်စားမှု အကင်းရှင်းဆုံးနိုင်ငံအဖြစ် နယူးဇီလန်၊ ဒိန်းမတ်၊ ဖင်လန်နိုင်ငံတို့အား ရွေးချယ်ထားပါသည်။ အဂတိလိုက်စားမှုအမြင့်ဆုံးနိုင်ငံအဖြစ် ဆိုမာလီယာနိုင်ငံက ပထမ၊ မြောက်ကိုရီးယားနိုင်ငံက ဒုတိယ၊ မြန်မာနိုင်ငံက တတိယနေရာ၌ ရပ်တည်လျှက်ရှိကြောင်း ဒီဇင်ဘာ(၁)ရက်နေ့တွင် နိုင်ငံတကာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့မှ ထုတ်ပြန်သော အစီရင်ခံစာအရသိရသည်ဟု ဖော်ပြထားရာ အင်မတန်ကြောက်စရာကောင်းပါသည်။ နိုင်ငံရေးကိစ္စမပြောလိုသော်လည်း အပါယ်လမ်းကြောင်းပေါ် ဒို့ဝန်ထမ်းတွေ ပျော်ပျော်ကြီး လျှောက်နေပါလားဆိုပြီး စိတ်မကောင်းဖြစ်ရပါတယ်။ ထေရဝါဒနိုင်ငံမှာ ဒီလိုမဖြစ်သင့်ပါဘူး။

မြန်မာနိုင်ငံသည် မြတ်စွာဘုရားရှင်၏ အဆုံးအမကိုလိုက်နာရမည့် ထေရဝါဒအထွန်းကားဆုံး နိုင်ငံမှာမှ ဒီလိုဖြစ်ရခြင်းအပေါ် စိတ်မကောင်းပါ။ ဘုရားရှင်ကလည်း ဗုဒ္ဓဘာသာအုတ်မြစ်ခိုင်မာဖို့ဟာ ကိုယ်ကျင့်သိက္ခာပေါ်တွင်သာမူတည်ကြောင်း သီလ၊ သမာဓိ၊ ပညာ၊ ပြည့်စုံခြင်းပေါ်သာမူတည်ကြောင်း ဟောပြောဆုံးမခဲ့ပါသည်။

ဒီနေရာမှာ အမှတ်စဉ်(၁)အောက်အဆင့်(လစာနည်း) ဝန်ထမ်းတွေအကြောင်း လေ့လာကြည့်ရအောင်။ မလောက်မငှ၍ အစားအသောက်၊ အနေအထိုင်အတွက် အကုသိုလ်နဲ့ လဲရတာတွေရတယ်။ (စကားလုံးလှလှနဲ့ပြောရရင် အူမမတောင့်၍ သီလမစောင့် ဖြစ်နေကြတယ်လို့ ဆိုရမှာပေါ့။ ဘာသာရေးကတော့ အူမ မတောင့်လဲ သီလစောင့် ရမယ်ပေါ့၊ လောကီရေးအရတော့ ခွင့်လွှတ်ကောင်းပါရဲ့။)

ယခင်ခေတ် လွန်ခဲ့တဲ့နှစ်ပေါင်း(၅၀)လောက်က လာဘ်စားတဲ့အဖြစ်အပျက် (ခိုးမှု) အနည်းအကျဉ်းသာ ရှိကြပါတယ်။ ဘာပြုလို့လဲ၊ လစာနဲ့ လောက်တယ်(အနိမ့်ဆုံးတစ်လ၈၅/-) ဝန်ထမ်းဟာ တစ်မိသားစုလုံး လုံလုံလောက်လောက်စားသောက်နိုင်တယ်။ ကျွန်တော်အထက်တန်းပြဆရာတစ်ယောက်တစ်လ ၂၉၇/၇၅ ရသည်။ (ရွှေစျေးက တစ်ကျပ်သား ၂၀၀၊၂၅၀ ဘဲရှိတာ) ကျွန်တော် တစ်လကို ရွှေ ဒိ. ၅ ဝယ်နိုင်သည့် လစာဖြစ်သည်။ယခုဈေးနှင့် ဘွက်ချွင်(၉သိန်းလောက် ရသည်) စားဝတ်နေရေးအတွက် လာဘ်စားစရာမလိုပါ။ ဆီ ၁ပိဿာ ၃/-၊ ကြက်သား ၁ပိဿာ ၃/-လောက်ရှိတော့ စားရေးစာချီတွေ အားလုံးလောက်သည်။ လာဘ်တောင်းစရာမလို၊ အပယ်သွားစရာမလို။

ဒီနေ့ အောက်ခြေဝန်ထမ်းလစာ ၃၅၀၀၀/-လောက်ဆိုတော့ကာ ဘယ်လိုမှ မလောက်တော့ဘူး။ လာဘ်စားလို့ ဖမ်းမယ်ဆိုရင်လဲ အဖမ်းခံရရုံ ထောင်ကကျွေးရုံပဲ ရှိတော့မှာပေါ့၊ သူတို့ကို ကုန်ဈေးနှုန်းနဲ့အညီ လောက်လောက်ငှ ပေးနိုင်ရင် ဒီလိုဖြစ်စရာမလိုတော့ဘူး။ သူတို့

အကုသိုလ်အလုပ်ကို လုပ်စရာမလိုတော့ဘူး။ ယခုအခါပိုဆိုးတာက အခွန်အခပေါင်းစုံ တက်လာတော့ အောက်ခြေဝန်ထမ်းတွေ ငရဲအိုးထဲကန်ချသလိုဖြစ်မှာပေါ့။ သူတို့အပြစ်တွေ မကျူးလွန်အောင် (က)အလုံအလောက် ပေးခြင်းဖြင့်လည်းကောင်း၊ (ခ)ကုသိုလ်၊ အကုသိုလ် နားလည်အောင် ဟောပြောခြင်းဖြင့်လည်းကောင်း ကုစားလိုက်လျှင် လောကီအနေနဲ့ ကမ္ဘာမှာ နာမည်မပျက်ရရှိမှုမက ဝန်ထမ်းငယ်များ အပယ်တံခါးပိတ်သွားနိုင်ပါတယ်။ ဒါကလဲ လောကုတ္တရာ ကိစ္စအတွက်ပြောရတာပါ။ ဘာသာရေးရှုထောင့်ကတော့ဖြစ်သလိုနေ၊ ဖြစ်သလိုစားပါ။ အကုသိုလ်အမှုပြုရင်တော့ အပယ်တလမ်းသွားပါ။ အူမမတောင့်လဲ သီလစောင့်ကြပါ။

နံပါတ်(၂)နှင့် နံပါတ်(၃)ကတော့ ချမ်းသာဖို့ကို ဦးစားပေးဆောင်ရွက်နေတော့ လောကီ အတွက်ကတော့ မကြာခင် အရေးယူတော့မှာ၊ လောကုတ္တရာအတွက်ကတော့ ရုပ်တန်းက ချပ်ရမှာ၊ ဒါကြောင့် ဒီတဘဝစာအတွင်း မိန်းမ စိန်နားကပ်ကြီးပန်ဖို့၊ ကား ကောင်းကောင်းကြီးစီးဖို့၊ တိုက်ကောင်းကောင်းကြီးမှာနေဖို့အတွက် မိမိတယောက်ထဲက ကြံုးခံလိုက်မယ် ဆိုရင်တော့ သေသေချာချာစဉ်းစားကြပါ။

ဒီလိုအထက်ပိုင်းက လူကြီးတွေကလဲ ဒီလိုရာထူးရခါစကတော့ ငါတိုင်းပြည် ကောင်း အောင် ဘယ်လိုလုပ်လိုက်မယ်။ အမှန်ကန်ဆုံးဖြစ်အောင် ဘယ်လိုလုပ်မယ်ဆိုပြီး တကယ် စိတ်ကောင်း၊ စေတနာကောင်းနဲ့ အစကတော့လုပ်ခဲ့တာပါပဲ၊ ကြာတော့နည်းပေါင်းစုံ၊ ဘက်ပေါင်းစုံ နဲ့ နှံ့ပါများတော့ စာရိတ္တယိုင်လာတော့တာပေါ့။ အိမ်က အိမ်ထောင်ရှင်မတွေရဲ့ ဂုဏ်တုဂုဏ်ပြိုင် စိတ်ဓာတ်တွေနဲ့ နောက်ကတွန်းအားပေးလာတော့ အဝိဇ္ဇာဖုံးလာတယ်။ မကောင်းမှုလို့လဲ မမြင်တော့ဘူး၊ ရှက်ရမှန်း၊ ကြောက်ရမှန်းလည်း မသိတော့ဘူး၊ ကျူးလွန်တော့တာပေါ့။ ပေးတဲ့သူတွေကလည်း ကိုယ့်ကို အထင်သေးတာပဲ။ ဒီလူကြီး ငွေပေးရင် ဘာမဆိုလုပ်မယ်ဆိုတဲ့ လူကြီးပါကွာ။ ကွယ်ရာမှာ အထင်သေးကြတာ ရှေ့မှာသာ အဘ-အဘလုပ်နေကြတာ၊ ဒါတွေ စဉ်းစားမိရင် ရပ်တန်းကရပ်လိုက်ကြတာ အကောင်းဆုံးဘဲ၊ ပြီးတာတွေလဲ ပြီးပါပြီ။ လာဘ်စားခိုင်းတဲ့ မိန်းမက ကိုယ့်ကို တကယ်မချစ်လို့ပါ။ ငါတို့အတွက် လုပ်ပေး၊ ငါတို့ လှလှပပ ခမ်းခမ်းနားနား နေခဲ့မယ်၊ နင် သေရင် တော့ အပယ်ကို နင် တစ်ယောက်တည်းသွား၊ အိမ်နားမှာ ပြိတ္တာဖြစ်ပြီး ငါတို့ရဲ့ ဘဲတွေ၊ နှပ်၊ မစင်တွေကို စားတော့လို့ ပြောတာနဲ့ အတူတူပဲ၊ ဒီလောက် ရေးပြတာတောင် မပြင်ချင်သေးရင်တော့ ပြိတ္တာဖြစ်ချင်လွန်းလို့ဘဲ သဘောထားရတော့မှာပေါ့။ ဒီဘဝမှာလည်း အရေးယူခံရရင်တောင် ထောင်ကျရင်ကျအုံးမှာ (သိတာမြင်တာတွေ သံဝေဂယူပါ။)

## အဘိဓမ္မာနှင့်လာဘ်ပေးလာဘ်ယူ

လာဘ်ပေးလာဘ်ယူဆိုသည်မှာ ခိုးမှုတစ်မျိုးဖြစ်၍ အကုသိုလ်တစ်ခုဖြစ်သည်။ အကုသိုလ်ဖြစ်ရခြင်း အကြောင်းများစွာရှိသည်။ မူလစိတ်တွေဟာ ဒီလိုမကောင်းမှုကို မပြုချင်ပေမဲ့ အကုသိုလ်ပြုတိုင်း ပါဝင်တဲ့စေတသိတ်တွေကြောင့်ဖြစ်တယ်။ စေတသိတ်မှာ ကုသိုလ်စေတသိတ်၊ အကုသိုလ်စေတသိတ်၊ နှစ်ဖက်ရစေတသိတ်ဆိုပြီး သုံးမျိုးရှိတယ်။ စေတသိတ်က (၁၄)ခုရှိတယ်။

### မောဟစေတသိတ်

မောဟစေတသိတ်ပါမှ အကုသိုလ်ဆိုတာလုပ်လို့ရတယ်။ မောဟဆိုတာ ဘာမှမမြင်ရအောင် မှောင်ချပေးတဲ့တရားပဲ။ လူတွေရဲ့စိတ်ဟာ အစတုန်းက သန့်ရှင်းနေတယ်။ စိတ်က မကောင်းတာကို မလုပ်ချင်ဘူး။ အဲဒီ မလုပ်ချင်တဲ့ စိတ်ကို မောဟက မှောင်ချပေးလိုက်တဲ့ အခါမှာ အကုသိုလ်လုပ်ရမှာ မရှက်တော့ဘူး၊ မကြောက်တော့ဘူး။

မောဟဟာ အမှန်ကို မမြင်နိုင်အောင် မှောင်ချပေးတာ မျက်မှန်စိမ်း တပ်ပေးသလိုပဲ၊ မြင်းကို မြက်ကျွေးတဲ့အခါမှာ မြက်ဟာအခြောက်တွေဆိုတော့ မြင်းကမစားချင်ဘူး။ မျက်မှန်စိမ်း တပ်ပေးလိုက်တဲ့အခါကျတော့ မြင်းဟာ အမှန်အတိုင်းမမြင်တော့ဘူး။ မြက်ခြောက်တွေကို မြက်စိမ်းတွေလို့ ထင်ပြီး အားရပါးရ စားတော့တာပါပဲ။

မိန်းကလေးတွေဆိုရင်လဲ မျက်နှာကိုအလှအပခြယ်လှယ်၊ ဆံပင်လေးတွေကိုပြုပြင်၊ ရေမွှေးကလေးတွေ စွပ်ပေးလိုက်တော့ ကြည့်ကောင်း သွားတာပေါ့၊ အမှန်ကဒီလောက်မလှဘူး ဒီလိုမမွှေးဘူး။ မျက်မှန်စိမ်း တပ်ပေးခြင်း ခံလိုက်ရတော့ ကောင်မလေး လှလိုက်တာ၊ မွှေးလိုက်တာတဲ့၊ မျက်မှန်စိမ်း တပ်ပေးထားလို့ပါ။ လူတွေဟာ မျက်မှန်စိမ်း တပ်ပေးတာကို သိပ်သဘောကျ တယ်။ <u>မောဟဆိုတာ မျက်မှန်စိမ်း တပ်ပေးတာပါပဲ။</u>

### အဟိရိက စေတသိတ် (မရှက်မှု)

အကုသိုလ်ပြုရတဲ့ အကြောင်းထဲမှာ အဟိရိကစေတသိတ်လဲပါဝင်တယ်။ အဟိရိကဆိုတာ မရှက်မှုပါပဲ။ စိတ်ဟာဖြူစင်တော့ အကုသိုလ်လုပ်ရမှာ ရှက်နေတယ်။ ရှက်နေတဲ့ စိတ်ကို မောဟက မျက်မှန်စိမ်း တပ်ပေးလိုက်တော့၊ မရှက်အောင်လုပ်ပေးလိုက်တော့ မရှက်တော့ဘူး၊ လုပ်ရဲလာတယ်။ ဒီလိုအကုသိုလ် (ဒုစရိုက်)ဆိုတာလဲ နှစ်မျိုးရှိတယ်။ ကာယဒုစရိုက်နဲ့ ဝစီဒုစရိုက်၊ ကာယဒုစရိုက်ဆိုတာက အဒိန္နာဒါန- သူများပစ္စည်းခိုးတာ၊ (လာဘ်စားတာ)၊ သူများသားမယားပြစ်မှားတာ၊ သူများအသက်သတ်တာ၊ ဒါကိုကာယဒုစရိုက်လို့ အဘိဓမ္မာကခေါ်တယ်။ ဒီအကုသိုလ် ဒုစရိုက်တွေကို ကောင်းတဲ့စိတ်၊ ရိုးရိုးပကတိစိတ် ဆိုတာက မသတ်ချင်ဘူး။ မောဟက မျက်မှန်စိမ်းတပ်ပေးလိုက်တော့ သတ္တဝါဆိုတာ လူချွတ်မှ ကျွတ်တာ၊ ဒီဘဝဟာအလကားပဲ ဒုက္ခရောက်နေတာ

သေသွားရင် ဒီဒုက္ခက ကျွတ်တာပေါ့ဆိုပြီး သတ်ရဲတော့တာပဲ၊အဝိဇ္ဇာကမှောင်ချပေးတာ အဟိရိကကမရှက်တော့ သတ်ဖြစ်တော့တာပေါ့။

လာဘ်ပေးလာဘ်ယူ ကိစ္စကလဲ ဒီလိုဘဲ မူလစိတ်ရင်းက အကောင်း၊ ရှိတာနဲ့ စားမယ်၊ ဝတ်မယ်၊ အကုသိုလ် မလုပ်ချင်ဘူးပေါ့။ မလုပ်ဖြစ်ဘူး။ ဒီလိုနဲ့ သူများတွေလဲ ယူနေတာပဲ၊ ရုံးတိုင်းလဲ ယူနေတာ၊ အထက်လူကြီးတွေကလဲ လိုချင်နေတော့ (ကန်တော့ခံချင်သေးတယ်) သူများတွေ ကားစီး၊ တိုက်တာတွေနဲ့၊ သူတို့ယူနေတော့လဲ ဘာမှမဖြစ်ပါဘူး။ ရှက်စရာလဲ မကောင်းပါဘူး။ အားလုံး လုပ်နေတာ၊ ငါကကော ဘာထူးသေးသလဲ၊ မျက်မှန်စိမ်း အတပ်ခံလိုက်တော့၊နောက်ပြီး ရှက်စရာလဲ ကောင်းတာမှမဟုတ်ဘဲဆိုပြီး လာဘ်ပေးလာဘ်ယူဆိုတဲ့(ခိုးမှု)ကို ကျူးလွန်သွားတော့တာပဲ။

## အနောတ္တပ္ပစေတသိတ် (မကြောက်တာ)

ဒီစေတသိတ်ကလဲ အကုသိုလ်လုပ်ရတဲ့ ထဲမှာပါတယ်။ အဝိဇ္ဇာက မျက်မှန်စိမ်းတပ်ထားတော့ အကုသိုလ်လုပ်ရမှာ မကြောက်တော့ဘူး။ မဟုတ်တာလုပ်ရမှာ မိမိကိုယ်မိမိလဲ မရှက်ကြောက်တတ်တော့ဘူး။ အဲဒီတော့အကုသိုလ်အလုပ်ကို ထမင်းစား ရေသောက်အဖြစ် သဘောထားပြီး ပြောင်ပြောင်တင်းတင်းကျူးလွန်တော့တာပေါ့။

## လာဘ်ပေး လာဘ်ယူ

လာဘ်ပေးတယ်ဆိုတာ နှစ်မျိုးရှိတယ်။ တမျိုးကတော့ သာမန်ပြည်သူတွေဘဲ၊ မြေပုံလေး၊ စာချုပ်ကလေး ဆောင်ရွက်ပေးဖို့ အစိုးရနှုန်းက ၃၀၀-၄၀၀၊ ဒါပေမဲ့ တစ်သောင်းနှစ်သောင်းပေးမှ လုပ်ပေးကြတော့ မပေးချင်ဘဲပေးရတာပါ။ တစ်ယောက်မှ မပေးချင်ကြပါဘူး။ အပိုလာဘ်ပေးတဲ့ ငွေကြောင့် ပေးသူမှာ ပိုပြီးအခွင့်ထူး ခံစားရတာ မဟုတ်ပါဘူး။ စိတ်ဆင်းရဲစွာနဲ့ ပေးကြတာပါ။ မီးရထား လက်မှတ်၊ လေယာဉ်လက်မှတ် ဝယ်တော့ အပိုပေးရတာကလဲ လက်မှတ်မရမှာ စိုးလို့ပေးရတာပါ။ ရထားတွဲပေါ်မှာ စီးမဲ့လူတွေမရှိပေမဲ့ ရယားလက်မှတ်၊ မှောင်ခိုပေးရသေးတာပဲ။ အမြတ်ခွန်မှာ အိမ်စာချုပ် ချုပ်ချင်လို့ တစ်သိန်းတန် တံဆိပ်ခေါင်းဝယ်ရင် ၁၀% အပိုတစ်သောင်း ပေးရတာဘဲ၊ ဒါကထုံးစံဖြစ်နေတော့ ယူတဲ့လူကလဲ မကောင်းတာ လုပ်တာလို့ မထင်အောင် အဝိဇ္ဇာကဖုံးထားတယ်။ အရှက်အကြောက် မရှိတော့ အဆင်ပြေသွားတာပေါ့၊ ဒါကတစ်မျိုး။

နောက်တစ်မျိုးက ပေးတဲ့သူက သိပ်ပေးချင်တာ၊ မယူမှာတောင် စိုးရိမ်နေသေးတယ်။ ဥပမာ-ဒီရွာတွေနားမှာ စက်ရုံကြီးတွေ တည်ဆောက်ချင်တယ်။ ရွာတွေ၊ အိမ်တွေ ဖယ်ပေးရမယ်။ လယ်တွေ သိမ်းခံရမယ်။ အဲဒါဆောက်လုပ်ခွင့်ရအောင် သိန်းပေါင်း မြောက်မြားစွာကို အာဏာရှိတဲ့လူ (လက်မှတ်ထိုး ခွင့်ပြုတဲ့သူ)ကိုပေးရတယ်။ ယူလိုက်ရင် သိပ်ဝမ်းသာတာပဲ။

လုပ်ငန်းကြီးတစ်ခုကို ဝိုင်းလုပ်နေတယ်။ ကိုယ်ရအောင် ပေးရတော့တယ်။ ယူတဲ့လူက ယူလိုက်တာကိုပဲ ပေးတဲ့လူကပျော်နေတယ်။ သူက ထောင်မြင်ရာစွန့်တဲ့လူပေါ့၊ ယူတဲ့လူကလဲ အကုသိုလ်လို့ မမြင်တော့ သူလဲပျော်နေတာပေါ့။ အဲဒီလို အပေးအယူက တစ်မျိုး -

လာဘ်စားတယ်ဆိုပါစို့ - တိတ်တိတ်ပုန်းလုပ်ကြတာဆိုတော့ လူတွေသိပ်မသိဘူး၊ (တခြားဘာလုပ်ငန်းကြီးတွေမှမရှိဘဲ လခစားတစ်ယောက်ဟာ တိုက်ကြီးတွေနဲ့ ကားတွေနဲ့ မိန်းမစိန်နားကပ်ကြီးနဲ့ဆိုတော့ မှန်းကြည့်ရင် သိနိုင်ပါတယ်။)

အတိုင်၊ အတောမရှိရင် (တိုင်တာကလဲ အောက်ခြေအဆင့်လောက်မှသာ ရှိတာပါ။ အထက်ပိုင်းမှာက ပေးတဲ့လူကသိပ်ပေးချင်နေတော့ တိုင်ဖို့ဆိုတာကမရှိဘူး) မျက်မှောက် ဘဝမှာ ဥပဒေအရလည်း အရေးယူဖို့ ခက်ခဲတော့ တဖြည်းဖြည်းကြီးထွားလာတာပဲ၊ ရှက်ရမှန်းလဲမသိ၊ ကြောက်ရမှန်းလဲမသိအောင် အဝိဇ္ဇာကမျက်မှန်စိမ်း တပ်ထားပေးတာကို။

ဒါပေမဲ့ "ငါလို လူကြီးလူကောင်း အရာရှိကြီး တစ်ယောက်က လာဘ်ယူမယ်ဆိုရင် ဒီပြင်အောက်က ဝန်ထမ်းကလေးတွေဟာ ငါ့ကိုအတုယူပြီး တစ်တိုင်းပြည်လုံး ပျက်စီးသွားလိမ့်မယ်။ ဘယ်သူတွေ ဘာပြောပြောလုပ်မယ်ဆိုတာ အနောတ္တပ္ပ။ အဲဒီတော့ ဘေးကလူတွေပြောမှာ မကြောက်လို့ရှိရင် အနောတ္တပ္ပစေတသိတ်၊ ကိုယ့်ကိုယ်ကို မရှက်လို့ရှိရင် အဟိရိကစေတသိတ်။

အဘိဓမ္မာမှာ အဟိရိကစေတသိတ်ကို ဝက်နဲ့ ဥပမာပေးထားပါတယ်။ ဝက်ဟာ မစင်ကို စားရမှာမရှက်ဘူး။ မရွံဘူး။ ဝက်မစင်စားတာဟာ မစင်ကိုမရွံလို့ဘဲ။ အဲဒီရွံစရာ ဖြစ်တဲ့မစင်ကို ဝက်က မရွံသလို ဒုစရိုက် (လာဘ်ပေး လာဘ်ယူ)လုပ်ရမှာ မရွံတာ၊ မစက်ဆုပ်တာ အဟိရိကပါပဲ၊ "ပိုးပရန်မျိုး မီးကိုတိုး ကိုယ်ကျိုးနည်းလှပြီ၊"ဆိုတဲ့ ရှေးဆရာတော်ကြီးတွေ ရေးသားခဲ့တဲ့ စာတွေရှိပါတယ်။ ပိုးပရန်ကောင်များဟာ မီးကို သိပ်ပြီးသဘောကျတာ မီးရှိရင်အကုန်လုံးတိုးတာပဲ၊ မီးကိုတိုးတော့ ပိုးပရန်တွေ အကုန်လုံး သေကုန်တယ်။အဲဒီ အနောတ္တပ္ပဟာ ပိုးပရန်နဲ့တူတယ်လို့ ဥပမာ ပေးခဲ့တာပါ။

ဒီလိုအကုသိုလ်အလုပ်တွေကိုမလုပ်ရအောင် နိုင်ငံတော်က ကုန်ဈေးနှုန်းနဲ့အညီလစာတွေ တိုးမြှင့်ပေးသင့်တာပေါ့။ လုံ့လောက်ရက်နဲ့ လာဘ်စားရင်တော့ အရေးယူတာမဆန်းပါဘူး။ အောက်ခြေဝန်ထမ်းတွေ လာဘ်စားတာကို အရေးယူဖို့လွယ်ပါတယ်။ ပေးတဲ့လူက မပေးချင်ဘဲ ပေးရတာ၊ ယူတဲ့လူကလဲ အထက်ကို ခွဲပေးရသေးတော့ ပိုပိုမိုမိုယူရတာပေါ့။ အတိုင်အတော ပြုလုပ်ရင် ချက်ချင်းအရေးယူနိုင်တာပေါ့။ အပေါ်လွှာမှာကတော့ ပေးတဲ့လူက ပေးချင်လို့ နန့်နန့်တက်နေတာ ယူလိုက်ရင် ပေးတဲ့လူမှာလဲ အကျိုးရှိ ယူတဲ့လူမှာလဲ အကျိုးရှိ တိတ်တိတ်ပုန်း ပေးရတာဆိုတော့ ဘယ်သူကတိုင်မှာလဲ။

ညအချိန် မှောင်မှောင်မဲမဲမှာ ထမိန်စုတ်၊ ဒန်အိုးဒန်ခွက်ခိုးတဲ့ သူခိုးကိုဖမ်းရတာမခက်ဘူး။ အလင်းရောင်ရှိပြီး ပန်ကာအောက်(အအေးခန်းထဲက) သူခိုးကျတော့ ဖမ်းရဖို့ခက်သွားမှာပေါ့ နှစ်မျိုးလုံးကို တန်းတူအရေးယူနိုင်ပါ့မလား။ တစ်ဖက်စောင်းနင်းကတော့ မကောင်းဘူးပေါ့။

## သူကြီးနဲ့ သရက်ပင်ပေါ်ကလူ

ရှေးနှစ်များစွာက ရွာကြီးတစ်ရွာရှိတယ်။ သူကြီးအုပ်ချုပ်တာပေါ့။ ရွာမှာလဲ သူခိုး၊ သူဝှက်တွေ ပေါများကြလို့ အိပ်တာ၊ နေတာ သတိ၊ ဝီရိယနဲ့နေခဲ့တယ်။ သူကြီးကလဲ အပြစ်ရှိတဲ့ ကလေးတွေ လောက်သာဆူပူကြိမ်းမောင်း ရိုက်နှက်ရဲတာ၊ လူကြီးတွေကိုတော့ သတိပေးတာနဲ့ပဲ အချိန်ကုန်ခဲ့တယ်။အဲဒါနဲ့သူကြီးလဲ အို၊ နာ၊ သေဘေးနဲ့ ကြုံခဲ့ရတာပေါ့။

သူကြီးသေရင် သူကြီးသားက သူကြီးဖြစ်တော့တာပေါ့။ သူကြီးသားသူကြီးက တက်တက် ကြွကြွနဲ့ ငါ့လက်ထက်မှာ ရွာကြီးကို ဘယ်လိုကောင်းအောင်လုပ်လိုက်မယ်ပေါ့။ ကြောသားရင်သား မခွဲခြားဘူး၊ အခွင့် အရေး ပေးရင်လဲ ရွာသားအားလုံး တန်းတူ (ဆွေမျိုးတွေကိုလဲ လက်သိပ်ထိုး မပေးဘူး)၊ အရေးယူရင်လဲ တန်းတူဘဲပေါ့။ (ဆွေမျိုးတွေအပြစ် လုပ်ရင်လဲ မမြင်ချင်ယောင်၊ မသိချင်ယောင်မဆောင်ဘူးပေါ့) သူကြီးမှာကလဲ ရွာထဲမှာအမျိုးတွေကရှိသေးတော့ သူ့မှာ အုပ်ချုပ် ရတာလဲ သတိထားရတာပေါ့။ အဲဒီရွာမှာ သူကြီးနဲ့ညီဝမ်းကွဲတော်တဲ့ ဦးချမ်းသာ တစ်ယောက် ရှိတယ်။ သူကတော့ အလယ်အလတ်တန်းစားပေါ့၊ သူ့မှာကလည်း ငါးတန်းကျောင်းသား အရွယ်သားကလေး မောင်ပေတူးတစ်ယောက်ရှိတယ်။ ရွာထဲမှာက သူကြီးထံလာတိုင်ကြားရာ ကလေးမှုတွေများတယ်။ ဟိုပစ္စည်းခိုးလို့၊ ဒီပစ္စည်း အလစ်သုတ်လို့၊ လေးဂွနဲ့ သရက်သီးတွေ ပစ်ချလို့နဲ့ -- သူကြီးကလဲ ကလေးတွေဆိုတော့ ဆိုဆုံးမပြီး တစ်ချက် နှစ်ချက် ရိုက်ပေးလိုက်တာပဲ။ ကလေးတွေကို အရေးယူတာက ပြဿနာမရှိဘူးလေ။ လူကြီးအမှုတွေကတော့ သတိထားရတယ်။ အုပ်စုတောင့်တဲ့ ရွာသားတွေဆိုရင်လဲ ပိုသတိထားရတယ်။

ဒါပေမဲ့သူကြီးကတော့ တိတိကျကျ ဆောင်ရွက်နေတာပေါ့။ တစ်နေ့တော့ သူကြီးရဲ့ ခြံဝင်းထဲ (အိမ်နဲ့မလှမ်းမကမ်း)သရက်တောကလေးထဲမှာ အသံကြားနေရတယ်။ ညနေစောင်း ဆိုတော့ သူကြီးက တုတ်တစ်ချောင်းဆွဲပြီး သရက်ခြံဘက်ကို ထွက်သွားတယ်။ လားလားကလေး တစ်ယောက်ကို သွားတွေ့တယ်။ အနားရောက်တော့မှ မောင်ပေတူးဖြစ်နေတယ်၊ လက်ထဲမှာ သရက်သီးမှည့် ၃လုံး၊ ၄လုံးလဲတွေ့လိုက်တယ် မောင်ပေတူးလဲ တအားကြောက်တာပေါ့။ မင်းဘာလာလုပ်တာလဲ။ သရက်သီး လာခိုးတာပေါ့။ မင်းတို့လိုကောင်တွေ ရွာထဲမှာ ငါရိုက်ထားတဲ့ ကောင်တွေကို မင်းမမြင်ဘူးလား မောင်ပေတူး၊ မောင်ပေတူးကလဲ ကျွန်တော်များများစားစား

ခိုးတာမဟုတ်ပါဘူး။ နောက်လဲ မလုပ်တော့ပါဘူး အဘရယ်ပေါ့။ သူကြီးက မလိုချင်ဘူး။ မနက်ဖန်မနက် ငါ့အိမ်ကို မင်းအဖေကိုခေါ်လာခဲ့၊ မင်းကို အပြစ်ပေးမယ်။ မင်းအဖေကလဲ မင်းကို မဆုံးမဘူးလား။ မင်းအဖေသိရင် မင်းကိုရိုက်အုံးမှာ၊ မင်းအဖေကလဲ ဒါမျိုးကြိုက်တာ မဟုတ်တော့ ဆုံးမထားမှာဘဲပေါ့ -- အဲဒီတော့ မောင်ပေတူးက ဟုတ်ပါတယ် အဖေကလဲဆုံးမပါတယ်။ ကဲကောင်းပြီ၊ ခုဘဲ မင်းအဖေဆီကိုသွားမယ်။ မင်းအဖေဘယ်မှာလဲ၊ လာသွားကြမယ်။ ကလေးက ကြောက်ပြီးတော့ တုန်နေတယ်။ ဘယ်မှမရွေ့ဘူး၊ မျက်စိမျက်နှာလဲ ပျက်နေတယ်။ ခြေထောက်ကလဲ မရွေ့ဘူး။ ဟဲ့ကောင် ပြောနေတာမကြားဘူးလား။ မင်းအဖေဘယ်မှာလဲ သွားကြမယ်ဆိုတော့၊ ကလေးကလဲ ကြောက်သာနေတာ လှုပ်ကိုမလှုပ်ဘူး၊ အဲဒီလိုဆိုလေ သူကြီးက ဒေါသထွက်လေ။ တုတ်နဲ့ ရိုက်မယ်ရွယ်တော့ ကလေးက မရိုက်ပါနဲ့အဘရယ်။ အဖေက သရက်ပင် ပေါ်မှာပါတဲ့ ဆိုပြီး လက်ညှိုးထိုးပြလိုက်တယ်။

သူကြီးလဲ အဲဒီတော့မှ အပေါ်ကိုမော့ကြည့်လိုက်တာ ဦးချမ်းသာကို သရက်ကိုင်းပေါ်မှာ မတ်တပ်ရပ်ပြီး လွယ်အိတ်ကြီးတစ်လုံးထဲမှာ သရက်သီးတွေအပြည့် လွယ်ထားတာကို တွေ့လိုက်ရတယ်။ သရက်သီးခိုးခူးတဲ့လူလဲ သရက်သီးအပြည့် လွယ်အိတ်ကြီးကို လွယ်ကာ အောက်ဆင်းလာပြီး သားအနားမှာ မတ်တပ်ရပ်နေတယ်။

သူကြီးရှေ့မှာ တစ်ယောက်စာစားဖို့ သရက်သီး ၃/၄ လုံး ကိုင်ထားတဲ့ ကလေးငယ်ရယ်၊ တစ်မိသားစုလုံး အဝအပြစားဖို့ပိုရင် ရောင်းစားဖို့၊ စီးပွားဖြစ်ခိုးထားတဲ့သရက်သီး အိတ်ကြီးကို လွယ်ထားတဲ့ ညီဝမ်းကွဲတစ်ယောက်ရယ်၊ မတ်တပ်ရပ်ပြီးပေးမဲ့ အပြစ်ကို မျှော်လင့်နေကြတယ်။ သူကြီး ဘာဆက်လုပ်မလဲ။ သူခိုးသူဝှက်တွေ ပျောက်အောင်လုပ်မယ်ဆိုတဲ့ အတိုင်း ကျောသား ရင်သားမခွဲဘဲ အရေးယူမလား။ သွားတော့ကွာ နောက်မလုပ်နဲ့ဘဲ ပြောလွှတ်လိုက်မလား။ ကလေးက အရေးယူလို့ လွယ်ပေမဲ့ လူကြီးကတော့. . . .

ပုံပြင်ကလေးကတော့ ဒီထိပဲ ဖတ်လိုက်တယ်၊ ဘယ်လိုဆုံးဖြတ်မလဲဆိုတာ စာဖတ်သူ သိချင်သလို၊ စာရေးသူလဲ သိချင်လိုက်တာ။ ဘယ်သူဟာ စာရိတ္တချွတ်ယွင်းသလဲဆိုတာ . . . . .

## ဥပဒေအထက်တွင် မည်သူမျှမရှိ

(၁) ရခိုင်ဘုရင်မင်းထီးသည် မိမိခန္ဓာထက်ပင် အမှန်တရားကို ပိုချစ်သူဖြစ်၏။ နန်းတော်ထဲတွင် ကွမ်းစားပြီးထုံးများကို နန်းတော်တိုင်တွင် သုတ်တတ်ကြသဖြင့် မင်းကြီးကိုယ်တိုင် ဥပဒေထုတ်ပြန်၏။ နန်းတော်တိုင်ကိုထုံးသုတ်လျှင် သုတ်သောလက်ညှိုးကိုဓါးဖြင့်ဖြတ်စေ၊ တစ်ရက်တွင် ဘုရင်မင်းထီး ကိုယ်တိုင် မေ့လျော့ပြီး နန်းတော်တိုင်ကိုထုံးသုတ်မိ၏။ အမတ်တဦးက ထိုကိစ္စကို ရက်စွဲဖြင့် အတိအကျ မှတ်ထား၏။ တနေ့တွင် နန်းတော်တိုင်တွင် သုတ်ထားသော ထုံးများအား တွေ့သဖြင့် စစ်မေး၏၊ နောက်ဆုံးမှတ်ထားသော ဒုမတ်က တရားခံမှာ မင်းကြီးကိုယ်တိုင်ဖြစ်ပါသည်ဟု

လျှောက်တင်၏။ မင်းကြီးက (ဆောရီး)ဘဲကွာလို့ ပြောမယ်ထင်ပါသလား။ မိမိကိုယ်ထက် အမှန်တရားကို ချစ်ခင်သည့်အတွက်လည်းကောင်း၊ ဥပဒေအထက်တွင် မည်သူမျှမရှိစေရဟူသော ကောင်းမြတ်သောဆောင်ပုဒ်ကို တကယ်လိုက်နာတဲ့အနေနဲ့ မိမိလက်ညှိုးကို မိမိကိုယ်တိုင် ဖြတ်ပစ်လိုက်၏။

(၂) ၂၀၀၆ခုနှစ် ဩစတေးလျဝန်ကြီးချုပ်မှာ ဂျွန်ဟောင်းဝပ်ဖြစ်သည်။ သူတို့နိုင်ငံတွင် ကိုယ်ပိုင်ကားမောင်းသူစီးသူများသည် အန္တရာယ်ကင်းစေရန်အတွက် ထိုင်ခုံမှခါးပတ်ကို ပတ်ရသည်။ မပတ်လျှင် ဒေါ်လာနှစ်ရာဒဏ်ငွေရိုက်သည်။ တရက်တွင် ဂျွန်ဟောင်းဝပ်သည်သတိမေ့ပြီး ခါးပတ်မပတ်ဘဲ မောင်းလာသည်။ ယဉ်ထိမ်းရဲသည် နောက်မှချက်ချင်းလိုက်လာပြီး ကားကို ရပ်တန့်စေပြီး ဒဏ်ငွေနှစ်ရာရိုက်လိုက်သည်။ ဝန်ကြီးချုပ်ကလည်း ရိုးသားစွာဖြင့် ဒဏ်ငွေရိုက်ခံလိုက်သည်။ ဒဏ်ငွေရိုက်ရဲသော ယဉ်ထိမ်းရဲနှင့်ဝန်ကြီးချုပ် နှစ်ဦးလုံးအား လေးစားချီးကျူးသင့်ပါသည်။ ယဉ်ထိမ်းရဲက လွှတ်ပေးလိုက်လျှင် စည်းကမ်းမဲ့သူတွေ ပေါလာပြီး တိုင်းပြည် ပျက်စီးသွားမည်ကို စိုးရွံ့ပြီး မိမိရာထူးအတွက်မငဲ့ကွက်ဘဲ ဝန်ကြီးချုပ်အားဖမ်းဆီးရဲသည်။ဝန်ကြီးချုပ် ကလဲ ဥပဒေအထက်တွင် မည်သူမျှမရှိရဆိုသော မွန်မြတ်သည့်ဆောင်ပုဒ်ကို လိုက်နာသည်။ ဒါတွေကိုကြည့်ပြီး ဂန္ထကမ်းများကို အရေးယူသည့်အခါ ဒီဆောင်ပုဒ်အတိုင်း လိုက်နာရင် တိုင်းပြည်ကြီး သိပ်ကောင်းသွားမှာ၊ ဝန်ထမ်းများ လာဘ်မစားရအောင်(မခိုးရအောင်) အာဏာပိုင်တို့က သင့်လျော်သလို အကူအညီ ပေးကြပါ။

ကျွန်တော်ကတော့ သိတာတွေဘေးဖယ်လိုက်ပါတယ်။ ဒါအုပ်ချုပ်ရေးကိစ္စ၊ တစ်ဘဝအတွက် ကိစ္စတွေပဲ၊ ကျွန်တော် စဉ်းစားမိတာက ဒီကိစ္စဟာ သံသရာ ခရီးလမ်းပေါ်က အပယ်ဘေးကတော့ အပြစ်ရှိသူတွေကို ရာခိုင်နှုန်းအပြည့် မျက်နှာ မလိုက်တဲ့ တရားသူကြီးဖြစ်လို့ ဆုံးဖြတ်သွားမှာပဲ။

သေသေချာချာ စဉ်းစားကြည့်ရင် ဗုဒ္ဓဘာသာဝင်မဟုတ်တဲ့ နိုင်ငံတွေက လူတွေ ကတော့ မြတ်စွာဘုရားရဲ့ အဆုံးအမဆိုတာလဲမရှိ၊ အပယ်ငရဲဆိုတာလဲ သူတို့ကယုံတာမဟုတ်တော့ ဘာမှ အထွေအထူးမရှိဘူး။ သူတို့ရဲ့အလေ့အထကျင့်ဝတ်တွေရှိလို့၊ ပြီးတော့ စားဝတ်နေရေး အဆင်ပြေတော့ အကုသိုလ်(လာဘ်စားမှု)နည်းတာပေါ့။ လာဘ်စားတာကတော့ ဘုရားလက်ထက် တွေကလဲ ရှိခဲ့ တာပဲ နည်းမျိုးစုံနဲ့ပေါ့။ နည်းနည်းစားတာနဲ့၊ များများစားတာပဲ ကွာတာပါ။

အံ့ဩစရာကောင်းတာက ဗုဒ္ဓဘာသာဝင်မဟုတ်တဲ့ နိုင်ငံတွေက လာဘ်စားမှု အနည်းဆုံး နိုင်ငံတွေဖြစ်ပေမယ့်၊ မြန်မာနိုင်ငံလို ဗုဒ္ဓဘာသာဝင်နိုင်ငံက ကမ္ဘာပေါ်မှာလာဘ်စားမှု အများဆုံးနိုင်ငံထဲမှာ တတိယဖြစ်နေတာဘဲ။ ဗုဒ္ဓဘာသာဝင်ဆိုတာ လောဘ၊ ဒေါသ၊ မောဟ

နည်းအောင် တရားတော်တွေက ထိန်းချုပ်ထားပြီးသားပဲ။ လောဘ်စားတယ်ဆိုတာ ခိုးမှုဘဲ။ အဝိဇ္ဇာနဲ့ တဏှာ (လောဘ)ကြောင့် ဒီလိုဖြစ်ရတာပဲ။

## ကမ္ဘာ့အကောင်းဆုံးဘာသာဆု

ဆွစ်ဇာလန်နိုင်ငံ၊ ဂျာနီဗာမြို့တွင် ဘာသာရပ်ဆိုင်ရာနှင့် စိတ်ဓာတ်တိုးတက်ရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့ကြီးက ဘာသာရေးခေါင်းဆောင် ကိုယ်စားလှယ်(၂၀၀)ကို ဖိတ်ခေါ်၍ အစည်းအဝေး ကျင်းပသည်။ ထိုခေါင်းဆောင်များထဲတွင် နိုင်ငံတကာခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူ၊ ဗုဒ္ဓဘာသာပေါင်းစုံအပြင် အခြားဘာသာပေါင်းစုံရဲ့ ခေါင်းဆောင်တွေရဲ့ ဦးစီးခေါင်းဆောင်များက ၂၀၀၉ ခုနှစ်တွင် "ကမ္ဘာ့အကောင်းဆုံး ဘာသာဆု"ဟူ၍ သတ်မှတ်ပြီး ထိုဆုအတွက် ဗုဒ္ဓဘာသာကို အပ်နှင်းရွေးချယ်လိုက်သည်။ ကန့်ကွက်သူမရှိ၊ တညီတညွတ်တည်း သဘောတူလိုက်ကြသည်။

ဗုဒ္ဓဘာသာကို အကောင်းဆုံးဘာသာတရားအဖြစ် ရွေးချယ်ရာတွင် ပါဝင်သူတစ်ဦးဖြစ်သူ အစ္စရေးလူမျိုး Rabbi Shvnue wasserstein က ကျွန်ုပ်သည်ဂျူးဘာသာတရားကို မြတ်နိုးသည်။ ဂျူးဘာသာတရားကို ကြီးကျယ်မြင့်မြတ်ဆုံး ဖြစ်သည်ဟုခံယူသည်။ ဂျူးဘာသာဖြင့် ဘုရားရှိခိုးခြင်း မပြုမီ ဝိပဿနာတရားကို နေ့စဉ်ရှုမှတ်သည်။ ၁၉၉၃ ခုနှစ်မှစတင်၍ ရှုမှတ်လာသည်မှာ ယနေ့ထိ ဖြစ်သည်။ ထိုသို့ရှုမှတ်သဖြင့် ကောင်းကျိုးချမ်းသာများစွာ ခံစားရရှိနေပါသည်ဟု ဖွင့်ဟပြောဆို ခဲ့သည်။

မိမိတို့ ဘာသာများခြားများက ဗုဒ္ဓဘာသာကို မဲပေးခဲ့ခြင်းသည် အလွန်အံ့သြဖွယ် ကောင်းခဲ့ကြောင်း အဆိုပါအဖွဲ့၏ ညွှန်ကြားရေးမှူးMr.Jonna Hultကပြောကြားခဲ့သည်။ ကျွန်ုပ်တို့၏ ဘ-ဘုရားရဲ့ အဆုံးအမတွေကတော့ တစ်ကမ္ဘာလုံးက ကြိုက်ကြပါသည်။ မလိုက်နာတာ ကတော့ ဘ-ဘုရားရဲ့ အဆုံးမကိုမှ နှစ်သက်တဲ့ နံမည်ကြီး ထေရဝါဒဗုဒ္ဓဘာသာဝင်တွေ ဖြစ်နေတာကတော့ ဘုရားများရှိသေးရင် ခေါင်းတောင်ပြုဝံ့မှာ မဟုတ်တော့ဘူး။ ခုတော့ အဝိဇ္ဇာက မျက်မှန်စိမ်းတပ်ပေးပြီး အဘိဓမ္မာသဘောဖြစ်တဲ့ အဟိရိကနဲ့အနောတ္တပ္ပဆိုတဲ့ မကောင်းမှုကို လုပ်ရမှာ မရှက်တာနဲ့ မကြောက်တာကြောင့်ပါ။

## ကမ္ဘာမှာ မြန်မာအရက်ဟာ အကောင်းဆုံးတဲ့

သေရည်သေရက်ကို ဗုဒ္ဓတရားတော်အရ တားမြစ်ထားသော်လည်း ကမ္ဘာမှာ မြန်မာအရက် ဟာ အကောင်းဆုံး ရွှေတံဆိပ်ဆုရတယ်တဲ့။ တစ်ခါတည်းမဟုတ်၊ နှစ်စဉ်လိုဖြစ်နေပြီ။ မြန်မာအမျိုးသမီးကလေးတွေလဲ ဘောင်းဘီတိုဝတ်ရင်ဖော်လျက် အရက်ဆိုင်တွေ ဝင်သောက်နေ ကြပြီ။ တွဲထုတ်ရတာတွေတောင် ကြားနေရပြီ။ (ဒီအတိုင်းဘဲ ကြည့်နေကြတော့မှာလား၊ ကိုရွှေဗမာတို့ရယ်) နောက်ဆိုရင် အမျိုးသမီးသောက်အရက်ဟာ ကမ္ဘာပေါ်မှာ ရွှေတံဆိပ်ရလိမ့်မယ်

ထင်တယ်။ နိုင်ငံခြားမှာ ခွေးသောက်တဲ့အရက် ပေါ်လာနေပြီ။ မကြာခင် မြန်မာပြည်ရောက်ပါမယ်။ ခွေးတွေပါ ပျက်ဆီးတော့မယ်။ ကမ္ဘာမှာ မြန်မာပြည်က ခွေးသောက်အရက်မှာ ရွှေတံဆိပ်ရဖို့ ယခုကထဲက ကြိုးစားနေလောက်ကြပါပြီ။ နိုင်ငံခြားမှာ(မလေးရှား) အရက်သောက်တဲ့ မိန်းကလေးတွေ ကြိမ်ဒဏ်အရိုက်ခံရတယ်။(စာအုပ်-၁၀/ပုံ-၄၄)

ကျွန်ုပ်တို့နိုင်ငံဟာ အဆုံးအမတွေကင်းကွာနေကြရလို့လား။ မဟုတ်ပါ။ ဒါကို အကုသိုလ်လို့ မထင်ကြဘူး။ အဝိဇ္ဇာကြောင့် မြင်လို့မရတော့ဘူးလား။ ရနိုင်တဲ့နည်းတွေ ရှိပါတယ်။ လက်ရှိအနေအထားကတော့ အောက်ခြေဝန်ထမ်းများကိုမြင်ဖို့ အစိုးရဖက်ကလဲ တာဝန်ရှိတာတွေ ကို ဦးစွာဆောင်ရွက်ပေးရပါမယ်။

## ဝင်ငွေတိုးလာအောင် ဆောင်ရွက်ပေးရပါမယ်

ယနေ့ လူတစ်ယောက်ထမင်းစရိတ်ဆိုတာ အောက်ခြေအဆင့်မှာ(နံနက်စောစော ထမင်း ပဲပြုတ်၂၀၀ + နေ့လည် ၃၀၀+ညနေ ၃၀၀ိ/-) ဆန်ဆီ အညံ့ဆုံးနဲ့ ငပိရေတို့စရာ ဟင်းသီးဟင်းရွက်နဲ့ စားတာတောင် စားစရိတ် လူတစ်ယောက် ၈၀၀ိ/- လောက်ကျပါတယ်။ လူ၄ယောက်×တစ်နေ့၈၀၀ ၃၀ရက်=၉၆၀၀၀ိ/-ကျပါတယ်) နေထိုင်စရိတ်×အဝတ်အစားစရိတ်×လူမှုရေးစရိတ်× ပညာရေးစရိတ် ×ဆံပင်ညှပ်×စာပို့ခ×ကားခ×ရထားခ×မရေ×လျှပ်စစ်မီး×မိလ္လာ×စည်ပင် စသည့်စရိတ်များ မပါသေး၊ မကျန်းမာရင်×ကလေးမွေးရင်----

ပြောဆိုသံတွေလည်း အထက်ပိုင်းမှာကြားနေရပါသေးတယ်။ လူကြီးတွေပြောတာပါ ကမ္ဘာနှင့် စာလျှင် ဓါတ်ဆီဈေးနှုန်း မြန်မာကနည်းသတဲ့၊ နိုင်ငံခြားမှာ ထမင်းဖိုး၊ ကားခ၊ ရထားခ၊ နေထိုင်စရိတ်၊ မြန်မာထက်စရိတ်ကြီးသတဲ့။ မြန်မာက စရိတ်သက်သာသတဲ့၊ စရိတ်ကြီးတာက အရေးမကြီး၊ အဲဒီစရိတ် ကို ကာမိတဲ့ဝင်ငွေက အရေးကြီးတာပါ။ မြန်မာပြည်က တခြားမှာ အလုပ်သမား အဆင့်လုပ်တာတောင် ဒီစရိတ်တွေကို ပေးနိုင်ရုံမျှမက မြန်မာပြည်ကိုပင် ထိုက်သင့်သလောက် ပြန်ပို့နိုင်သေးတာပဲ၊ မြန်မာပြည် မှာ ဝင်ငွေနည်းနေကြတယ်။ ဒီကြားထဲ (ရထားခ×ဓါတ်ဆီခ×စာပို့ခ×လျှပ်စစ်မီတာခ)တွေကလဲ ထပ်ပြီး အကြောင်းပြချက်တွေနဲ့ တက်လာကြတော့ ဝန်ထမ်းငယ်တွေဟာ အူမတောင့်ဖို့ သီလမစောင့်နိုင် ကြတော့ဘူး။

## ဆင်းရဲလို့လာဘ်စားတာ မဟုတ်သူများ

ဗုဒ္ဓဘာသာတရားတော်မှာကတော့ လာဘ်ပေးလာဘ်ယူ (ခိုးမှု) ကျူးလွန်ရင် ဒီဘဝ ပစ္စုပ္ပန်မှာလဲ အရေးယူရတာခံနိုင်တယ်။ တမလွန်ဘဝမှာလဲ အပယ်ဘေးကမလွတ်နိုင်ဘူး။ ဒီလိုအကုသိုလ် တစ်ခုခုကို လုပ်တိုင်း ဘေး-လေးမျိုးသင့်တယ်။

(၁) ကိုယ့်ကိုကိုယ် စွပ်စွဲကဲ့ရဲ့ မကြည်ညိုတဲ့-အတ္တာနုဝါဒဘေး

(၂) သူတစ်ပါးက စွပ်စွဲကဲ့ရဲ့ မကြည်ညိုတဲ့ -ပရာနုဝါဒဘေး

(၃) ထောင်တန်းကျပြီး အပြစ်ပေးခံရတဲ့ - ဒဏ္ဍဘေး

(၄) အပါယ်လေးပါးကျရတဲ့ - အပါယဘေး တို့ဖြစ်တယ်။ ဒီလေးမျိုးထဲမှာ မကောင်းမှုကို ပိပိရိရိလုပ်နိုင်ရင် ပရာနုဝါဒဘေးလွတ်တယ်။ ဆိုင်ရာပုဂ္ဂိုလ်တွေကို လာဘ်ထိုးနိုင်ရင် ဒဏ္ဍဘေးလွတ်တယ်၊ ဟန်ဆောင်လို့ လာဘ်ထိုးလို့ မရတာကတော့ အတ္တာနုဝါဒဘေးနဲ့ အပါယဘေးပဲ၊ ဘယ်လောက်ပဲ ပိပိရိရိခိုးခိုးကိုယ်တိုင်ကတော့သိနေတာပဲ။

ကိုယ်ကိုယ်တိုင် သိနေတာနဲ့ ငါဟာခိုးစား၊ လိမ်စားတဲ့သူယုတ်မာကြီးပါလားဆိုပြီး တွေးမိပြီး စိတ်ဆင်းရဲနေရတယ်။ အတ္တနုဝါဒဘေး ဆိုက်တာပေါ့။

အမှုဖြစ်ရင် တရားသူကြီးများကို လာဘ်ထိုးရင် အမှုက လွတ်ချင်လွတ်မယ်၊ လျော့ရင်လဲ လျော့မယ်။ 'ယမမင်း'ကိုတော့ ဘာနဲ့မှ လာဘ်ထိုးလို့မရဘူး။

မြန်မာပြည်တွင်မက ကမ္ဘာပေါ်မှာလဲ တိုင်းပြည်တိုင်းပြည်တိုင်း လာဘ်စားတာပဲ၊ ဆင်းရဲသားမဟုတ်တဲ့သမ္မတတွေ၊ ဝန်ကြီးချုပ်တွေလဲ ချမ်းသာပါရက်နဲ့ လာဘ်စားလို့ အရေးယူ ခံရတာတွေရှိတယ်။

➢ ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်ဟာ လာဘ်စားလို့ထောင် ၂နှစ်ချတာ၊ ယခုတော့ ပြည်ပြေးဘဝ ရောက်နေတာ (သုံးစရာငွေ မလိုလောက်အောင် ချမ်းသာနေသော်လည်း ကမ္ဘာမှာ အချမ်းသာဆုံး ဖြစ်ချင်တာပါပဲ)

➢ ထိုင်ဝမ်သမ္မတဟောင်း ချန်ရွှေဗျန်း (၂၀၀၀-၂၀၀၈)နှစ်မှာ သန်းပေါင်း မြောက်များစွာ ခြစားခဲ့လို့ အမှုဖြစ်ခဲ့ရတယ်။

➢ ဘရာဇီးအလုပ်သမားဝန်ကြီး ကာလိုစ်လူပီနှင့်ဝန်ကြီးငါးဦး ၂၀၁၁ မှာ တရားရုံးမှာ တရားရင်ဆိုင်နေရတယ်။

➢ ဖိလစ်ပိုင်သမ္မတဟောင်း အာရိုယိုဟာလဲ ယခုအခါ လာဘ်စားမှုနှင့် အဖမ်းခံထားရ ပါတယ်။

➢ အစ္စရေးဝန်ကြီးချုပ်ဟောင်း အီဟွတ်အိုမာတ်ကလဲ အဆောက်အဦး ဆောက်တဲ့ နေရာမှာ လာဘ်စားလို့ အရေးယူခံရတယ်။

➢ မြန်မာပြည်ရဲ့တချိန်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဟာလဲ ၂၀၀၄ ခုနှစ်က တရားရုံးမှာ လာဘ်စားတယ်ဆိုတဲ့ ပုဒ်မနဲ့ ထောင် ၄၄ နှစ် ခံရပြီး ခုတော့ လွတ်ငြိမ်းခွင့်နဲ့ လွတ်နေပါပြီ။(မှတ်ချက်- လျှပ်တပျက်ဂျာနယ် ၂၀. ၁. ၂၀၁၂ အမှတ် ၇၂/အတွဲ ၃ မှာ၄င်းက လာဘ်မစားခဲ့ကြောင်း လူကြီးတွေအသိဖြစ်ကြောင်း ပြောပါတယ်။ ဘာမှမရှိလို့ပန်းစိုက် ရောင်းစားနေကြောင်း၊ ပိုးပုဆိုးတွေ ရောင်းစားနေရကြောင်း အထောက်အထားနဲ့ ပြောဆို ထားပါတယ်။ အားလုံးဟာ မိမိကိုယ်မိမိသာ အသိဆုံးဖြစ်လို့ မိမိမကျူးလွန်ရင် အပါယဘေးမှ လွတ်ကင်းမှာပါ။)

၂၀၃၂၄

အားလုံးသော ပုဂ္ဂိုလ်တွေဟာ မိမိတို့ရဲ့ အလုပ်တွေ၊ တာဝန်ထမ်းဆောင်ခဲ့တာတွေဟာ စေတနာတွေ အပြည့်နဲ့ပါ သို့သော် အဝိဇ္ဇာဆိုတဲ့မျက်မှန်စိမ်း အတပ်ခံလိုက်ရတော့ မရှက်တော့ဘူး၊ မကြောက်တော့ဘူးဆိုပြီး ကျူးလွန်မိတာပါ ဒါတွေဟာ တကယ်တော့ တိုင်းပြည်အတွက်လဲ နစ်နာပါတယ်၊ ပုဂ္ဂိုလ်ရေးလဲ နစ်နာပါတယ်၊ ဗုဒ္ဓဘာသာ ဆိုရင်လဲ ယခုဘဝတင်မက နောက်သံသရာမှာလဲ ခံရပါအုံးမယ်။

## မိန်းမနဲ့ ငွေဟာဒုက္ခပေးနိုင်တယ်

ရဟန်းတော်တွေကိုဖျက်ဆီးတာ မိန်းမနဲ့ငွေပါ ဝတ္တုမာတု ဤနှစ်ခု ဘိက္ခုသေမင်းဓါးနှစ်ဆင်းတဲ့ မြင့်မြတ်တဲ့ဘဝမှာရှိတဲ့ ရဟန်းဘဝမှာ သေသွားအောင် သတ်တာဖြစ်လို့ မြတ်စွာဘုရားက မိန်းမနဲ့ငွေကို မြွေလို သဘောထားပြီး ရှောင်ရှားခိုင်းတာပေါ့၊

ချင်းဗိုလ်မှူးကြီးဟောင်းတစ်ဦးက ချင်းစကားပုံမှာရှိတယ် ငွေအရည်ဟာ ခါးတယ်တဲ့ - ဒီငွေကြောင့် ရဟန်းတွေကို အသတ်ခံရသလို၊ ဝန်ထမ်းတွေကိုလဲ သတ်ကြတာပါပဲ၊ ဒီကြားထဲ အိမ်သူ သက်ထား ချစ်မယားက သူများတွေနဲ့အပြိုင် စိန်နားကပ်ကြီး ဝတ်ချင်တာ၊ ကားစီးချင်တာ ကြောင့် ပတ်ချွဲ၊ နတ်ချွဲလုပ်ရင် ယောကျာ်းတွေဟာ နွားပြာကြီးအောက်သွားမရှိသလို တဟဲဟဲနဲ့ ခိုင်းတာ လုပ်တာပဲ။ မြတ်စွာဘုရားက သတိရှိကြပါတဲ့။ ဒီလိုအကုသိုလ် အလုပ်တွေကို မလုပ်ရအောင် နိုင်ငံတော်က ကုန်ဈေးနှုန်းနှင့်အညီ လခတွေတိုးမြှင့်ပေးသင့်တာပေါ့။ လုံလောက်ရက်နဲ့ လာဘ်စားရင်တော့ အရေးယူတာ မဆန်းပါဘူး။ အောက်ခြေဝန်ထမ်း လာဘ်စားတာ အရေးယူဖို့လွယ်ပါတယ်။ ပေးရတဲ့လူက မပေးချင်ဘဲ ပေးရတော့ အတိုင်အတောပြုလုပ်နိုင်တာပေါ့။ အပေါ်လွှာတွေကတော့ ပေးတဲ့လူက ပေးချင်လွန်းလို့ နန့်နန့်တက်နေတာ တိုင်မဲ့လူက ဘယ်မှာရှိတော့မှာလဲ။

သရက်ပင်အောက်က သရက်သီး ၃လုံးကို ကိုင်ထားတဲ့ ကလေးကို အရေးယူရတာ လွယ်ပေမဲ့၊ အိပ်ကြီးတလုံးထည့်ထားတဲ့ သရက်ပင်ပေါ်ကလူကို အရေးယူရတာခက်ပါတယ်

## အရေးယူတဲ့နည်းထက် ကောင်းတာရှာပါ

ဒီအကုသိုလ် လုပ်နေကြတာဟာ ဘာသာရေးအသိပညာတွေ နည်းခဲ့လို့ဘဲ။ ကျနော်တို့ငယ်ငယ်မူလတန်း ကလေးထဲက ပြည်သူ့နီတိ ဆိုတာသင်ခဲ့ရတယ်။ ကျောင်းတွေမှာ ဆရာတွေက ဘာသာရေးအသိတွေ သင်ပေးခဲ့တယ်။ ယခုတော့ မိဘကိုလည်း မရိုသေကြ၊ ဆရာတွေကိုလည်း မရိုသေကြတော့ဘူး။ ဘုန်းကြီးကျောင်း ဆိုတာဝေလာဝေးပဲ။ ယခုခေတ်မှာ ဆရာတွေကလဲ လခမလောက်တော့ အပိုဝင်ငွေရှာရတာ ကျောင်းသားနဲ့ ဆရာကလဲ ပညာရောင်း၊ ပညာဝယ်ဖြစ်လာတော့ ဆရာကို လေးစားရမှုနည်းလာတယ်။ ကျောင်းမှာဘဲ စာသင်တဲ့ ဆရာတွေပါ ရောပြီးပါသွားတယ်။

မိဘတွေကလဲ စီးပွားရေးရှာနေရတာ သားသမီးကို သိပ်မကြည့်နိုင်ဘူး။ ဟိုတုန်းက တစ်ယောက်ရှာရင် တစ်အိမ်လုံး စားလို့ရတော့ မိဘသားသမီး နွေးထွေးတာပေါ့။ ဒါကြောင့် ကျောင်းတွေမှာ ဘာသာရေး အသိတွေ ပို့ချဖို့ လိုလာပါပြီ။ တပါတ် တစ်ချိန်၊ နှစ်ချိန်လောက်တော့ ဘာသာရေးပို့ချသင့်ပါတယ်။ သီဟိုဠ်လိုတိုင်းပြည်မှာ ပြင်ပမှာ ဗုဒ္ဓဘာသာရေးတွေ သင်တန်းပေးတယ်။ အလုပ်လုပ်ရင်တောင် သင်တန်းတက်ပြီးသူတွေကို ဦးစားပေးတယ်။ ဒုတိယ တစ်ချက်က ဝန်ထမ်းတွေကော နိုင်ငံတော်ကို ကြီးကြီးမားမားတာဝန်ယူသူတွေအပါအဝင် အလည့်ကျ တရားစခန်းတွေ ဝင်သင့်ပါတယ်။ တရားစခန်းတွေဝင် တရားစာအုပ်တွေဖတ်၊ နေ့စဉ်နေ့စဉ် တရားတွေ အားထုတ်သွားရင် လူတွေစိတ်ပြောင်းသွားပါလိမ့်မယ်။

ယခု ထောင်ထဲမှာ တရားစခန်းတွေဖွင့်ပေးတော့ ထောင်ကျတဲ့ လူတွေဟာ စိတ်တွေ ပြောင်းလဲကုန်ပါတယ်။ ထောင်ကလွတ်ရင် လက်စားချေမယ်ဆိုတဲ့လူတွေ တရားအားထုတ်ပြီးတာနဲ့ အဲဒီစိတ်တွေ ပျောက်ကုန်တာပေါ့။ သည်းခံစိတ်တွေ ပြည့်လာတာပေါ့။

တရားသာ အားထုတ်ပါ။ ရာနှုန်းပြည့် စိတ်တွေ ပြောင်းလဲမှာပါ။ ရဟန္တာဖြစ်တယ် ဆိုတာ ခန္ဓာက သာမန်လူအတိုင်း နာမယ်၊ ကျင်မယ်၊ ရောဂါဖြစ်မယ်။ ဒါပေမဲ့ စိတ်ကပြောင်းလဲသွားပါတယ်။ ရဟန္တာဖြစ်တာ တရားအားထုတ်လို့ စိတ်ပြောင်းသွားတာသာဖြစ်တယ်။

များများတရား အားထုတ်လေလေ ဘဝအကြောင်း သိလေလေ၊ ရာထူးတွေ စီးပွားတွေ ဟာ ဘာမှမဟုတ်ဘူးဆိုတာ သိလာလေ၊ မကောင်းမှု လုပ်ရမှာ ရှက်လာတယ်၊ ကြောက်လာတယ်။

တခြားမပြောနဲ့ မကြာခင်ကဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်လွတ်လာတာ (၂၀. ၁. ၁၂) နေ့ လျှပ်တပျက်ဂျာနယ်မှာ ပြောတာက သာယာဝတီထောင်မှာ ဗိုလ်ချုပ်မြင့်ဇော်နဲ့တွေ့တယ်။ သူလည်း တရားပဲ ထိုင်နေတာတဲ့၊ သူကလဲ ဒါဟာအမြတ်တစ်ခုပါဘဲလို့ ပြောတယ်။ ဦးခင်ညွန့်က ကျနော်တာဝန်ထမ်းဆောင်တဲ့ အချိန်တုံးက ဘုရား၊ တရား ဒီလောက်လုပ်လို့မရဘူး။ တာဝန်အချိန်မှအပ လုပ်လို့ရတာ တရားထိုင်တာကော၊ ဘုရားရှိခိုးတာကော ခုလောက်လုပ်လို့မရဘူး။ ဘာသာရေး အလုပ်တွေကော အများကြီးလုပ်နိုင်ခဲ့တယ်။ တရားအားထုတ်လို့ ငြိမ်းအေးတယ်။ ဒေါသ၊ မောဟတွေ နဲလာတယ်။ ရုပ်တောင် မပြောင်းဘူးတဲ့ (တရားအားထုတ်ရခြင်းရဲ့ ရလဒ်ပါဘဲ)

သူက ယခင်/ယခုဘဝတုံးက ကောင်းတာတွေလုပ်ခဲ့လို့ ယခုဘဝမှာ ဝန်ကြီးချုပ်တောင်ဖြစ်ခဲ့တယ်။ ယခင်/ယခုဘဝက မကောင်းတာလုပ်ခဲ့တော့ ယခုလို အဖမ်းအဆီး ခံခဲ့ရတယ်။ ဒါက ကံ-ကံ၏ အကျိုးပေါ့ဆိုတာနားလည်ခဲ့တာပေါ့။ ဗိုလ်ချုပ်ကြီးတစ်ယောက်၊ ဝန်ကြီးချုပ် တစ်ယောက်၊ တနိုင်ငံလုံးမှာ နံပါတ်(၃)အဆင့် အာဏာအရှိဆုံးပုဂ္ဂိုလ် မြသလား။ သူတောင် ခရိုကအပြန် ရန်ကုန်ရောက်တဲ့အထိ မထင်မှတ်ခဲ့ဘူး။ ဟော ပြစ်မှုနဲ့ ထောင် ၄၄ နှစ် ကျခံရတယ်။

ဝန်ကြီးချုပ်ဦးနု ငယ်စဉ်ဘဝက ဆယ်နှစ်သားမှာ အရက်ချက်သောက်နေပြီး မူးရင်လမ်းမှာ ထမ်းဖို့လူတယောက် ရှာထားရတယ်။ ဒါက သူပြောတာ မကောင်းတာတွေလဲ မျိုးစုံလုပ်ခဲ့တာပဲ၊ ဘာသာရေးအသိတွေဝင်လာတော့ ဆဋ္ဌသံဂါယနာတင်ပုဂ္ဂိုလ်ဖြစ်တယ်။ ဘယ်လောက်ကံကို ထိမ်းသလဲဆိုရင် ရန်ကုန်အစိုးရလို့ခေါ်လောက်အောင် တိုင်းပြည်အခြေအနေဆိုးတော့ ငါက သစ္စာဆိုပြီး အပြဟွှစရိယ ကံကိုပါ ထိမ်းခဲ့တယ်။ သူ့စကားတိုင်း ပြောရရင် ငါက အသက် ၄၀ လောက်ကထဲက မိန်းမနဲ့ ပါတ်သက်ရင် တခါမှ မတခါတော့ဘူးတဲ့။

နောက် ၁၉၆၂ ခုနှစ်မှာ ဝန်ကြီးချုပ်ဘဝနဲ့ အထိမ်းသိမ်းခံရတယ်။ ထောင် ၃နှစ်ကျော် ကျတယ်။ ထောင်ထဲ ဝင်တဲ့နေ့ကလွဲရင် လွတ်တဲ့နေ့ထိ ဥပုသ်စောင့်တယ်၊ တရားထိုင်တယ်၊ တရားအသိတွေရလာတော့ သူ့ကိုထောင်ချတဲ့ ဦးနေဝင်းကိုပင်ကျေးဇူးတင်တယ်တဲ့။ ဒါကြောင့် လူတွေဟာ တရားအသိတွေ ဝင်အောင်များများစာဖတ်ပါ။ တရားစခန်းဝင်ပါ။ အိမ်မှာ နေ့စဉ် ကျင့်သွားပါ။ မကောင်းတာတွေ မလုပ်ဖြစ်တော့ဘူး။ ဘယ်သူမသိသိ၊ မိမိကိုယ်မိမိ ရှက်လာလို့ လာဘ်စားရမယ်ဆိုရင်တောင် မလုပ်ရက်တော့ဘူး။ သူများကို စေတနာနဲ့ဘဲ ကူညီတော့မှာပါ။

<u>လာဘ်ပေးလာဘ်ယူ လုံးဝ မပြုလုပ်ခဲ့သောသူ</u>

ယခု ကျနော်ရေးပြမည့် ပုဂ္ဂိုလ်မှာ ငွေစာရင်းမင်းကြီးဟု အသိများသော ဆရာကြီးဦးဘခင် အကြောင်းဖြစ်ပါသည်။ ဘာသာရေးနှင့်ပြောရလျှင် အနာဂါမ်ဆရာသက်ကြီး၏ တပည့်ရင်းဖြစ်ပြီး ဝိပဿနာအရာ၌ ဆရာကြီးဦးဂိုအင်ကာ၏ ဆရာဖြစ်ပြီး တရားရိပ်သာဖွင့်ကာ ဝိပဿနာ တရားပြသခဲ့သော ဆရာကြီးအကြောင်းကို တရားပြဆရာကြီးအဖြစ်ရေးပြမည် မဟုတ်ဘဲ ဝန်ထမ်း လောကမှ ဆရာကြီး၏ စာရိတ္တပိုင်းဆိုင်ရာ အချက်အချို့ကိုသာ ရေးပြမည်ဖြစ်ပါသည်။ ယနေ့ ဝန်ထမ်းများ ထပ်တူထပ်မျှ အတုမယူနိုင်စေကာမူ မိမိတို့လောကကို ပြန်လည် သုံးသပ်ပြီး လောကီ လောကုတ္တရာ အေးဒုက္ခမှ ကင်းဝေးနိုင်ရန်အတွက် ဝေဖန်သုံးသပ်လို၍ ရေးသားပြသခြင်း ဖြစ်ပါသည်။ တချိန်က ဗမာပြည်မှ သူခိုး မရှိခဲ့သလို၊ လာဘ်ပေးလာဘ်ယူ မပြုလုပ်ခဲ့သော ဝန်ထမ်း အများကြီးရှိခဲ့ဘူးသည်ကို သိစေရန် တင်ပြခြင်းဖြစ်ပါသည်။

<u>ငွေစာရင်း မင်းကြီး ဦးဘခင်</u>

ဘွဲ့ထူးများ စည်သူ (၁၉၄၉)၊ သရေစည်သူ (၁၉၅၇)

(၁)၄. ၁. ၄၆ မှ ၂၆. ၆. ၅၃ မြန်မာနိုင်ငံ ငွေစာရင်းမင်းကြီး

(၂)၂၆. ၆. ၅၃ မှ ၁. ၃. ၅၆ စာရင်းစစ်ရုံး အထူးအရာရှိ

(၃)၁. ၃. ၅၆ မှ ၃၁. ၈. ၅၆ ကုန်သွယ်တိုးတက်ရေး အထူးအရာရှိ

(၄)၁၁. ၆. ၅၆ မှ ၂၂. ၁၀. ၆၄ စာရင်းစစ်ညွှန်ကြားရေးဝန်

(၅)၂၁. ၆. ၅၆ မှ ၁၆. ၃. ၅၉ ကောက်ပဲသီးနှံ ရောင်းဝယ်ရေး ဥက္ကဋ္ဌ

(၆)၁. ၄. ၅၈ မှ ၂၂. ၁၀. ၆၄ စာရင်းကိုင်၊ စာရင်းစစ် သင်တန်းကျောင်းအုပ်ကြီး

(အထက်ပါ ၁၆၀၀ဝ/-စားရာထူးကြီး ၃. ၄. ၅. ၆ခုကို တချိန်တည်းပူးတွဲ တာဝန်ယူရသည်၊ ၂၂. ၁၀. ၆၄ တွင် အငြိမ်းစားယူသည်။)

မြန်မာပြည်သူ့ကျွန်ဘဝရောက်လို့ အင်္ဂလိပ်အုပ်ချုပ်တဲ့ လက်ထက်မှာ အစိုးရ ရာထူးကြီးကြီး တွေမှာ ကုလားများသာဖြစ်ကြသည်။ မြန်မာများကား ရှားပါးလှပါသည်။ ဆရာကြီးဦးဘခင်သည် ငွေစာရင်းမင်းကြီးရာထူးကို စတင်ထမ်းဆောင်ရသည့် အချိန်၌အစိုးရက အသုံးပြုရန် ကားတစီး ထုတ်ပေးထားသည်။ ဆရာကြီးသည် မိမိအသုံးပြုရန်ထုတ်ပေးထားသော ကားအား ကိုယ်ရေးကိုယ်တာ အသုံးမပြုချေ။ (မော်တော်ကားကို မိန်းမ ဈေးသွားဈေးပြန်၊ ကလေး ကျောင်းပို့ကျောင်းကြို၊ ဂေါက်ကွင်းသွားခြင်းမျိုး မသုံးခဲ့ဟုထင်ပါသည်။ယခုခေတ်တွင် အားလုံးခွင့်ပြု ထားသလားတော့မသိပါ) ဆရာကြီးသည် ရုံးကိစ္စအတွက်သာအသုံးပြုသည်။

သူ၏ အိမ်ကကားပျက်၍ ရုံးမှကားကို သုံးလေးရက်ခန့် ယူသုံးရသည်ရှိတတ်သည်၊ ကားပြန်ကောင်းသည့်အခါတွင် အစိုးရကားကို သုံးရသောသုံးလေးရက်အတွက် ကားခကို တွက်ချက်ပြီး အစိုးရဘဏ်သို့ တရားဝင် ငွေသွင်းသည်။ လာဘ်စားဖို့ စာရင်းလိမ်ဖို့ အသာထား၍ အသေးအမွှား ကိစ္စကိုပင်လျှင် ရှောင်ရှားခဲ့သည်။ သူများကြည်ညိုဖို့ထက် မိမိကိုယ်ကို ကြည်ညိုဖို့က အရေးကြီးဆုံးဟု ထင်မြင်သူ တစ်ဦးလည်းဖြစ်သည်။

ဒုတိယကမ္ဘာစစ်အတွင်း အင်္ဂလိပ်လက်အောက်မှာ မန္တလေးမြို့ကို ဂျပန်ပို့ကဗုံးကြဲပြီး ပြန်လည် လုယူနေချိန်ဖြစ်ပါ၏။ လူထုဒေါ်အမာ၏ စာအုပ်တွင် မန္တလေးကို (၁၈. ၄. ၄၂)နေ့မှာ နန်းတော်ထဲက အထက်မြန်မာပြည်အသင်းတိုက်ကို ဂျပန်လေယာဉ်က ဗုံးလာကြဲတာမို့ ကမ္ဘာစစ်ကြီး အဲဒီနေ့ကစပြီး မန္တလေးကိုဝင်ရောက်ခြင်းဖြစ်ပါတယ်။ (၃. ၄. ၄၂)မှာ ဂျပန်ဗုံးကြဲ လေယာဉ် အစင်း(၈၀)နဲ့ တမြို့လုံးကို ဗုံးတွေကြဲခဲ့ကြတယ်။ မီးလောင်ဗုံးတွေချခဲ့လို့ လူနေအိမ် သုံးသောင်း၊ ဘုန်းကြီးကျောင်းလေးရာ ပျက်စီးပြီး လူသုံးထောင်ခန့် သေခဲ့တယ်။ အဲဒီအချိန်မှာ တမြို့လုံးကလဲ မီးလောင်နေတော့ မန္တလေးဘူတာကြီး ငွေစာရင်းဌာနမှဝန်ထမ်းများ ကြောက်လန့် တကြား ထွက်ပြေးကြရာ တယောက်မှမရှိတော့ပါ။

မန္တလေးကို အုပ်ချုပ်သော အင်္ဂလိပ်များပင် အပြေးအလွှားဆုတ်ခွာပြီး ပြင်ဦးလွင်သို့ ရောက်နေလေပြီ၊ အဲဒီအချိန်မှ လုပ်ငန်းတာဝန်ဖြင့် အပြင်ရောက်နေသော ငွေစာရင်းအရာရှိ ဦးဘခင်သည် ဗုံးတွေ တဝုန်းဝုန်းချနေသည့်ကြားထဲမှ ရုံးခန်းထဲသို့ ပြေးဝင်လာပြီး ရုံးခန်းထဲမှာရှိတဲ့ ငွေတွေအားလုံးကို အိတ်ကြီးတလုံးထဲသို့ အကုန်ကျုံးထဲ့ပြီး ဝင်ငွေထွက်ငွေ စာရင်းရှင်းတမ်းများ လက်ကျန်ငွေစာရင်းရှင်းတမ်းများ၊ စာရွက်စာတမ်းအားလုံးကို အဲဒီအိတ်ထဲထည့်ပြီးလုံခြုံစွာ ပိတ်လိုက်သည်။ (ဘာလုပ်မည် ထင်ပါသလဲ၊ အဲဒီအလုပ်ကို ဘယ်သူမှလဲမမြင်၊ ပိုင်ရှင်လဲ မရှိတော့၊ အိမ်ယူသွားလဲ ဘယ်သူမှမသိ၊ တသက်လုံးစားလောက်ပြီဆိုတော့ . . . . )

ဦးဘခင်ကတော့ သူများမသိပေမဲ့ ငါသိတယ်၊ ဒါဟာ ခိုးတာဘဲဆိုတဲ့ အသိနဲ့မယူပါ။ စဉ်းတောင်မစဉ်းစားပါ။ အင်္ဂလိပ်များကို လိုက်ပေးရန် စိစဉ်တော့လေသည်။ စာရိတ္တကို လျှော့ပေါ့ စဉ်းစားကြလျှင် အိမ်ကိုယူသွားရန် ဆုံးဖြတ်ကြမည်မလွဲပါ။

ဗုံးသံကွဲ နဲနဲကြလာသဖြင့် ကားတစီးငှားကာ အင်္ဂလိပ် အရာရှိများရှိမည့် ပြင်ဦးလွင်သို့ လိုက်သွားတော့သည်။ အင်္ဂလိပ်နှင့်တွေ့ပြီး ငွေများ၊ စာရင်းများကို အတိအကျ ပြန်အပ်သည်။ အင်္ဂလိပ်များက ဦးဘခင်အား ချီးကျူးကြသည်။ အံ့ဩစရာပင် ဖြစ်တော့သည်။ အဲဒီသိန်းချီသော ငွေများ အပ်ပြီးနောက်အင်္ဂလိပ်များထံ တောင်းဆိုတော့သည် 'ကျနော်ငှားလာသော ကားခနှင့် ဒီလလစာများ ပေးနိုင်မလားတဲ့'-ယခုခေတ်လူများ အမြင်နဲ့ဆိုလျှင် ဦးဘခင်ကို ခပ်တုံးတုံးခပ်အအ လူကြီးတယောက်လို အထင်သေးကြမည်။ ဦးဘခင်ကတော့ အကုသိုလ် အလုပ်က တဘဝစာ ရပေမဲ့ တလခရရင် ပြီးရောဆိုပြီး စာရိတ္တကို ပြလိုက်ခြင်းပင်ဖြစ်သည်။

မြန်မာပြည်တွင် လွတ်လပ်ရေးရတော့ ဦးဘခင်ကို ငွေစာရင်းမင်းကြီး ရာထူးတွင် ဆက်လက်ထမ်းဆောင်ရသည်။ ငွေစာရင်းမင်းကြီးအပြင် ကောက်ပဲသီးနှံရောင်းဝယ်ရေးဥက္ကဋ္ဌ အပြင် အခြားဌာနအမရေးကြီးသောနေရာများတွင် ပူးတွဲထမ်းဆောင်စေသည်။ ဦးဘခင်၏ ရိုးသားမှုရဲ့ ရလဒ်ပင်ဖြစ်သည်။ တခါက ကောက်ပဲသီးနှံ ကိစ္စတခုတင်ဒါတင်ရန် လျှောက်လွှာများ ခေါ်ယူ၏။ ဦးဘခင်နှင့်အဖွဲ့ထံ ဈေးနှုန်းတင်ပြရ၏။

စားနေကြ၊ သောက်နေကြဥက္ကဋ္ဌများထုံးစံအတိုင်းဆိုလျှင် ကုန်သည်ကြီးတဦးဦးထံမှ တစုံတခုသော အကျိုးအမြတ်ရယူလျက် တင်ဒါလက်ခံမည်မလွဲပေ။ ဦးဘခင်သည် သူ့တသက်တာတွင် ရသည့်လခမှတပါး အပိုလာဘ်စားခြင်းဟူ၍ လုံးဝမရှိခဲ့။ ဒါကြောင့်အဖွဲ့နှင့် တိုင်ပင်ပြီး အနဲဆုံးဈေးနှုန်း ပေးသူသို့ပေးရန် အားလုံးသဘောတူစွာဖြင့် ဆုံးဖြတ်ခဲ့လေသည်။ စာထုတ်ပေးရန်သာ ရှိတော့သည်။ ထိုစာကိုအစိုးရခွင့်ပြုသောကုန်သည်ထံမရောက်မီ ကုန်သည်ကြီးကဦးဘခင်ထံ တံစိုးလက်ဆောင်များနှင့် ရောက်လာပြီးပေးအပ်သည်။ ဦးဘခင်သည် ယူထားလိုက်လျှင်လည်း ဖြစ်နေတာ၊ သို့သော် ဦးဘခင်က လာဘ်ပေးသောထိုကုန်သည်ကြီးကို ဆူပူကြိမ်းမောင်းပြီး မောင်းထုတ်ခဲ့သည်။ ထိုကုန်သည်ကြီးမှာ ဥက္ကဋ္ဌကမကျေမနပ်ဖြစ်၍ တင်ဒါမရတော့ဘူးဟု ထင်ကာ စိတ်ပျက်လက်ပျက် ထွက်သွားတော့သည်။ သို့သော် နောက်နေ့တွင် ထိုကုန်သည်ကြီးပင် လုပ်ငန်းရသွားတော့သည်။

စားခွင့်သာနေသော တံစိုးလက်ဆောင်ကိုပင် မစားသောက်ဘဲ နေနိုင်သည်။ ဦးဘခင်၏ စာရိတ္တသတ္တိကို မချီးကျူးဘဲ မနေနိုင်တော့ပါ။ ယခုခေတ်တော့ ဒီလိုပုဂ္ဂိုလ်မျိုး ရှိနိုင်ပါသေးသလား။ ကျနော်တို့မသိသော စာရိတ္တသတ္တိအားကောင်းသည့် ပုဂ္ဂိုလ်များ-များစွာရှိနေမည်ဟု ထင်မြင်မိပါသည်။

## ဝိပဿနာကြောင့်လူကောင်းဖြစ်သွားသော လူဆိုးကြီး

### (ဝန်ကြီးချုပ်ဦးနု၏ ငရဲဆိုတာချိုနဲ့လား)

### တကယ့်ဖြစ်ရပ်မှန်

ဝိပဿနာအားထုတ်တာကြောင့် လူဆိုးကြီးစိတ်ပြောင်းလာပုံကို ထောင်တွင်းကဝန်ကြီးချုပ် ဦးနုက သူ၏ကိုယ်တွေ့ကို စာအုပ်ရေးသားခဲ့ပါသည်။ (ငရဲဆိုတာ ချိုနဲ့လား)။

၁၉၆၂ တော်လှန်ရေးကောင်စီတက်လာတော့ ဝန်ကြီးချုပ်ဦးနုနှင့် အစိုးရအဖွဲ့ကို ဦးနေဝင်းမှ ဖမ်းဆီးပြီး ထောင်ချခဲ့သည်။ ၃နှစ်ကျော် ထောင်ကျခဲ့သည်။ ဦးနုက-အထိန်းသိမ်းခံရစဉ် အတောအတွင်း ကျွန်တော်ဟာ လောကုတ္တရာစာပေတွေကို အတော်များများဖတ်ဖို့ အချိန်ရခဲ့တယ်။ ဒီစာပေတွေကို ဖတ်ရှုရသူ မှန်သမျှကို

(က) ယခုမျက်မှောက်ခေတ် ဘဝမှာ အများကြီး အကျိုးပေးနိုင်တယ်။

(ခ)နောက်တမလွန်ဘဝ အဆက်ဆက်မှာလည်း နိဗ္ဗာန်စံဝင်ရတဲ့အထိ အများကြီးအကျိုးပေး နိုင်တယ်။

အဲဒါကြောင့် ဒီလောကုတ္တရာစာပေတွေကို လူအများသိအောင် ဖြန့်ဝေပေးဖို့ဆန္ဒတွေ ကျွန်တော့်မှာ ပြင်းပြင်းပြပြ ဖြစ်လာတယ်။ အဲလိုဖြစ်လာတဲ့အတွက် ဘာသာရေးဆိုင်ရာ စာအုပ်တွေကို ပုံစံမျိုးစုံနဲ့ ရေးသားခဲ့ပါတယ်။ ဒီအထဲက ‘ငရဲဆိုတာ ချိုနဲ့လား’ဆိုတဲ့ စာအုပ်လဲ တစ်အုပ်ပါဝင်ပါတယ်။

ထောင်မကျခင် ဦးနုဟာ မဟာစည်ဆရာတော်ဘုရားကြီးထံမှာလည်း တရားဝင် ခဲ့ပါတယ်။ ဝိပဿနာတရားတွေကိုလဲ နာခဲ့ပါတယ်။ အဲဒီလို မကြာခဏနာကြားရင်း အမိသတ်တဲ့ ကံ၊ အဖသတ်တဲ့ကံ၊ သံဃာကို ဂိုဏ်းခွဲတဲ့ကံ၊ ရဟန္တာကိုသတ်တဲ့ကံ၊ (ကံကြီးငါးပါးကို)ကို မကျူးလွန်ခဲ့ သေးရင် ဘယ်လောက်အထိ ဆိုးတဲ့သူဖြစ်ပါစေ၊ ဝိပဿနာတရားကို အားထုတ်နိုင်တယ်။ ဒီလို တရားအားထုတ်ပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေရရင် ဒီသူဟာပကတိလူကောင်း ဖြစ်သွားတယ်။ တခါတည်း ဘဝပြောင်းသွား သလို လူဆိုးကြီးအဖြစ်က လူကောင်းကြီး အဖြစ်ကို ရောက်သွားတယ်။

အရင်က သူတစ်ပါးကို သတ်ဖြတ်ညှဉ်းဆဲခဲ့ဖူးတဲ့ လူဆိုရင် တရားရပြီးတဲ့ အချိန်ကစပြီး သတ်ဖြတ်ညှဉ်းဆဲလို့မရတော့ဘူး၊ ခိုးသူဆိုလည်း ခိုးတိုက်လို့မရတော့ဘူး၊ သူတစ်ပါးသားမယား သမီးပျိုများကိုဖျက်ဆီးတဲ့ လူဆိုရင်လည်း ဖျက်ဆီးလို့မရတော့ဘူး၊ လိမ်ပြောတဲ့ လူဆိုရင်လဲ လိမ်ပြောလို့ မရတော့ဘူး၊ အရက်သေစာ သောက်စားမူးရစ်တဲ့ လူဟာလဲ သောက်လို့မရတော့ဘူး၊ အဲဒီတရား တွေကို နာရ၊ ကြားရ၊ ဖတ်ရတာတွေကြောင့် ကျွန်တော်(ဦးနု)ဟာ ဝိပဿနာ တရားတော်မှာ အများကြီး စိတ်ဝင်စားလာတယ်။ စမ်းသပ်ချင်တဲ့စိတ်လဲ ပေါ်လာတယ်။

အဲဒါကြောင့် စမ်းသပ်ကြည့်ဖို့အတွက် ဘယ်သူ့ကို သာသနာရိပ်သာ ပို့ရပါ့မလဲ၊ စဉ်းစားကြည့်တဲ့အခါ ကျွန်တော်တို့ဝါးခယ်မက သခင်အောင်သင်းဆိုသူကို ကျွန်တော်ပြေးပြီး သတိရတယ်။ (ဦးအောင်သင်းဆိုးပုံကို အတိုချုံးရေးပါ့မယ်။) ကိုအောင်သင်းက သိပ်ဆိုးတယ်။ ဦးနုက ဆယ့်သုံးနှစ်၊ ခုနှစ်တန်း။ ကိုအောင်သင်းက ဆယ့်ခြောက်နှစ်၊ ခုနှစ်တန်း။ ဦးနုကို ကုလားထိုင်နဲ့ ရိုက်ဖို့လာတယ်။ ကိုအုန်းဖေဆိုသူကဝင်ဆွဲတော့ ကိုအုန်းဖေကိုရိုက်လိုက်တယ်။ လက်ကျိုးသွားတယ်။ နောက်နေ့ကျတော့ ကျောင်းကအပြန် ဦးနုကို မေးရိုးဆွဲထိုး၊ လက်သီးတွေ ဒူးတွေ ဖနောင့်တွေ အောက်မှာ လူးလိမ့်ခံရတယ်။ တခြားတစ်ယောက်က သူ့ကိုခဲနဲ့ပေါက်လိုက်လို့ ဦးနုမှာ မသေလိုက်တာပဲ။

တခြားလူငယ်တွေ အားလုံးကလဲ သူ့ရဲ့ဒဏ်ကိုခံရတယ်။ သင့်သင့်မြတ်မြတ် ဖြစ်နေရာက စိတ်မထင်ရင် တွေ့ကရာနဲ့ဆွဲရိုက်တာ။ ရိုက်ရင်လဲ သက်သက်သာသာမဟုတ်ဘူး။ တစ်ဖက်သား မေ့မြောနေအောင်လုပ်တာ၊ ကိုအောင်သင်းကျောင်းကထွက်တော့ ပိုဆိုးလာတယ်။ ဘာပဟုတ်တဲ့ နိုင်ငံရေးဝါဒတွေဖတ်ပြီး ရတနာသုံးပါးလဲ မကြည်ညိုတော့ဘူး။ ကံ ကံ၏အကျိုးကိုလဲ မယုံကြည်တော့ဘူး။ လူတွေသေရင် ပြီးရော၊ ပုတ်ရော၊ ချုပ်ရော၊ နောက်ထပ် ဘာမှမဖြစ်တော့ဘူးဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိဝါဒမျိုးကို လက်ခံလာတယ်။ ငါးပါးသီလတွေ မပြောနဲ့။ အဲဒါနဲ့ဘီအိုင်အေခေတ်ရောက်လာတယ်။သူက ဗိုလ်အဖြစ်နဲ့ နယ်တစ်နယ်ကို ထိန်းရတယ်။ လူဆိုးတွေကိုဘယ်လောက်ကွပ်ကဲသလဲဆိုရင် ထွက်ပြေးနိုင်တဲ့ လူဆိုးမှန်သမျှ တခြားနယ်ကိုအားလုံး ယွက်ပြေးရတယ်။ ထွက်မပြေးနိုင်တဲ့ လူဆိုးတွေကတော့ သူ့နယ်ထဲမှာ နားရွက်မခတ်ရဲဘူး။ ရဟန်းတော်တွေ လူကြီးလူကောင်းတွေကို အကာအကွယ်ယူနေရတယ်။

လွတ်လပ်ရေးရပြီးစတစ်နေ့တော့ သခင်အောင်သင်းဟာ ကျွန်တော့အိမ်လာတယ်။ ဧည့်သည်ကို ကော်ဖီ၊ ဆေးလိပ် ယူပေးနေကျတပည့်လေးတစ်ယောက်က ကော်ဖီကိုယူပြီး ဧည့်ခန်းထဲဝင်လာရင်း သခင်အောင်သင်းကိုမြင်တာနဲ့တပြိုင်နက် ရှေ့မတိုးလာဘဲ လှည့်ထွက် သွားတယ်။ အခြားတစ်ယောက်က ကော်ဖီယူလာရတယ်။

လူဆိုးတွေကို ဂျပန်တွေက လှံစွပ်နဲ့ ထိုးသတ်နေတာကို မတုန်မလှုပ်နဲ့ ကြည့်နေရဲတဲ့ အဲဒီကလေးက သခင်အောင်သင်းကိုမြင်တော့ အနားတောင်မလာရဲဘူး။ ကျွန်တော်ဟာ လက်မြန်တဲ့ သူတွေများစွာတွေ့ဖူးပါတယ်။ ကိုအောင်သင်းကိုမှီတာ တစ်ယောက်မှမရှိဘူး။ သာဓကလေးတစ်ခု ပြောပြပါမယ်။ ကိုအောင်သင်း သူ့ဇနီးသည်ဒေါ်သိန်းတင်နဲ့ အိမ်ထောင်ကျတဲ့အခါ ဒေါ်သိန်းတင်ကလဲသတ္တိကောင်း မဟုတ်မခံ၊ ဆက်ဆက်ကျဲဘဲ ဆွေမျိုးတွေကရင်တမမ ကြည့်နေကြရတာ၊ သခင်အောင်သင်းက ဒေါသကလဲကြီး လက်ကလဲမြန်တာ လေးငါးရက်လောက် ကြာတော့ သတင်း ကြားရတာပဲ။ ရန်ဖြစ်လို့ ကိုအောင်သင်းလက်သီးနဲ့ ထိုးထားတာ ဒေါ်သိန်းတင်ရဲ့ အညိုအမဲစွဲပြီး ယောင်နေတဲ့ မျက်ခွက်မှာ မျက်စိပေါက်ရှာလို့ မတွေ့ရဘူးတဲ့။ ဒေါ်သိန်းတင်ကလဲ ရန်ဖြစ်ပြီဆိုရင် အချိန်မဆွဲဘဲ ပြေးရတာ၊ တစ်နေ့ တော့ ဒေါ်သိန်းတင် အိမ်ပေါ်က ဆင်းအပြေး သခင်အောင်သင်းက မိရာကိုဆွဲတာ ထမီကို ဆွဲမိသွားတယ်။

မရှုမလှလုပ်မှာ ကြောက်တော့ ဒေါ်သိန်းတင်ဟာ အရှက်ကိုမငဲ့နိုင်တော့ဘူး၊ ထမီကိုချွတ်ခဲ့ပြီး အိမ်ပေါ်က ဆင်းပြေးရတာ၊ ဒီလောက်ဆိုရင် သခင်အောင်သင်းဟာ ဘယ်လောက် ဆိုးသလဲဆိုတာ သိလောက်ပါပြီ။ (ထပ်လာပါအုံးမယ်။)

အဲဒီသခင်အောင်သင်းကို သာသနာ့ရိပ်သာမှာ စမ်းသပ်ကြည့်ဖို့ ကျွန်တော် ဖိတ်လိုက်ပါတယ်။ မကြာခင် သခင်အောင်သင်း ကျွန်တော့်ဆီ ရောက်လာပါတယ်။

"သခင်အောင်သင်းရေ သာသနာ့ရိပ်သာကို ကျွန်တော်ပို့ပေးမယ်။ခင်ဗျား တရားအားထုတ်ပါ။"

"သာသနာ့ရိပ်သာနဲ့ ငါနဲ့ဘာဆိုင်လို့လဲ၊ မသွားချင်ပါဘူးကွာ။"

"ဒီလိုမဟုတ်ဘူးလေ တရားအားမထုတ်ဘဲ ခုတိုင်းသေသွားရင် ခင်ဗျား သေတဲ့အခါ ငရဲကျလိမ့်မယ်။"

"ငါ ငရဲကို မကြောက်ဘူး"

ရှေ့ဆက်ပြောဖို့ အတော်ခက်နေတာနဲ့ အဲဒီနေ့မှာ သူသွားချင်တဲ့ နေရာတွေကို မော်တော်ကားနဲ့ လိုက်ပို့ခိုင်းတယ်။ စားကောင်းသောက်ဖွယ်တွေကို ကောင်းကောင်းမွန်မွန် ကျွေးတယ်။ နောက်နှစ်ရက်၊ သုံးရက်လည်း ဒီလိုပဲသူစိတ်ပျော်အောင်ထားတယ်။ သူစိတ်ပျော်လာတဲ့အခါ သာသနာ့ရိပ်သာမှာ နည်းနည်းပါးပါးစမ်းကြည့်ဖို့ ကျွန်တော်တိုက်တွန်းတယ်။ အဲဒီအခါမှာ စမ်းကြည့်ဖို့ သဘောတူတာနဲ့ သူ့ကို သာသနာ့ရိပ်သာကို ပို့လိုက်တယ်။

နောက်သုံးရက်ကြာလို့ သာသနာ့ရိပ်သာကို ကျွန်တော်ရောက်သွားတဲ့အခါ သခင်အောင်သင်း မရှိတော့ဘူး။ အိမ်ပြန်သွားပြီတဲ့၊ကျွန်တော်လည်း လက်မလျှော့ဘူး။ နောက်တစ်ကြိမ် ဖိတ်လိုက်တယ်။ သူရောက်လာတဲ့အခါ "ဘာဖြစ်လို့တရားအားမထုတ်ဘဲ ပြန်သွားတာလဲ"လို့ ကျွန်တော် မေးကြည့်တယ်။ "ငါနဲ့တစ်ခန်းတည်း တရားအားထုတ်နေတဲ့ယောဂီကို အလကား နေရင်း ငါသတ်ချင်သလို ဖြစ်လာတယ်၊ ဆက်နေရင်တော့ သတ်ဖြစ်တော့မှာပဲ" "အဲဒါကြောင့် ငါပြန်သွားတယ်"လို့ သူက ဖြေတယ်။

အဲဒါကြောင့် ဒုတိယအကြိမ်မှာ သူတစ်ဦးတည်း တစ်ခန်းသပ်သပ်မှာ တရားအားထုတ်နိုင်အောင် ကျွန်တော်စီစဉ်ပေးတယ်။ကျွန်တော်လည်း ညနေတိုင်းလိုလို သူ့ဆီသွားပြီး အားပေးစကား ပြောတယ်။ ဆယ့်လေးငါးရက်လောက်ကြာတဲ့အခါ အမြဲတမ်း သရဲစီးသလိုဖြစ်နေတဲ့ ရှစ်ခေါက်ချိုး ရှုံ့သိုးသိုးဟာ သူ့မျက်နှာမှာမရှိတော့ဘူး။ သူ့မျက်နှာဟာ ပျော့ပြောင်းလာတယ်။ တည်ကြည် လာတယ်။ သိမ်မွေ့လာတယ်။ ရှေ့တုန်းကဆိုရင် ဒီမျက်နှာထားမျိုးကို တစ်သက်လုံး ကျွန်တော် တစ်ခါမှ မမြင်ခဲ့ရဘူး။ အဲဒါကြောင့် ကျွန်တော်လည်း အများကြီးအားတက်သွားတယ်။

သခင်အောင်သင်းလည်း အားတက်လာပြီး အထူးကြိုးစားအားထုတ်လိုက်တာ၊ နောက်တစ်လလောက် ကြာတဲ့အခါ တရားအဆင်ပြေသွားတယ်။ ဉာဏ်စဉ်နာပြီး နောက်တစ်နေ့ကျတော့ အိမ်ပြန်အုံးမယ်လို့ ကျွန်တော့ကို ပြောတယ်။ နေလက်စနဲ့ နောက်ဆယ့်လေးငါးရက်လောက် နေဖို့ ကျွန်တော်တိုက်တွန်းတဲ့အခါ "အဲဒီတရားတော်ဟာ သိပ်ထူးတယ်၊ မသိန်းတင်လဲ ဒီတရား အားထုတ်စေချင်တယ်၊ သူ့ကိုငါ သွားခေါ်အုံးမယ်"လို့ သခင်အောင်သင်းက ပြောတယ်။ ကျွန်တော်လည်း သိပ်ဝမ်းသာသွားတယ်။ ဒေါ်သိန်းတင်လည်း ပြင်းပြင်းထန်ထန် အားထုတ်လိုက်တာ သူလည်း တရားအဆင်ပြေသွားတယ်။

အဲဒီအချိန်ကစပြီး ယခုအချိန်ထိ အနှစ်နှစ်ဆယ်လောက်အတွင်း သူတို့ရှိတဲ့ နေရာမှာ စီကနဲ၊ ဝုန်းကနဲအသံတွေဟာ တခါမှမကြားရတော့ဘူး၊ သူတို့လင်မယား နှစ်ယောက်လုံးခင်တဲ့ မိတ်ဆွေဟာ တနေ့ကျွန်တော့ဆီ ရောက်လာတယ်။ "သခင်အောင်သင်းနဲ့ ဒေါ်သိန်းတင်တို့ဟာ စကားတောင် ကျယ်ကျယ်လောင်လောင် မပြောတော့ဘူး။ သူတို့အချင်းချင်းဆက်ဆံတဲ့ နေရာမှာလဲ သခင်အောင်သင်းက မောင်လို၊ ဒေါ်သိန်းတင်က နှမလို၊ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ဆက်ဆံကြတယ်။ အရင်တုန်းကလို တစ်ယောက်နဲ့ တစ်ယောက် စားမယ်၊ ဝါးမယ်ဆိုတာတွေ မရှိတော့ဘူး လို့ မိတ်ဆွေက ဝမ်းသာအားရ ကျွန်တော့်ကို ပြောသွားတယ်။ နောက်ပြီးတော့ အရင်တုန်းက ဘယ်သူလာလာ ပေါက်မယ်ဆိုပြီး မြွေဟောက်ကြီးလို ပါးပျဉ်းတထောင်ထောင်နဲ့နေတဲ့ သခင် အောင်သင်းကြီးဟာ စာထဲမှာပါတဲ့ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးဆိုတဲ့ ဥပမာလို ဖြစ်နေပြီ၊ ဘယ်သူက ဘာပြောပြော ခေါင်းငုံ့ခံနေတာပဲလို့ မိတ်ဆွေက ဝမ်းသာအားရ ဆက်ပြောသွားလိုက်သေးတယ်။

ဝိပဿနာကြောင့် သခင်အောင်သင်းလူဆိုးကြီးဘဝမှ သူတော်ကောင်းကြီး ဘဝကို ပြောင်းသွားပုံကို ဝန်ကြီးချုပ်ဘဝမှာ ရေးဖို့စိတ်ကူးထားတာ မကြာခင်အထိန်းအသိမ်းခံရတော့မှ စာရေးဖို့ အချိန်ရတာနဲ့ ထောင်ထဲကနေ ရေးလိုက်တာပါ။

ဒီအဖြစ်အပျက်ကိုကြည့်ရင် ကျွန်တော်တို့ ဝန်ထမ်းလောကမှာ ဒီလောက်ဆိုးတာ တစ်ယောက်မှ ရှိမှာမဟုတ်ဘူး၊ ဝန်ထမ်းတွေကိုအလှည့်ကျ တရားစခန်းဝင်ခိုင်းရင် အဲဒီဝန်ထမ်းအတွက်လဲ ကောင်းသွားမယ်။ တိုင်းပြည်ကြီးအတွက်လဲ ကောင်းသွားမှာပါ။

## စဏ္ဍာသောက - မှ - သိရိဓမ္မာသောက

'ပါတလိပုတ်ပြည့်ရှင် ဗိန္ဒုသာရမင်းကြီးတွင် သားတော်ပေါင်း (၁၀၁)ယောက်ရှိသည်။ အာသောကမှာ သားတော်တပါးဖြစ်ပြီး ညီအရင်းတဦးတိဿလည်းရှိသည်။ ဖခင်ကြီးနတ်ရွာစံတော့ သားတော်များမရှိခင် အာသောက နန်းတက်သည်။ ညီအရင်းတိဿကို ချန်ပြီး (၉၉)ယောက်ကို သတ်ဖြစ်ခဲ့သည်။တိုင်းသူပြည်သားများအပေါ်လည်း ရက်စက်သည်။ မနှစ်သက်သော မှူးမတ်ငါးရာကိုလည်း ကိုယ်တိုင်သတ်ဖြတ်သည်။ ၄င်း မကျေနပ်သော မိဖုရားငါးရာကိုလည်း သတ်ပစ်သည်။ ကာလိင်္ဂတိုင်းကို တိုက်ခိုက်သိမ်းပိုက်စဉ်ကလည်း လူတစ်သိန်းခွဲလောက် အသတ်ခံရသည်။ သူနန်းတက်စက ဆန့်ကျင်ဘက်ရန်သူများကို ညှင်းပန်းနှိပ်စက်ရန် အလွန်ကြီးမားသော ထောင်ကြီးကို တည်ဆောက်၊ ရက်စက်ကြမ်းကြုတ်သဖြင့် စဏ္ဍာသောက (စဏ္ဍာ-ကြမ်းတမ်းရက်စက်သော) မင်းဟု ခေါ်ကြသည်။

နောင်အခါတူတော် နိဂြောဓသာမဏေကိုတွေ့ပြီး ကြည်ညိုရာမှ တရားနာရသဖြင့် စိတ်ဓါတ်များ ပြောင်းလဲသွားတော့သည်။ ထောင်ထဲတွင် ရဟန်းသာမဏေများကိုလည်း ညှင်းပန်းနှိပ်စက်နေတာကိုမြင်ပြီး သံဝေဂရသွားတော့သည်။

ကောင်ကဲမှာရှိသော အကျဉ်းသားအားလုံးကိုလည်းလွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်သည်။ ထောင်ကြီးကိုလည်း ဖြိုဖျက်ပစ်လိုက်သည်။ စိတ်ဓါတ်တွေလည်း ပျော့ပြောင်း နူးညံ့လာပြီး ပြည်သူပြည်သားများအပေါ်လည်း တရားသဖြင့်အုပ်စိုးလာသဖြင့် သိရိဓမ္မာသောကဟု အမည်ပြောင်းလာသည်။

သာသနာတော်ကို သက်ဝင်ယုံကြည်လာသဖြင့် သာသနာ့ ရန်သူများကို သုတ်သင်ပြီးနောက် တတိယသင်္ဂါယနာတင်ခဲ့သည်။ သာသနာ့အမွေခံရန်အတွက် သားတော်မဟိန္ဒနှင့် သမီးတော်သံဃမိတ္တတို့အားလည်း ရဟန်းပြုစေသည်။

အရှင်မဟာကဿပနှင့် အဇာတသတ်မင်းကြီးတို့ သိမ်းဆည်းခဲ့သော ဘုရားရှင်၏ ဓါတ်တော်မွေတော်များကို ရှာယူပြီး အရပ်အသီးသီး၌ စေတီပေါင်း ရှစ်သောင်းလေးထောင်ကို ဆောက်လုပ်လှူဒါန်း ကိုးကွယ်စေကြသည်။

ကိုးတိုင်းကိုးဌာနသို့ ရဟန်းများစေလွှတ်ကာ သာသနာပြန့်ပွားစေသည်။ ရဟန္တာပေါင်း ခြောက်သောင်းတို့အား နန်းတော်၌ အမြဲတမ်းဆွမ်းလုပ်ကျွေး၏။ အာသောကရာမကျောင်း ဆောက်လုပ်လှူဒါန်းခဲ့သည်။ အသက်ကြီးပြီးသေခါနီးတော့ အားလုံးကိုလှူ၏။နောက်ဆုံး သျှစ်သျှားသီး တစ်လုံးသာ ကျန်တော့၏။ မှူးမတ်များက ဘုရင်ကြီးသေလျှင် နောင်တက်လာမည့် ရှင်ဘုရင်မှာ ဘဏ္ဍာငွေများမရှိလျှင် ဒုက္ခရောက်မည်စိုး၍ မင်းဘဏ္ဍာများ ထုတ်ယူခွင့် မပြုတော့ပေ။

သျှစ်သျှားသီးအား သံဃာတော်များအား လှူဒါန်းပြီး "ဤဇမ္ဗူဒိပ်၏ ဧကရာဇ် ဖြစ်ခဲ့ဘူးသော သိရိဓမ္မာသောက မင်းကြီးသည် ယခုအခါ တန်ခိုးအာဏာနှင့် ဘုရင်ဘဝမှ လျော့ကျ၍ ခိုကိုးရာမဲ့ဘဝသို့ ရောက်ရှိနေပြီဖြစ်ကြောင်း"၊ လျှောက်ထားလိုက်ပါဟု မျက်ရည်ဆက်လက်နှင့် မိန့်တော်မူပြီး ထိုညတွင် နတ်ရွာစံတော်မူသည်။

❖ သိရိဓမ္မာသောက မင်းကြီးသည် တုနှိုင်းမရအောင် ဘုန်းတန်ခိုး ကြီးမားသူလည်း ဖြစ်ခဲ့၏။

❖ ရက်စက်ကြမ်းကြုတ်ပြီး လူပေါင်းသိန်းနှင့်ချီ သတ်ဖြတ်ခဲ့၏။

❖ မကျေနပ်သူများကို နှိပ်စက်ရန် ထောင်ကြီး တည်ဆောက်ခဲ့၏။

သာမဏေတပါး၏ တရားကို နာလိုက်ရတဲ့ အခါမှာတော့

➢ ရက်စက်မှုအပေါင်းကို စွန့်လွှတ်ခဲ့ရ၏။

➢ ထောင်ကြီးဖြိုကာ အားလုံး လွတ်ငြိမ်းချမ်းသာခွင့် ပေး၏။

➢ ကမ္ဘာအနှံ့ သာသနာပြုခဲ့၏။

➢ တတိယ သင်္ဂါယနာတင် မင်းဖြစ်ခဲ့၏။

အာသောကမင်းကြီးရဲ့ဖြစ်စဉ်ကို ကြည့်ရင် ဘယ်လောက်ပဲဆိုးဆိုး တရားနဲ့တွေ့ရင် တရားကိုသဘောပေါက်သွားရင် သင့်တင့်စွာနှလုံးသွင်းတတ်ရင် အလွန်ကောင်းသောလူတယောက် ဖြစ်သွားနိုင်ပါတယ်။

ဝိပဿနာတရားကို အားထုတ်ပါ။ မကောင်းမှုလုပ်ရမှာကို ရှက်လာပါမယ်။ကြောက်လာပါမယ်။ ဒါကြောင့် နောက်ကြောင်းပြန်ပြီး ကုက္ကုစ္စ မဖြစ်ပါနဲ့။ ယနေ့မှစ၍ အားထုတ်ပါ။

ခရစ်တော်မပေါ်မီ နှစ်(၃၀၀)ခန့်က အိန္ဒိယနိုင်ငံ၏ ဧကရာဇ်အာသောကမင်းကြီးသည် သူ၏ ကျယ်ပြန့်လှသော အင်ပါယာကြီးကိုအုပ်ချုပ်ရာ၌ ဝိပဿနာကို ပြုပြင်ပြောင်းလဲရေး လက်နက်ကိရိယာတစ်ခုအဖြစ် အသုံးပြုခဲ့သည်။ နိုင်ငံကိုအုပ်ချုပ်ရာတွင် အာသောကမင်းကြီးသည် ဘာသာတရားကိုင်းရှိုင်းမှု၊ မေတ္တာတရားနှင့် သဘောထားကြီးမှု၊ အကျင့်စာရိတ္တနှင့် ကိုယ်ကျင့်တရားကောင်းမွန်ဖြောင့်မတ်မှုတို့ကို တစ်ဦးချင်းအရသော်၎င်း၊ လူအများအားအုပ်ချုပ်ရာတွင်၎င်း ပေါ်လွင်စေခဲ့၏။

လူ့သမိုင်းတွင် ယှဉ်ဖက်မရှိသော လူသားများအပေါ် စာနာမှုအပြည့်ရှိပြီး အများ၏ ကြီးပွားချမ်းသာရေးကို ဦးတည်သော ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်တစ်ခုကို စီစဉ်ဖော်ထုတ်နိုင်ခဲ့သည်။ အင်ပါယာအနှံ့ ကျောက်တောင်များ၊ ဂူများတွင် ထွင်းထားသော အာသောကမင်းကြီး၏ အုပ်ချုပ်မှုမှတ်တမ်းများအရ ၎င်း၏တိုင်းသူပြည်သားများကို သားသမီးများသဖွယ် မေတ္တာထားပြီး လူအများ ကိုးကွယ်ရာ ဘာသာအားလုံးကိုလည်း လေးစားမှုရှိကြောင်း အိမ်နီးချင်းနိုင်ငံများနှင့်လည်း ငြိမ်းချမ်းစွာ ဆက်ဆံကာ အပြန်အလှန် ယုံကြည်မှုတို့ကို တိုးပွားစေခဲ့ကြောင်း ဖော်ပြထားပါသည်။

အာသောကမင်းကြီးက ၄င်းမတိုင်မီက စိုးစံအုပ်ချုပ်မင်းလုပ်ခဲ့သော ဘုရင်များသည် သူနှင့်အလားတူပင် တိုင်းပြည်၏ တိုးတက်ရာတိုးတက်ကြောင်းကို လိုလားခဲ့ကြသော်လည်း လုပ်ဆောင်ရာ၌ မအောင်မြင်ခဲ့ကြကြောင်း၊ သို့သော် သူအနေနှင့်မူ အောင်မြင်မှု ရခဲ့ကြောင်းကို ရေးသားထားသည်။ သူသည်အတွင်း အဖျတ္တသန္တာန်ကိုရှုမှတ်သည့် ဝိပဿနာကိုအသုံးပြု၍ အောင်မြင်ကြောင်း ထိုကျောက်စာတွင် ရှင်းလင်းဖော်ပြထားပါသည်။ ဆက်လက်၍ ဤအချက်အလက်ကို ကမ္ဘာတည်သရွေ့ မပျောက်မပျက်စေရန် ကျောက်ထက်အက္ခရာတင်ထားရန် အမိန့်ချမှတ် မှာကြားခဲ့ကြောင်း ဖော်ပြထားသည်။ တိုင်းသူပြည်သားများ၏ အကျိုးကိုလိုလားသော အစိုးရတစ်ခု၏ ရည်မှန်းချက်များကို အောင်မြင်စေရန် ဝိပဿနာကိုထိရောက်စွာ အသုံးပြုခဲ့ကြောင်း ပေါ်လွင်ထင်ရှားစွာ မှတ်တမ်းတင်ထားခြင်းပင်ဖြစ်သည်။

အာသောကခေတ်နောက်ပိုင်းကာလနှစ်ပေါင်းသုံးလေးရာခန့် ဆက်လက်၍ ဝိပဿနာ၏ အကျိုးထူးများ ဆက်လက်ဖြစ်ထွန်းခဲ့ပါသည်။အချိန်ကြာမြင့်လာပြီး ရာစုနှစ်များစွာ ရွေ့လျားလာသည်နှင့်အမျှ မသမာသူများသည် ဝိပဿနာနည်းစနစ်ကို အပြောင်းအလဲ၊ အဖြည့်အစွက်များ ပြုလုပ်လာခဲ့ကြသည်။ ဤသို့အားဖြင့် ဝိပဿနာကျင့်စဉ် တရပ်လုံးသည် စတင်ပေါ်ထွန်းခဲ့ရာ မူလဒေသဖြစ်သည့် အိန္ဒိယနိုင်ငံမှ ပျောက်ကွယ်သွားခဲ့တော့သည်။

မကြာသေးသောကာလက ဆရာကြီးဦးဘခင်(၁၈၉၈-၁၉၇၁) သည် အထင်ရှားဆုံးသော ဝိပဿနာဆရာတစ်ဦးဖြစ်သည်။မြန်မာနိုင်ငံ၏ စာရင်းကိုင်ချုပ်အဖြစ် မိမိဦးစီးခဲ့သော ဌာနများအတွင်း ပြုပြင်မှုများစွာလုပ်ဆောင်ခဲ့သည်။ (သူ့အကြောင်းသီးခြား ရေးသားထားပါသည်။) ဌာနတွင်း လာဘ်ပေးလာဘ်ယူမှုများ ပပျောက်စေခြင်း၊ ကိုယ်တိုင်လည်း ကင်းရှင်းစွာနေထိုင်ခြင်း၊ ဌာနအတွင်းဝန်ထမ်းများကို ဝိပဿနာတရားအားထုတ်စေပါသည်။ အဲဒါကြောင့် ဌာနတွင်း စွမ်းရည်မြင့်မား တိုးတက်စေခြင်း၊ ဆုံးဖြတ်ချက်များမြန်ဆန်စွာ ချမှတ်နိုင်စွမ်းရှိခြင်း။ အချင်းချင်း ဆက်ဆံရေး ကောင်းမွန်တိုးတက်မြင့်မားစေခြင်းစသည်တို့ကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ (မြန်မာပြည် ရုံးဌာနများတွင် တစ်နေ့ နာရီပက်ခန့်ဖြစ်စေ၊ တစ်နာရီဖြစ်စေ၊ ဝိပဿနာအားထုတ်သည့် အလေ့အကျင့် လုပ်သင့်ပါသည်။)

ဝိပဿနာတရားကို ရည်ရွယ်ချက်ကောင်းကောင်းအားထုတ်သူသည် အောင်မြင်မှု ရမည်မှာ သေချာပါသည်။ သန့်စင်သော စွမ်းအားထက်သောစိတ်၊ တရားဓမ္မ၏သဘောကို ထိုးထွင်းသိသောပညာများ တိုးတက်လာသည်နှင့်အမျှ လူသားများ၏အကျိုးကို နည်းလမ်းမှန်ကန်စွာ သယ်ပိုးနိုင်မည်ဖြစ်သည်။ တရားသမားဖြစ်စေ၊ ကျောင်းသားဖြစ်စေ၊ တရားပတ်ကို အောင်မြင်သွားအောင် အားထုတ်ပြီးစီးသူတိုင်း အကျိုးများစွာဖြစ်ထွန်းနေမည်ဖြစ်သည်။

ဆရာကြီးဦးဘခင်က ဝိပဿနာအားထုတ်ခြင်းသည် သာယာဝပြောသော နိုင်ငံတစ်နိုင်ငံ တည်ဆောက်ရန်နှင့် ဝန်ထမ်းလောက အကျင့်ပျက်မှုကို တိုက်ဖျက်ရန်အတွက် အသုံးပြုနိုင်ရန် တည်ငြိမ်မှုနှင့် စွမ်းအား စုစည်းပေးနိုင်သည်ဆို၏။ သူကိုယ်တိုင် စံပြအဖြစ်လည်းလုပ်ပြခဲ့၏။ ဝိပဿနာမူလစတင် ပေါက်ဖွားခဲ့သည့် အိန္ဒိယနိုင်ငံသို့ ပြန်လည်သယ်ဆောင်ပေးရန် သူ၏ အထင်ရှားဆုံးတပည့်ဖြစ်သူ ရှရီအက်စ်အင်ဂိုအင်ကာကို တာဝန်ပေးခဲ့သည်။ ၁၉၆၉ ခုနှစ်၊ ဇူလိုင်တွင် အိန္ဒိယနိုင်ငံတွင် ပထမဆုံးတရားပါတ်ကို စတင်နိုင်ခဲ့သည်။

## ဝန်ထမ်းနှင့် အကျဉ်းသားများအတွက် ဝိပဿနာ

ရာဂျာစတန်ပြည်နယ်အစိုးရသည် နည်းလမ်းတစ်ခုအဖြစ် ဝိပဿနာကို အသုံးပြု၍ အစိုးရဌာနများကို ပြောင်းလဲပြုပြင်ရန်ဆုံးဖြတ်ခဲ့သည်။ ပထမအဆင့်အနေဖြင့် ကြမ်းကြုတ်ရက်စက်သော ပြစ်မှုများ ကျူးလွန်ခဲ့သဖြင့် ဂျေပူရ်ဗဟိုအကျဉ်းထောင်အတွင်း အပြစ်ဒဏ်ခံနေရသော ထောင်သားများနှင့် အဆိုပါအကျဉ်းထောင်မှ ဝန်ထမ်းများအား တရားပြသပေးရန် ၁၉၇၅ ခုနှစ်တွင် ဆရာကြီးဦးဂိုအင်ကာအား ပင့်ဖိတ်ခဲ့သည်။

ထိုတရားပတ်မှ အံ့သြဖွယ်ကောင်းသော ရလဒ်များရရှိခဲ့သည်။ ထောင်သားများသည် ပြုလုပ်ခဲ့သော ပြစ်မှုများကို နောင်တတရားရရှိခြင်း၊ စိတ်ဖိစီးမှုများမှ သက်သာရာရခြင်း၊ ကိုယ်နှုတ် အပြုအမူများ သိသိသာသာ ပြောင်လဲခြင်း စသည်တို့ဖြစ်လာကြ၏။ ထောင်ဝန်ထမ်းများ အနေနှင့် လည်း ၎င်းတို့၏ တာဝန်ဝတ္တရားအပေါ် ပိုမိုနားလည် သဘောပေါက်လာကြသည်။

၁၉၇၆ ခုနှစ်အတွင်း ရာဂျာစတန်ပုလိပ်သင်တန်းကျောင်းတွင် ပုလိပ်ဝန်ထမ်းအဆင့်ဆင့် ပါဝင်တက်ရောက်ခဲ့သော တရားပတ်တစ်ခု ဖွင့်လှစ်နိုင်ခဲ့သည်။ ယောဂီတို့၏ စိတ်ပိုင်းဆိုင်ရာများကို သိသာထင်ရှားစွာ ပြုပြင်ပြောင်းလဲပေးနိုင်ခဲ့သည်။ ရာဂျာစတန်ပြည်နယ် အစိုးရပြည်ထဲရေးဌာနမှ တရားပတ်ဝင်ခဲ့သူ အကြီးတန်းအရာရှိများက ဌာနတွင်းပြုပြင်ပြောင်းလဲမှုများကို လုပ်ကြရာ လုပ်ငန်းများ လျှင်မြန်စွာသွက်လက်စေခြင်း၊ ဆုံးဖြတ်ချက်များ မြန်ဆန်လာခြင်း၊ အထက်လူကြီးများနှင့် လက်အောက်ဝန်ထမ်းဆက်ဆံရေး ပိုမိုပြေလည်လာခြင်း စသည့်အကျိုးကျေးဇူးများ ရရှိခဲ့သည်။ ၁၉၉၄ခုနှစ်တွင် အကျဉ်းသား (၁၀၀၀)ကျော်ဝင်ရောက်၍ တရားအားထုတ်ခဲ့သော တရားပတ်ကြီး တစ်ခုကို ဆရာကြီးဦးဂိုအင်ကာ ကိုယ်တိုင်ပို့ချပေးခဲ့သည်။ အကျဉ်းသားများအပေါ် အကျိုး သက်ရောက်မှု အားကြီးသဖြင့် အကျဉ်းထောင်ပြုပြင်ရေးသမိုင်းတွင် ထူးခြားမှုရှိသော တရားပတ် ဖြစ်ခဲ့သည်။

မာဒယပရာဒေ့ရှ် ပြည်နယ်အစိုးရက ပြည်နယ်အုပ်ချုပ်မှုသင်တန်းကျောင်း၌ ကျင်းပသော ဝိပဿနာတရားစခန်း တက်ရောက်သူ အရာရှိများကို တာဝန်ချိန် (On Duty) အဖြစ် သတ်မှတ်ပေးရန် ဆုံးဖြတ်ချက် ချထားပါသည်။ ရာဂျာစတန်ပြည်နယ် အစိုးရသည် မကြာခင်က

ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ခဲ့ပါသည်။ ထိုဆုံးဖြတ်ချက်မှာ ပြည်နယ်အတွင်းရှိ ပုလိပ်ဝန်ထမ်းများ အဆင့်အားလုံး ဂျေပူရ်မြို့ဂါတ်တဲများမှ ပုလိပ်ဝန်ထမ်းများသည် ဝိပဿနာတရားပတ်များနှင့် ထိတွေ့မှု ရှိစေရမည်ဟူ၍ ဖြစ်ပါသည်။

အရေးပါသော ပေါ်လစီပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်အနေနှင့် အစိုးရဝန်ထမ်းများကို ဝိပဿနာ သင်တန်းတက်ရန် အထူးခွင့်ရက်များ ခံစားခွင့်ရရှိစေခြင်းဖြစ်ပါသည်။ ပြည်နယ်ပုလိပ်သင်တန်း ကျောင်းတက်ရောက်ကြသည့် သင်တန်းသားများအား ဝိပဿနာသင်တန်းများ ပုံမှန်ပေးသွားရန် ဆုံးဖြတ်ခဲ့သည်။

ဤတွင် အစိုးရဌာနများအတွင်း ဝိပဿနာသင်တန်းများ ပို့ချမှုအကြောင်း အကျဉ်းချုပ်ကို ဖော်ပြ၍ပြီးပါပြီ။ ယနေ့မျက်မှောက်ကာလတွင် အစိုးရများသည် လူ့အဖွဲ့အစည်းများတွင် နေရာအနှံ့ သက်ရောက်မှုရှိသည့် အခန်းကဏ္ဍတွင် ပါဝင်နေပါသည်။ အစိုးရတခု၏ အကျင့်သိက္ခာနှင့် အရည်အသွေးတို့ကို ၎င်းအစိုးရတွင် ပါဝင်စီမံအုပ်ချုပ်နေသူများက ပုံဖော်လျက်ရှိပါသည်။ ၎င်းတို့ အား ကရုဏာရှိရန်၊ စာနာစွာတုန့်ပြန်တတ်ရန်၊ မြင့်မားသောအကျင့်သိက္ခာရှိစေရန်တို့ကို လေ့ကျင့် ပေးထားရပါမည်။ ဤသို့ဖြစ်လာစေရန် အုပ်ချုပ်မှုပိုင်း ကျွမ်းကျင်မှုပညာသာပေး၍ မရနိုင်ပေ။ လူ့ဘောင် တစ်ရပ်လုံးကို စိန်ခေါ်နေသည့် စိတ်ပိုင်းဆိုင်ရာ နှလုံးသွင်းမှုများ၊ သဘောထားမှုများ ကိုလည်း ပြောင်းလဲပေးရမည်။ ဝိပဿနာသည် ယောနိသောမနသိကာရ (သင့်တင့်သော နှလုံးသွင်းမှု)ကို ရရှိစေရန် ပြောင်းလဲပေးနိုင်သည့် နည်းလမ်းဖြစ်သည်။ မြန်မာပြည်တွင် မွမ်းမံ သင်တန်းများပေးနေသော ဖောင်ကြီးသင်တန်းများတွင်လည်း ဝိပဿနာကို သင်တန်းပေးသင့် ပါသည်။ အုပ်ချုပ်မှုတတ်ရုံမဟုတ်ဘဲ စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုအတွက် အထောက်အကူဖြစ်ရန် ဖြစ်ပါသည်။

ဝိပဿနာတရားပတ်တစ်ခုကိုတက်ခဲ့သူမိတ်ဆွေတစ်ဦး၏ ပြောင်းလဲပုံကို အားရသဖြင့် ရာဂျာစတန်ပြည်နယ်အစိုးရ၏ ပြည်ထဲရေးအတွင်းဝန် မစ္စတာရာမ်ဆင်းသည် တာဝန်များမြောင် လှသည့်အထဲမှ ခွင့်(၁၀) ရက်ယူပြီး ၁၉၇၅ခုနှစ် အတွင်းက ဂျေပူရ်တွင် ကျင်းပသော တရားပတ်ကို တက်ရောက်ခဲ့သည်။

(၁၀)ရက်စခန်းအပြီးတွင် ဤဝိပဿနာတရားကျင့်စဉ်သည် အလွန်တရာ ထိရောက်မှုရှိပြီး ရလဒ်ကိုဦးတည်သော သိပ္ပံနည်းလည်းကျ ဂိုဏ်းဂဏလည်း ကင်းသော စနစ်တစ်ခုဖြစ်ကြောင်း သဘောပေါက်လာခဲ့သည်။ အစိုးရဌာနများအတွင်း ပြုပြင်ပြောင်းလဲမှု ပြုလုပ်ရာတွင် ဝိပဿနာသည် အကျိုးရှိရှိ အသုံးပြုနိုင်သော နည်းလမ်းကောင်းတစ်ခုဟု ခံစားမိသည်။

မစ္စတာရာမ်ဆင်းသည် ပြည်ထဲရေးဌာနအတွင်း သော့ချက်ကျသော နေရာများတွင် တာဝန်ကျနေသော အရာရှိကြီးများအား ဝိပဿနာတရားပတ်များကို ဝင်ရောက်အားထုတ်စေပြီး၊ ၎င်းတို့၏ အကူအညီဖြင့် ဌာနတွင်းပြောင်းလဲဖွဲ့စည်းမှုများကို လုပ်ဆောင်ခဲ့သည်။ သူကိုယ်တိုင်လည်း ဝိပဿနာတရားကို ပုံမှန်ဆက်လက် အားထုတ်လျှက်ရှိပြီး လုပ်ဖော်ကိုင်ဖက် မိတ်သင်္ဂဟများကို ဝိပဿနာတရား၏ အကျိုးကို ရယူရန်တိုက်တွန်း အားပေးသည်။

## ၁၉၉၄ ခုနှစ် တီဟာအကျဉ်းထောင်နယူးဒေလီ

အစ္စရေးနိုင်ငံမှ ဝိပဿနာယောဂီလည်းဖြစ်သလို ထင်ရှားကျော်ကြားသော ရုပ်ရှင်ရိုက်ကူးသူ များဖြစ်သည်။ အေလီယက်မိနာဟေမိနှင့် အိုင်လိုနာအေရီရယ်တို့သည် ကမ္ဘာပေါ်တွင်အကြီးဆုံးထောင် တစ်ခုဖြစ်သည့် တီဟာထောင်တွင် ပထမဆုံးအကြိမ် လုံခြုံမှုအတင်းကျပ်ဆုံးသော နေရာ၌ ရုပ်ရှင် ရိုက်ကူးခွင့် ရသူများဖြစ်သည်။ ၎င်းတို့၏ "Doing Time – Doing Vipassana" "ပြစ်ဒဏ်လည်းကျခံ - တရားလည်းအားထုတ်"ဟု အမည်ရသော ရုပ်ရှင်ကားသည် လူ့ဘောင်၏အနိမ့်ကျဆုံး လူသတ်သမားများ၊ အကြမ်းဖက်သမားများ၊ မုဒိမ်းကောင်များ၊ ရက်စက်ကြမ်းကြုတ်လှသည့် ဒုစရိုက်သမားများကိုပင် ဝိပဿနာ၏အကျိုး ကျေးဇူးများကို ခံစားခွင့်ရရှိစေခဲ့ကြောင်း ရိုက်ကူးတင်ဆက်ခဲ့သည်။ ယခုအခါ အဆိုပါတီဟာအကျဉ်းထောင်ထဲတွင် ဝိပဿနာတရားရိပ်သာတစ်ခု တည်ထောင် ထားပြီး ဖြစ်ပါသည်။ "ဓမ္မတီဟာ"သည် အကျဉ်းကျနေသူများအတွက် တစ်လလျှင်(၂)ကြိမ် တရားပတ်များဖွင့်လှစ်ကျင်းပ ပေးလျှက်ရှိသည်။

နယူးဒေလီတွင် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ထောင်ပိုင်ချုပ်များ၏ ဆွေးနွေးပွဲတွင် ဝိပဿနာကို အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်တစ်ရပ်အဖြစ် တစ်နိုင်ငံလုံးရှိ ထောင်များတွင် အသုံးပြုရန် အကြံပြုတင်ပြခဲ့သည်။ ဤသို့ဆောင်ရွက်ရန် ဆုံးဖြတ်သည်မှာလည်း အကျဉ်းသားများ သာမက ထောင်ဝန်ထမ်းများ အပါအဝင် လူအများသည် ဝိပဿနာတရားပတ်များ တက်ရောက်ပြီးနောက် စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုများရှိကြောင်း ၎င်းတို့၏ များပြားလှသော ထောက်ခံထွက်ဆိုချက်များကြောင့် ဖြစ်ပေသည်။

အာရ်ပင်ဒ်သံဃာဝီသည် ဒုစရိုက်လောကတွင် အမည်ဆိုးနှင့် အနှစ်(၃၀)ခန့်ကျော်ကြားခဲ့သူ တစ်ဦးဖြစ်သည်။ ထောင်ထဲတွင် ကျင်းပသော တရားပတ်ကို တက်ရောက်ခဲ့သည်။ သူသည် ထောင်ကလွတ်သောအခါ ဂျေပူရ်"ဓမ္မတာလီ" တရားရိပ်သာသို့ ဦးတည်၍ တရားပတ်များတွင် ဓမ္မဒါနလုပ်အားပေးရန် သွားရောက်ခဲ့ခြင်းဖြင့် အကျဉ်းထောင်အရာရှိများကို အံ့ဩသွားစေခဲ့သည်။ဤကဲ့သို့ အလားတူ ဖြစ်ရပ်များလည်းရှိခဲ့သည်။ ပိုမိုစိတ်လှုပ်ရှားဖွယ်ဖြစ်ရပ်တစ်ခုမှာ- ဘာဘူဘာယာဆိုသူသည် (၅)မိနစ် အတွင်း လူသုံးယောက်ကို သတ်ပစ်ခဲ့သဖြင့် ထောင်ကျခဲ့ရသည်။

ဘာဂိုဒါအကျဉ်းထောင်အတွင်းကျင်းပသော တရားပတ်အပြီးတွင် နောင်တကြီးစွာရသဖြင့် အသတ်ခံရသူ၏မိသားစုအား ခွင့်လွှတ်ပါရန်တောင်းပန်ခဲ့ပါသည်။ ၁၉၉၂ ခုနှစ် ရက်ရှဘံဒ် (မောင်နှင့်နှမ သံယောဇဉ်ကြိုး ပိုမိုခိုင်မြဲစေရန် ကျင်းပသော အိန္ဒိယပွဲတော်တစ်ခု)တွင် ၎င်းသတ်ဖြတ်ခဲ့သူ၏ ဇနီးနှင့် ညီမတို့သည် အကျဉ်းထောင်ထဲသို့ လာရောက်၍ ဘာဘူဘာယာ၏ လက်ကောက်ဝတ်တွင် "ရက်ခီ"ကြိုးကို ချည်နှောင်ပေးခဲ့သည်။ သူတို့ နှစ်ယောက်က ဘာဘူဘာယာအား မောင်နှမအဖြစ် လက်ခံကြောင်း ပြသခဲ့ခြင်းဖြစ်သည်။ ဘာဘူဘာယာက"အရင်တုန်းက လူတွေကိုမုန်းတီးခဲ့ပြီး အမျက်ဒေါသနှင့် ကလဲ့စားချေလိုစိတ်သာရှိခဲ့တယ်၊ ယခုတော့ မေတ္တာ၊ ကရုဏာတရားသာ ထားရှိပါတယ်" ဟုပြောပြသည်။

ဤသို့စိတ်လှုပ်ရှားဖွယ်ရာ ကောင်းလှသော ပြောင်းလဲမှုမျိုးသည် လူအယောက် (၁၀၀၀)ကျော် တက်ရောက်အားထုတ်ခဲ့သည့် တီဟာအကျဉ်းထောင် မဟာတရားပတ်ကြီးမျိုး ပေါ်ထွန်းလာရန် တွန်းပို့ပေးလိုက်သကဲ့သို့ဖြစ်စေသည်။ ဝိပဿနာတရား အားထုတ်ပြီးသော ထောင်ကျများ၊ ဝန်ထမ်းများသည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုရခြင်း၊ ဘဝအတွက်မျှော်မှန်းချက်များ ထားရှိလာခြင်း၊ စိတ်ပိုင်းဆိုင်ရာ ပျော့ပြောင်းနူးညံ့လာကြသည်ကို တွေ့ရသည်။

အာဖရိကမှ မူစတာဖာအမည်ရှိသော တီဟာအကျဉ်းထောင်သား ယောဂီ တစ်ဦးက "ပြောင်းလဲမှုဆိုတာ ချက်ချင်းရောက်ရှိ လာတာမဟုတ်ဘူး၊ ပြောင်းလဲမှုဆိုတာ အချိန်ယူရတယ်၊ ကျွန်တော်ဝိပဿနာ တရားအားထုတ် ပြီးတာနဲ့ ကျွန်တော့်ရဲ့ ဒေါသတွေ တချက်တည်း ဝုန်းကနဲ ပျောက်သွားတာ မဟုတ်ပါဘူး၊ ဒေါသတွေဟာ တဖြည်းဖြည်းနဲ့ လျော့လာတာဖြစ်ပါတယ်၊ ယခုလည်း လျော့ကျနေတုန်းပါပဲ"ဟု ပြောပြသည်။

## ၁၉၉၆ ဗဟိုအကျဉ်းထောင် - နာရှစ်မဟာရပ်စတြပြည်နယ်

အကျဉ်းထောင်များအတွင်း ပထမဆုံးအကြိမ် ဝိပဿနာသင်တန်း ပေးပြီးသည်မှ (၁၁)နှစ်ကြာမြင့်သောအခါ ဝိပဿနာ အားထုတ်သည့် နည်းစနစ်သည် အကျဉ်းထောင်များအတွင်း၌ ခိုင်မြဲစွာ အမြစ်တွယ်ခဲ့ပေပြီ၊ နာရှစ်အကျဉ်းထောင်အား ကြည့်ရှုလေ့လာပြီးနောက် မဟာရတ်စတြ ပြည်နယ် အစိုးရ၏ ဒုတိယဝန်ကြီးချုပ် မစ္စတာဂိုပိနတ်မွန်ဒေက ပြည်နယ်အတွင်းရှိ အကျဉ်းထောင်အားလုံးတို့တွင် ဝိပဿနာတရားပတ်များ ကျင်းပပေးမည်ဟု ကြေငြာခဲ့သည်။ မကြာမီအတွင်း နာရှစ်အကျဉ်းထောင်တွင် ဓမ္မရိပ်သာအဖြစ် တရားဝင်ကြေငြာပေးသည်။ လစဉ်လည်း တရားပတ်နှစ်ကြိမ် ကျင်းပပေးလျှက်ရှိသည်။

ဝိပဿနာတရားပတ် တစ်ခုပြီးသည့်အခါတွင် မူးယစ်ဆေးဝါးအမှုဖြင့် အနှစ်(၂၀) ထောင်ကျနေသော ချက်နိုင်ငံသားကျိုးဇက်(စ်)က ကျွန်တော်တရားကျင့်နည်းမျိုးစုံကို အားထုတ်ခဲ့ဘူးပါသည်၊ ဒါပေမယ့်ဘယ်နည်းကမှ ဝိပဿနာနည်းလိုစိတ်အတွင်းနက်နက်ရှိုင်းရှိုင်း ဝင်ရောက်နိုင်တာ မတွေ့ခဲ့ရပါဘူး၊ ဝိပဿနာတရားစခန်းတွေနဲ့ဆိုရင် အကျဉ်းထောင်တွေကို "မှုခင်းတက္ကသိုလ်"လို့ ခေါ်ဆိုလို့ မရနိုင်တော့ပါဘူး။

ဒီလောက်ဆိုရင် အကျဉ်းသားတွေနဲ့ ဝန်ထမ်းတွေရဲ့ ဝိပဿနာအားထုတ်ရတဲ့အတွက် အကျိုးသက်ရောက်မှုရှိတယ်ဆိုတာသိရပါပြီ။ ဝန်ထမ်းတွေရဲ့စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေလည်းသိရပါပြီ။ အိန္ဒိယလို နေရာမျိုးမှာတောင် အဆင်ပြေပြေလုပ်နိုင်သေးရင် ကျွန်တော်တို့ မြန်မာနိုင်ငံလို ထေရဝါဒကိုးကွယ်တဲ့တိုင်းပြည်မှာ တရားစာအုပ်တွေ၊ တရားဟောအခွေတွေ ပေါ်ရှိမှုမက တရားဟောဓမ္မကထိကတွေ၊ ဝိပဿနာပြဆရာတော်တွေ၊ လူပညာရှိတွေ တပုံတပင်ပဲ၊ အခက်အခဲဖြစ်စရာ မလိုပါဘူး။

ထောင်တွေမှာ တရားစခန်းတွေဖွင့်ရုံမျှမကပဲ တိုင်း၊ ပြည်နယ်ဒေသကြီးတွေမှာလဲ ဝန်ထမ်းတွေအတွက် တရားစခန်းတွေအလှည့်ကျ (On Duty)နဲ့ ဝင်ခိုင်းရင် ဆရာကြီးဦးဘခင် ပြောသလို အကျင့်ပျက်လာဘ်စားမှုတွေ ပျောက်သွားနိုင်ပါတယ်။

အောက်ခြေဝန်ထမ်းတွေသာမက တိုင်းပြည်ကိုအုပ်ချုပ်သည့် လူကြီးများပင်လျှင် အလှည့်ကျတရားစခန်းဝင်ပြီး ဝိပဿနာတရားအားထုတ်လျှင် တိုင်းပြည်ကြီး စည်ပင်သာယာဝပြောလာပြီး ယခင်နှစ်ပေါင်း(၅၀)က နောက်ကျလာခဲ့သည့်အကွေးကို ပြန်ဆပ်နိုင်မှာပါ၊ ဘာသာသာသနာ ထွန်းကားဖို့ဆိုတာ သမိုင်းကြောင်းကိုကြည့်ရင် အုပ်ချုပ်သောမင်းများအပေါ်တွင် ၉၀%လောက် မူတည်နေတာကို တွေ့ရပါမယ်။ ဘာသာသာသနာထွန်းကားမှ လူတွေရဲ့ အကျင့်စာရိတ္တ ကောင်းလာမှာပါ။ ဒါမှ တိုင်းပြည်ကြီး သာယာဝပြော လာမှာပါလို့. . . .

## အခွင့်ကောင်း နှင့် အဖိုးတန်တရား

ယခုအခါ မြတ်စွာဘုရား၏အဆုံးအမကို နည်းမျိုးစုံဖြင့် ရလျှက်ရှိပါသည်။ ဆရာတော်ကြီးများ ဟောပြောသော ဘာဝနာတရားများ၊ ဓမ္မကထိကများကလဲ လမ်းထိပ်က ဓမ္မာရုံတွင် လာရောက် ဟောပြောနေသည်၊ တရားစာအုပ်များ အိမ်တိုင်ယာရောက် လာပို့တဲ့ သူကလဲရှိနေပြီ၊ သာသနာတွင်းမှာ ဒီလောက်ကောင်းတဲ့ အခွင့်အရေးကြီးကို စာဖတ်သူတို့ ရနေကြပြီ၊ ဤအခွင့်ကောင်းကြီးထဲမှ ထုတ်ယူနိုင်ပါလျှင် အဖိုးအတန်ဆုံးဖြစ်သော မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို ရနိုင်သောကြောင့်ဖြစ်၏။

## အမြဲတမ်းရနိုင်မည်မဟုတ်

ဤအခွင့်ကောင်းကြီးမှာ အမြဲတမ်းရနေမည်မဟုတ်ပေ။ အကြောင်းမှာ လူတို့၏ သက်တမ်းမှာ မကြာခင်ကုန်သွားတော့မည်။ ယေဘုယသဘောဖြင့်ပြောလျှင် ၇၅ နှစ်ရှိ၏၊ သို့သော် အစားအသောက်အနေအထိုင်ရောဂါများ လောဘ ဒေါသ မောဟများကြောင့် ယခုအခါသက်တမ်း (၅၀)နှစ်လောက်သာ ရှိတော့သည်။ ၅၀နှစ်ကျော်သူများက အမြတ်နှင့်နေရခြင်းဖြစ်သည်။သက်တမ်း မကုန်သေးသော်လည်း ရောဂါဘယများစွာဖြစ်လျှက်ရှိသည့်အတွက်ဘယ်နေ့ သေမည်ကိုမသိ၊ မသေသေးသော်လည်း အိုမင်းမစွမ်းဖြစ်သောအခါ မကျန်းမာသော ဘေးရန်အနှောက်အယှက် တမျိုးမျိုးနှင့် တွေ့ရတတ်သည်။ ထိုအနှောက်အယှက်တွေ့ရလျှင် စိတ်ရှိပေမဲ့ ခန္ဓာကိုယ်က မလိုက်နိုင်တော့သဖြင့် အလိုရှိသလောက် ခရီးရောက်အောင် အားမထုတ်နိုင်တော့ပေ။

## အချိန်ကိုအလွဲသုံးစားမပြုပါနှင့်

ထိုအခွင့်အရေးကြီးကိုရရှိနေတုံး ဘယ်လိုအသုံးပြုမည်နည်း။ ဘုန်းကြီး ဆွမ်းလောင်းလိုက်၊ ပုတီးလေးစိပ်လိုက်၊ ဒါနလေးပြုလိုက်၊ တရားစကားလေးပြောလိုက်နဲ့ ဟုတ်လှပြီလို့ ထင်နေသလား၊ ကျောင်းဆောက်၊ ဘုရားတည်၊ ရဟန်းခံပေးတာနဲ့ကော လုံလောက်နေပြီ ထင်သလား၊ (သို့မဟုတ်) မပြီးဆုံးသော ကာမကိစ္စ၊ သားရေးသမီးရေးကိစ္စတို့နှင့် ကြောင့်ကြစိုက်လျှက် အချိန်ဖြုန်းနေရန်ကော သင့်မည်လော။

အချိန်တွေကုန်ပြီး အိပ်ယာဖျာကပ်ဖြစ်တော့မှ ငါဘာမှမလုပ်ရသေးဘူးဆိုပြီး ထိုင်ငိုနေမှာလား။ အပူတွေလောင်နေမှာလား၊ ယခုဆိုရင် အချိန်မနှောင်းသေး အားကိုးလောက်သော လက်ကိုင်တရား အသိရှိစေရန် အားထုတ်ဖို့အချိန်သင့်နေပါပြီ။

ဥပရိသဏ္ဏာသ၊ ဘဒ္ဒေကရတ္တသုတ် ၂၂၆တွင် မနက်ဖန် အသက်ရှင် နေရဦးမည်ကို ၄င်း၊ သေရမည်ကို၄င်း မည်သူသိနိုင်ပါအံ့နည်း။ အပူကိလေသာတို့ငြိမ်းအေးအောင် ဝိပဿနာ အားထုတ်မှု ကို နက်ဖန်သန်ဘက် ရက်မရွှေ့ဘဲ ယနေ့ပင်လျှင် မဆိုင်းမရပ် ပြုလုပ်အပ်၏ဟု မြတ်စွာဘုရားက ဟောပြောခဲ့သည်။ မြတ်စွာဘုရားက ဝိပဿနာတရားအားထုတ်ရန် (၁၇၉၂)ကြိမ်ထိ မှာကြားခဲ့တာဟာ သင့်ကို သနားလို့ပါ။

### မှားပြီးမှ မှားမှန်းသိလျှင် အကျိုးမများ

အခွင့်သာစဉ်က အားမထုတ်မိလျှင် နောင်မကျန်းမမာသောအခါ အိုမင်းမစွမ်း ဖြစ်သော အခါ၊ အိပ်ယာဖျာကပ်ဖြစ်တော့မှ သေခါနီးမှ အပါယ်သို့လားမည့်အရေးတွေးမိတော့မှ ငါ တရားအားမထုတ်မိတာ မှားလေစွဟု ကြီးစွာနောင်တရတတ်၏။ မှားပြီးမှ မှားမှန်းသိလျှက် ပူပန်သော နောင်တရခြင်းမျိုးနှင့် မတွေ့ရအောင် တရားအားထုတ်ကြပါတော့။

မြတ်စွာဘုရား၏ တရားတော်သည် ကောင်းမွန်မှန်ကန်စွာ ဟောထားအပ်သည့် သွာက္ခာတဂုဏ်နှင့်လည်း ပြည့်စုံပါ၏။ ကိုယ်တိုင်တွေ့မြင်နိုင်သည့် သန္ဒိဋ္ဌိကဂုဏ်နှင့်လည်း ပြည့်စုံပါပေသည်။ ထိုအချိန်အခါ မဆိုင်းမလင့်ဘဲ ချက်ချင်းအကျိုးပေးတတ်သည့် အကာလိကဂုဏ်နှင့် လည်းပြည့်စုံပါ၏။ လာစမ်းပါ အားထုတ်စမ်းပါ ကောင်းမှန်းသိလာပါလိမ့်မည်ဟု တိုက်တွန်းတတ်သည့် ဧဟိပဿိကဂုဏ်စသည်တို့နှင့်လည်း ပြည့်စုံပါပေသည်ဟု ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင်ဆုံးဖြတ်နိုင်ပါမည်။ နဲနဲလုပ်က နဲနဲအကျိုးရှိမည်။ များများလုပ်က များများအကျိုးရှိမည်။ လုပ်ဖို့သာ အရေးကြီးဆုံးပါ။ နောက်တော့ မလုပ်မနေနိုင်အောင်ဖြစ်လာပါမည်။

## ဝိပဿနာ အားထုတ်ခြင်း

ဝိပဿနာ အားထုတ်ရန်

(၁) တရားစခန်းများတွင် အားထုတ်ခြင်း

(၂) ဘုရားစင်ရှေ့တွင် အချိန်ပိုင်း အားထုတ်ခြင်း

(၃) အချိန်တိုင်း (နေစဉ်တရား) အားထုတ်ခြင်း

(၁) တရားစခန်းများတွင် ရက်ပိုင်းခြား၍ အားထုတ်ခြင်း

ဤကိစ္စအတွက် ပြောစရာမလိုပါ။ တရားပြဆရာ၏ သင်ကြားပေးသည့်အတိုင်း အားထုတ်သွားရန် ဖြစ်သည်။ မိုးကုတ်ဆရာတော် ဘုရားကြီး၏နည်းဆိုလျှင် ကြိုတင်၍နံပါတ် (၃)ကို ဖတ်သွားပါ။ မဟာစည် ဆရာတော်ဘုရားကြီး၏ နည်းဆိုလျှင် အမှတ်(၈)စာအုပ်ကို ဖတ်သွားပါ။ အကျိုးရှိပါလိမ့်မည်။

(၂) ဘုရားစင်ရှေ့တွင် အချိန်ပိုင်း၍ အားထုတ်ခြင်း (နေ့စဉ်တရား)

လူအများစုသည် ဘုရားစဉ် ရှေ့တွင် နံက် (၁)နာရီ ည (၁)နာရီ စသည်ဖြင့် အားထုတ်ခြင်း ဖြစ်သည်။ အထွေအထူး ပြောစရာမလိုပါ။ တနေကုန် သားရေးသမီးရေး၊ စီးပွားရေး၊ လူမှုရေးတွေ ကိစ္စများပြောင်း ဤလူ့ဘောင်ဆိုသည့်အတိုင်း အားလပ်အခက်ပြေကဲ့အချိန်မှာဘဲ အားထုတ်ရတာ ကောင်းမွန်ပါတယ်။

(၃) အချိန်တိုင်း (နေစဉ်တရား) အားထုတ်ခြင်း

နေစဉ်အားထုတ်ခြင်းဟာ အကောင်းဆုံးဖြစ်ပါတယ်။ ဘာပြုလို့လဲဆိုတော့ လူတော်တော် များများဟာ မိမိတို့ရဲ့ အိမ်ထောင့်တာဝန်၊ စီးပွားရေးတာဝန်၊ မိသားစုအရေးတွေနဲ့ မအားလပ်ကြတော့ တနှစ်တခါ တရားစခန်းဝင်ဖို့ဆိုတာကလဲ တော်တော်မလွယ်ကြတာပါ။ သကြ်န်တွင်းလေးတောင် တော်တော်ကြိုးစားပမ်းစားနဲ့ အားလုံးကို စွန့်လွှတ်ထားနိုင်ပါမှ တရားစခန်းဝင် ဖြစ်ကြတာပါ။ ဒါတောင် လူတိုင်းမလွယ်ပါဘူး။ အဲဒီတော့ ဒုတိယနည်းကို သုံးတတ်ကြပါတယ်။ တနေ့ (၁)နာရီလောက် အားထုတ်နိုင်ရင်ပဲ တော်လှပြီ အောက်မေ့တယ်။ အဲဒါတောင် အားမထုတ်နိုင်တာ များပါသေးတယ်။

ဒီတတိယနည်းဟာ ဘာကြောင့်အကောင်းဆုံး ဖြစ်သလဲဆိုရင် တနှစ် (၃၆၅)ရက်မှာ (၁၀) ရက် တရားစခန်း ဝင်နိုင်တဲ့ လူကလဲ (၃၅၅)ရက် မှာ တဆက်တည်း အားမထုတ်နိုင်ပြန်ဘူး။ တနေ့ (၁/၂)နာရီ အားထုတ်သူကလဲ ၂၄ နာရီအနက် ၂၂နာရီက လွတ်နေပြန်တယ်။ အဲဒီလွတ်နေတဲ့ အချိန်တွေအနက် တော်တော်များများ နေစဉ်တရားနဲ့ အားထုတ်သွားရင် နေ့စဉ်အချိန်ပိုင်း အားထုတ်တာကိုလဲ အထောက်အကူ ဖြစ်နေတာတွေ့ရပါမယ်။

ရိုးရိုးအချိန်ပိုင်း အားထုတ်တာနဲ့ တနေ့လုံးသတိထားပြီး (နေစဉ်တရား)ကိုပါ အားထုတ်သွားရင် အချိန်ပိုင်း အားထုတ်တဲ့အခါ သမာဓိအားကောင်းလာတာ တွေ့ရပါမယ်။ အချိန်ပိုင်း အားထုတ်တော့ နေ့စဉ်ဘဝထဲကို တရားသဘောတွေ မှေးမှိန်သွားတတ်ပါတယ်။ ဘဝထဲမှာ အသိတရားတွေရှိဖို့က အချိန်ပိုင်းကော နေစဉ်တရားကိုကော အားထုတ်ရပါမယ်။

သာမာန်မိရိုးဖလာ နေထိုင်သွားကြတဲ့လူတွေ အဖို့ကတော့ နံက်အိပ်ရာထ၊ မျက်နှာသစ်၊ အိမ်သာတက်၊ ကော်ဖီသောက်၊ အစားအသောက်စား၊ ရေမိုးချိုး၊ အလုပ်သွား(ချက်ပြုတ်)၊ ညနေပြန်လာ စားသောက်၊ အိပ်ယာဝင်- ဒီလိုနဲ့ဘဲ ဒီအသက်အရွယ် ရောက်လာပါပြီ။ တနေ့တနေ့ ဘယ်လို အချိန်ကုန်မှန်း မသိဘူး။ စက္ကန့်၊ မိနစ်၊ နာရီတွေပြောင်း တရက်တိုး ဘာမှမထူးခြား။ တနှစ်ကြီးလာတော့လဲ မွေးနေ့လေးလုပ် ဘုရားတက်၊ နောက်နှစ်တွေလဲ ဒီလိုပါဘဲ။ အို၊ နာ၊ ကျိုး၊ ကန်း ဘဝရောက်ပြီး သေခြင်းတရားနဲ့ ရင်ဆိုင်သွားရတော့မယ်။

## သတိပဋ္ဌာန်အားထုတ်ခြင်း - နေစဉ်တရား

သတိပဋ္ဌာန် အားထုတ်ခြင်းဆိုတာ(ရုပ်၊ နာမ်)ကို (သတိ)ကလေးနဲ့ဖြစ်တိုင်း (သိ)နေရအောင် အားထုတ်ခြင်းဖြစ်တယ်။ ရုပ်တွေ၊ စိတ်တွေ၊ ဝေဒနာတွေ၊ ဓါတ်တွေဟာ ခန္ဓာမှာ တရစပ် ဖြစ်ပေါ် နေတာကို လူတွေက မသိကြဘူး။ ဘာကြောင့် (မသိ)ကြပါသလဲဆိုရင် သတိပဋ္ဌာန် (သတိ)မျိုး မရှိလို့ မသိတာကို မောဟ၊ အဝိဇ္ဇာလို့ခေါ်တယ်။

(မသိ)တာကို (သိ)အောင်လုပ်ရန်မှာ (သတိပဋ္ဌာန်)လေးပါးအနက် တပါးပါးနဲ့(သိ)အောင် အားထုတ် ရတာပါ။ (သိ)လာရင် (မသိ)တဲ့ မောဟ(အဝိဇ္ဇာ)ပျောက်ပါတယ်။ (အဝိဇ္ဇာ)မဖြစ်ရင် ပဋိစ္စသမုပ္ပါဒ်(ဒုက္ခ) သံသရာ ပြတ်ပါတယ်။ (မသိမှု)အဝိဇ္ဇာ (မောဟ)မဖြစ်ရင် (သိ)တဲ့ သတိဖြစ်ပါတယ်။ (သတိ)ဖြစ်ရင် (သမာဓိ)ဖြစ်လာတယ်။ (သတိသမာဓိ)ကောင်းရင် (အဝိဇ္ဇာ)ကို ပယ်နိုင်တဲ့ (သတိ)ဉာဏ် ဖြစ်လာတယ်။ (အသိဉာဏ်)ဖြစ်လာရင် (လောကီမဂ်)ကိုရပါတယ်။ (လောကီမဂ်)က ကျေးဇူးပြုလို့ (လောကုတ္တရာမဂ်) ကိုရပြီး ယခုဘဝမှာပဲ(နိဗ္ဗာန်)ကို မျက်မှောက်ပြုနိုင်ပါတယ်။ ဒီဘဝမှာ အာသဝေါကုန်တဲ့ (နိဗ္ဗာန်)ကိုရအောင် ဆက်ပြီး အားထုတ်နိုင်တဲ့ ချမ်းသာမှုကို ရနိုင်ပါတယ်။

## ဘယ်အချိန်က စပြီး အားထုတ်ရမှာလဲ
## နိုးနိုးခြင်း အားထုတ်ပါ

မြတ်စွာဘုရား ဟောကြားတဲ့ (သတိပဋ္ဌာန်) တရားတော်မှာ မနက်နိုးနိုးခြင်း အားထုတ်ပါလို့ ပါရှိပါတယ်။ "ဇာဂရိတေ သမ္ပဇနကာရိ ဟောတိ" တဲ့

ဇာဂရိတေ - နိုးတဲ့ အချိန်မှာ

သမ္ပဇာနကာရီ ဟောတိ - သတိကလေးနဲ့ ဉာဏ်ကလေးနဲ့ ကြည့်ပြီး

ခန္ဓာကိုယ်မှာ၊ ကိုယ့် (စိတ်)မှာ ဖြစ်နေတာကို သိပြီး နေလိုက်ပါ။

နိုးနိုးခြင်းသတိကပ်ရမှာဖြစ်ပါတယ်။ တရားအားထုတ်တယ်ဆိုတာ အဲဒီအချိန်က စခြင်းဖြစ်ပါတယ်။

နိုးနိုးခြင်း၊ သိသိခြင်းမှာ နှာသီးဝမှာ (သတိ)ကလေး ကပ်ပေးလိုက်ပါ။ အဲဒီလိုသတိကပ်ပေးလိုက်တဲ့ အရှိန်ကြောင့် (စိတ်)က ကြည်လင်လာပါလိမ့်မယ်။

နိုးနိုးခြင်း ဝင်လေထွက်လေထိမှုကို နှာသီးမှာသတိကလေးနဲ့ စောင့်ကြည့်လိုက်ပါ။ နိုးနိုးခြင်း ခန္ဓာကိုယ်ကို (သတိ)လေး ထားလိုက်တဲ့အခါမှာ ဖြစ်တဲ့ (ရုပ်) (စိတ်) (ဝေဒနာ) တခုခုဖြစ်ရင်လဲ (သိ)လိုက်ဖို့ပါဘဲ။ (ကြားသိစိတ်) (နံသိစိတ်)ဖြစ်ရင်လဲ (သတိ)ထားလိုက်ပါ။ ဘာမှမရှိဘူးဆိုရင်(သတိ) လေး ဖြစ်လာအောင် လေဝင်တာ(သိ) လေထွက်တာ(သိ) လုပ်နေပါ။ အဲဒီလိုနဲ့ အိပ်ယာကမထဘဲ မိမိဆုံးဖြတ်ထားတဲ့အတိုင်း (၁၀/၁၅)မိနစ်လောက် (သတိ)လေးနဲ့နေလိုက်ပါ။ (အဲဒါ တရားအားထုတ် တာပါဘဲ)

ဘာမဆိုအစမှာခက်ခဲတာပဲ စက်ဘီးစီးရင်တောင် ချက်ချင်းတက်တာမှမဟုတ်တာ၊ လဲ၊ ကွဲ၊ ဒူးပြဲပြီးမှ စက်ဘီးစီးတတ်တာ၊ နောက်တော့လဲ လက်ကိုင်စရာတောင်မလိုဘူး နင်းသွားလို့ရတယ် မဟုတ်လား။ တရားအားထုတ်ရင်လဲ ပထမပိုင်းလေးခဏလောက် အခက်အခဲတွေ့တာပါ။ မကြာခင် ပျော်သွားလိမ့်မယ်။ အားထုတ်ရင် ဒုတ်နဲ့ရိုက်မယ်ဆိုတောင် အရိုက်ခံမယ်။ အားမထုတ်ဘဲ မနေပါရစေနဲ့ လို့ ပြောမှာ -

ဘာ(စိတ်)မှ မပေါ်ရင် လေလေး ဝင်တာ(သိ) လေလေးထွက်တာ (သိ)။ ဒါပါဘဲ အဲဒီလိုနေရင် တခြားအာရုံ (တခြားစိတ်)ကို ရောက်သွားရင်လဲ ရောက်သွားတဲ့စိတ်ကို (သိ)လိုက်ပါ။ အတွေးစိတ် ဝင်လာရင်လဲ (တွေးစိတ်)ကို သိလိုက်ပါ။ <u>သိ နေဖို့သာ အရေးကြီးတာပါ။</u>

## <u>အိပ်ယာထလိုက်ပါပြီ</u>

အိပ်ယာက နိုးနိုးခြင်း ပဌာနသတိ (သိ)နိုင်သမျှ (သိ)ပြီးလို့ ထသင့်ပြီလို့ ကိုယ့်စိတ်က ဆုံးဖြတ်တဲ့ အခါမှာ အဲဒီဆုံးဖြတ်တဲ့စိတ်ကလေးကို (သိ)ပြီး ဖြည်းဖြည်း - ဖြည်းဖြည်း ထတဲ့ လှုပ်ရှားမှုကို (သိ)လိုက်ပါ။ အချိန်တိုင်း (သိ)နေရင် အဝိဇ္ဇာ(မောဟ) မဝင်တော့ဘူး၊ အကုသိုလ်စိတ်တွေ မဝင်အောင် သတိကလေးနဲ့ နေတဲ့အတွက် မင်္ဂလာရှိစွာ ထလိုက်ရတဲ့ မင်္ဂလာနံနက်ခင်းဆိုတဲ့ Good morning ဖြစ်နေပြီပေါ့။

## <u>ရေချိုးခန်းထဲ ဝင်ပြီ</u>

ရေချိုးခန်းထဲကိုသွားဖို့ စလှမ်းလိုက်ပြီဆိုရင်လဲ အသိလေးနဲ့လှမ်းပါ။ သွားတိုက်ဆေး ထည့်တာ သွားတိုက်တာ၊ မျက်နှာသစ်တာ အားလုံးလှုပ်ရှားမှုတိုင်းမှာ (စိတ်)ကလေးကလိုက် သိနေပါ။

အပေါ့အလေး သွားတာတောင် (သိ)ပေးပါ၊ ရေချိုးမယ်ဆိုရင်တောင် ခွက်ကိုင်တာ၊ ရေလောင်းတာ၊ ဆပ်ပြာတိုက်တာ၊ အဝတ်ပြန်ဝတ်တာ က အသိလေးနဲ့ လုပ်ပါ (လူမမာကြီးလိုလဲ ဖြစ်နေစရာ မလိုပါဘူး) အမြဲတမ်း သတိမကပ်ဘဲ လွတ်လွတ်သွားတာလဲ ရှိမှာနော်၊ လွတ်ပါစေ၊ ရသလောက် (သိ) ပေးပါ။

## စားရမှာလဲ(သိ)ပေးပါ

သတိပဋ္ဌာန်တရားတော် (ဘုရားဟော)မှာ 'အသိတေ၊ ပိတေ၊ သာယိတေ၊ ခါယိတေ၊ သမ္ပဇာနကာရီဟောတိ' တဲ့

| | | |
|---|---|---|
| အသိတေ | - | စားသည်ရှိသော် |
| ပိတေ | - | သောက်သည်ရှိသော် |
| ခါယိတေ | - | ဝါးသည်ရှိသည်သော် |
| သာယိတေ | - | လျှက်သည်ရှိသော် |
| သမ္ပဇာနကာရီဟောတိ | - | (သတိ) ကလေး (ဉာဏ်) ကလေးနဲ့ (သိ)ပြီးမှ ပြုပါတဲ့ |

ထိုင်တာသိ၊ ဇွန်းကိုင်တာသိ၊ အသားဖဲ့တာသိ၊ ထမင်းလုတ် ပါးစပ်ထဲထည့်တာသိ၊ ဝါးတာသိ၊ မျိုချတာသိ၊ ဟင်းရည်ခပ်တာသိ၊ သောက်တာသိ(အဲဒါတရားအားထုတ်နေတယ်လို့ မှတ်ပါ)၊ တရားအားထုတ်တယ်ဆိုတာ ဖြစ်နေတာကို (သိ)နေတာကိုပြောတာ၊ သူ့ဟာသူ ဖြစ်နေတာကို သတိကလေးနဲ့ သိပြီးနေလိုက်တာဘဲ၊ ဘာကိုမှ တမင်ဖြစ်အောင် လုပ်ယူနေတာ မဟုတ်ဘူး။

မြတ်စွာဘုရားဟောထားတဲ့(ဧကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ) ဆိုတဲ့ (နိဗ္ဗာန်)ကို မျက်မှောက်ပြုဖို့ တကြောင်းတည်းသော လမ်းအတိုင်း မြတ်စွာဘုရားဟောထားတဲ့အတိုင်း အမှန်ဆုံးတရားသာ ဖြစ်ပါတယ်။

## အဝတ်လဲရာမှာလဲ(သိ)ပါ

ရဟန်းတော်တွေအတွက်ဆိုရင် 'သံဃာဋိ ပတ္တစိဝရ ဝါရဏော၊ သမ္ပဇာနကာရီ ဟောတိ'လို့ ဟောပါတယ်၊ သပိတ်တို့ သင်္ကန်းတို့ကိုယူပြီး သုံးတဲ့အခါမှာ (သတိ)လေးနဲ့ပြုပါတဲ့၊ လူတွေဆိုရင်လဲ အဝတ်အစား လဲတော့ မယ်ဆိုရင် ဗီရိုထဲကအဝတ်ယူတာ၊ အပြင်ထုတ်တာ ကိုယ်မှာဝတ်တာ အားလုံး (သိ)နေပါတဲ့။

## သွားတုန်းမှာလဲ(သိ)နေပါ

'ဂမတေ' သွားသည်ရှိသော်၊ ဌိတေ-ရပ်တည်ရှိသော် နိသိန္နေ-ထိုင်သည်ရှိသော် သမ္ပဇာနကာရီ ဟောတိ(သတိ) (ဉာဏ်)လေးနဲ့ သိပြီးသွားပါ၊ ရပ်ပါ ထိုင်ပါလို့ ဘုရားက ဟောထားတာ (ဘုရားဟောတွေမို့ ပါဠိတွေ ရေးထည့်ထားတာပါ မဖတ်ချင်ရင် ဖယ်လိုက်ပါ)

လူတွေဟာ သွားရင်းလာရင်း ထိုင်ရင်းနဲ့ အမြဲလိုလို တွေးနေတတ်ကြတာဘဲ အရာရောက် တာလဲပါတယ် ဘာမှအရာမရောက်တာလဲပါတယ်၊ အရေးကြီးကြီးမကြီးကြီး အတွေးတွေများသွား တတ်ပါတယ်။ ဆရာတော်ဦးဗုစ်ရဲ့ သတ္တိပဋ္ဌာန်နသုတ်မှာလည်း သုတ္တေ-အိပ်သည် ရှိသော်၊ ဇာဂရိတေ- နိုးသည်ရှိသော်၊ ဘာသိတေ- စကားပြောသည်ရှိသော်၊ တုဏှိဘာဝေ- ဆိတ်ဆိတ်နေသည်ရှိသော် သမ္ပဇာနကာရီ (သတိ)လေးနဲ့ (ဉာဏ်)ကလေးနဲ့ (သိ)ပြီးပြုပါတဲ့။

အဘိက္ကန္တေ - ရှေ့သို့သွားသည်ရှိသော်၊ ဝိလောကိတေ - စောင်းငဲ့ ကြည့်သည်ရှိသော် သမိဉ္ဇိတေ - ဆန့်သောလက်ခြေကို ကွေးသည်ရှိသော်၊ ပသာရိတေ- ကွေးသောလက်ခြေကို ဆန့်သည်ရှိသော်၊ ယုတ်စွအဆုံး ဥစ္စာရပဿာဝကမ္မေ- ကျင်ကြီး၊ ကျင်ငယ်စွန့်သည်ရှိသော် သမ္ပဇာနကာရီ- (သတိ)ကလေး နဲ့ (သိ)ပြီးပြုပါတဲ့။

## စကားပြောရာမှာလည်းသတိကလေးယှဉ်ပြီးပြောပါ

မြတ်စွာဘုရားက'ဘာသိတေ သမ္ပဇာနကာရီ ဟောတိ'တဲ့၊ စကားပြောတဲ့အခါမှ (သတိ)လေးနဲ့ (ဉာဏ်)ကလေးနဲ့ ယှဉ်ပြီးတော့ (သိ)ပြီးပြောပါတဲ့။ ဘုရားကစကားပြောရင် သတိကလေးနဲ့ ပြောခိုင်းတယ်၊ မိမိက ဘယ်လိုပြောမလဲ မေတ္တာနဲ့ပြောမလား၊ မကျေနပ်တဲ့ ဓာတ်ခံလေးနဲ့ ပြောမှာလား၊ (ဒေါသ)၊ (သတိ)နဲ့ ပြောမယ်ဆိုရင်တော့ ကိုယ့်(စိတ်)ကလေးကို ကိုယ်သိလိုက်ရပြီ၊ ကိုယ်ပြောမယ့် စိတ်ကို(သိ)ပြီးမှ ပြောမယ်ဆိုတော့ သူ့စိတ်ချမ်းသာအောင် အေးအေးဆေးဆေးပြောမှာပေါ့။

ဘုရားဟောတဲ့အတိုင်း စကားပြောတဲ့အခါမှာ (သတိ)ကလေး၊ (ဉာဏ်)ကလေးနဲ့ (သိ)ပြီး ပြောတတ်အောင် လေ့ကျင့်ထားရင် ကိုယ်ပြောမယ့်စကားပေါ်မှာ ကိုယ်အာရုံပြုလာတော့မယ်၊ စကားမမှားအောင် ထိန်းတတ်တဲ့ အကျိုးကျေးဇူး ခံစားယာရမှာပါ။(ပာချို့ပြောရရင် ပြီးရောဆိုပြီး လက်လွတ်စပယ်ပြောချတဲ့အခါမှာ ညီအကိုမောင်နှမ မိတ်ဆွေတွေ စိတ်ဝမ်းကွဲသွား တတ်ကြတယ် ဆိုတာ ကြုံဘူးကြမှာပါ)။ ဒါကြောင့် ဘုရားက(သတိ)နဲ့ ပြောတတ်အောင် ကျင့်ခိုင်းတာပေါ့။

## ရုံးကိစ္စ၊ ချက်ရေးပြုတ်ရေးကိစ္စ

ရုံးတက်တဲ့လူကလည်း ရုံးကိစ္စအလျောက် (သတိ)ကလေးနဲ့ (ဉာဏ်)ကလေးနဲ့ နေတတ်အောင် လေ့ကျင့်ကြပါ၊ (အသေးစိတ်မရေးတော့ပါ) ဘုရားလက်ထက်က ဟင်းရွက်ကြော်ရင်း (သတိ/ဉာဏ်) ကလေးနဲ့ ဆင်ခြင်နေတာ ရဟန္တာထိဖြစ်သွားတဲ့ အမျိုးသမီးလည်းရှိဘူးပါတယ်။

## မြတ်စွာဘုရားရဲ့နောက်ဆုံးစကား

မြတ်စွာဘုရားသည် (သတိပဋ္ဌာန်တရား)ကို ဟောကြားခဲ့တဲ့ အပြင် (၄၅)ဝါ ပတ်လုံး အမြဲတမ်း (သတိ)ပေးတဲ့ဟောကြားမှုကတော့ ပိဋကတ်သုံးပုံမှာလည်း အကြိမ်ပေါင်းများစွာ ပါဝင်တဲ့စကားပဲ ဖြစ်တယ်။ (ပရိနိဗ္ဗာန်) စံဝင်ခါနီးဆဲဆဲ နောက်ဆုံးမှာကြားသွားတဲ့ စကားကတော့

## 'အပ္ပမာဒေန သမ္ပာဒေထ'

အပ္ပမာဒေန - မမေ့မလျော့သော (သတိ)နှင့်နေတာ (သိ)ပြီးနေတာ

သမ္ပာဒေထ - ပြည့်စုံရစ်ကြ၊ အားထုတ်ရစ်ကြ (သိ)ပြီးနေကြပါ။

သိတာဟာ (လောကီမဂ်) ဖြစ်ပါတယ်၊ (သိ)တဲ့စိတ်ဟာ (မဂ္ဂင်)ဖြစ်ပါတယ်။

အပ္ပမာဒေါ အမတပဒံ ၊ ပမာဒေါ ပစ္စုနောပဒံ
အပ္ပမတ္တာ နမိယန္တိ၊ ယေပမတ္တာ၊ ယထာမတာ
(ဓမ္မပဒ - သာမာဝတီ. ဂါထာ)

-မမေ့မလျော့ခြင်းသည် မသေခြင်း (ဝါ) နိဗ္ဗာန်ရောက်ကြောင်းပင်တည်း
-မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်းပေတည်း
-မမေ့မလျော့သူသည် မသေကုန်ရာ၏
-မေ့လျော့သူသည် သေသူတို့နှင့် တူကုန်၏

ဘဝကိုညှဲဖျင်းသွားအောင် လုပ်နိုင်သောအရာသည် (သတိ)မပါ (ဉာဏ်)မပါမှုပင် ဖြစ်သည်။

ယခုလို ဘဝထဲမှာနေတုန်း စီးပွားရှာတုန်း ၂၄နာရီလုံးလုံး (အိပ်ပျော်ချိန်မှလွဲ၍) အတတ်နိုင်ဆုံး (သတိ) ကလေးနဲ့နေပေးပါ။ အချိန်ပြည့်ဖြစ်ရမယ်လို့ မဆိုလိုပါ၊ (သတိ)ရတိုင်း (သတိ)ကလေးနဲ့နေရမယ်ဆိုတာ (သိ)ပါ၊ အမြဲတမ်း သတိလက်လွတ် နေခဲ့ရတော့ (လွှတ်ထားတဲ့ အိမ်ကခွေးလေး ကြိုးချိုလိုက်ရင်တောင် မကျေနပ်ဘူးအော်ဟစ်နေမှာဘဲ) မိမိစိတ်က သတိမရှိရာ ကနေ (သတိ)ထားလိုက်တဲ့အခါ စစချင်း ခက်ခဲပါတယ်၊ ဒါပေမယ့် လွယ်သွားပါလိမ့်မယ်။

အဲဒီလိုနေတတ်လာပြီဆိုရင် (ရသလောက်ကိုပြောတာပါ) နံက်/ညအချိန်နာရီနဲ့ အားထုတ်တဲ့အခါမှ အတွေးစိတ်တွေ သိပ်မများတော့ဘဲ သမာဓိအားကောင်းလာကာ အထောက်အကူဖြစ်တာတွေ တွေ့ရပါလိမ့်မယ်

## သမထဘာဝနာပွားများခြင်း

နေစဉ်တရားအားထုတ်တဲ့ အခါမှာလဲ သတိပဋ္ဌာန်တရားတော်နှင့်အညီ အားထုတ်တဲ့ အခါလည်း အားထုတ်ရသလို သမထဘာဝနာဖြင့်လည်း အားထုတ်ရပါတယ်၊ ဘုရားဂုဏ်တော်၊ နမောတဿဖြစ်ဖြစ် ပုတီးစိပ်နေလည်းရပါတယ်၊ သရဏဂုံသုံးပါးလည်းဖြစ်တာပါဘဲ။

ဉပမာအားဖြင့် အိပ်ယာကနိုးတဲ့အခါ အာနာပါနနည်းဖြင့် အားထုတ်၊ ကြွတာ လှမ်းတာဘဲ အားထုတ်ထုတ် ယုတ်စွအဆုံး မျက်နှာသစ်ရင် ဗုဒ္ဓံသရဏံ ဂစ္ဆာမိ. . . စသည်ဖြင့်၄င်း အချိန်တိုင်းမှာ ဘတ်စ်ကားစီးရင်း ထွက်လေဝင်လေ သို့မဟုတ် ဂုဏ်တော်တခုခုပွါး ကားမောင်းရင်လဲ အဆင်ပြေသလို ဆောင်ရွက်ကြပါ၊ အားထုတ်ကြပါ။ ကိလေသာတွေ ပျောက်ကွယ်နေတာမို့ ကုသိုလ်ဖြစ်နေမှာပါ။ မိမိရွတ်ဆိုမဲ့ တရားစာတွေကို မြန်မာလို အဓိပ္ပါယ် သိထားပြီး ရွတ်တာပိုကောင်းပါတယ်၊ အချိန်မလိုပါဘူး၊ နေရာမလိုပါဘူး ဘာဝနာ တခုခု အားထုတ်ပါ။ ဘာဝနာမှ လွတ်တာတွေလဲရှိမှာပါ။အပိုတွေ မလိုအပ်တာတွေ သူများအကြောင်းတွေ လျှောက်ပြီးစိတ်မကူးကြပါနဲ့။ လမ်းလျှောက်နေတယ်ဆိုရင်တောင် ကြွတယ် လှမ်းတယ်ချတယ်ဘဲ လုပ်လုပ် ဘယ်လှမ်းတယ် ညာလှမ်းတယ်ပဲလုပ်လုပ် အရဟံပဲဆိုဆို ဗုဒ္ဓံသရဏံဂစ္ဆာမိ. . . ပဲဆိုဆို ဣတိပိသော. . . ဘဲဆိုဆို အဆင်ပြေသလို အားထုတ်ကြပါ။

၁၀ထပ်တိုက်အပေါ်ကို လှေကားနဲ့တက်သည်ဆိုပါစို့။ စကား တပြောပြောနဲ့ တက်ကြည့်ပါ၊ အပေါ်ဆုံးထပ်ရောက်ရင် ဘယ်လောက် မောမလဲ ဝိပဿနာနဲ့ ဖြည်းဖြည်း တလှမ်းချင်း တက်ကြည့်ပါ၊ အများကြီး အမောသက်သာပါလိမ့်မည်။ အဲဒီလောက်ထိ တရားကအကျိုးပြုတာပါ။

မိမိရွတ်ဆိုမဲ့တရားတွေရဲ့ အဓိပ္ပါယ်ကိုလည်း ရေးပြပါမယ်။ ဒါမှအာရုံပြုရတာ ပိုကောင်းတာပေါ့။

(၁) <u>ဘုရားဂုဏ်တော်</u>

ဣတိပိ သော ဘဂဝါ - အရဟံ
- သမ္မာသမ္ဗုဒ္ဓေါ
- ဝိဇ္ဇာစရဏ သမ္ပန္နော
- သုဂတော
- လောကဝိဒူ
- အနုတ္တရော ပူရိသ ဓမ္မသာရထိ
- သတ္ထာဒေဝ မနုဿာနံ
- ဗုဒ္ဓေါ
- ဘဂဝါ

၁. အရဟံ - ကိလေသာကင်းစင်၍အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်ခြင်း
လူနတ်ဗြဟ္မာတို့၏ ပူဇော်အထူးကို ခံထိုက်ခြင်း

၂. သမ္မာသမ္ဗုဒ္ဓေါ - တရားအလုံးစုံကို သဗ္ဗညုတ ဉာဏ်ဖြင့် အလိုလို သိခြင်း၊
ဉာဏ်ပညာ အကြီးဆုံး ပုဂ္ဂိုလ်ဖြစ်ခြင်း

၃. ဝိဇ္ဇာစရဏ သမ္ပန္နော - ဝိဇ္ဇာ(၃)ပါး၊ စရဏ၁၅ပါးတို့နှင့် ပြည့်စုံတော်မူခြင်း၊
အကြီးဆုံးဝိဇ္ဇာနှင့် အကောင်းဆုံးအကျင့်ရှိသူဖြစ်ခြင်း

၄. သုဂတော - ဟုတ်မှန်အကျိုးရှိသောစကားကို ကောင်းစွာဆိုတတ်ခြင်း၊
နိဗ္ဗာန်သို့ကောင်းစွာ သွားတတ်ခြင်း

၅. လောကဝိဒူ - သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကတည်း
ဟူသော လောကသုံးပါးကို သိမြင်ခြင်း

၆. အနုတ္တရောပူရိသဓမ္မသာရထိ- မယဉ်ကျေးသေးသော သူတို့ကို ယဉ်ကျေးအောင် ဆုံးမရာ၌
အသာလွန်ဆုံး ပုဂ္ဂိုလ်ဖြစ်ခြင်း

၇. သတ္ထာဒေဝ မနုဿာနံ - နတ်လူသတ္တဝါအားလုံးတို့၏ ဆရာဖြစ်ခြင်း

၈. ဗုဒ္ဓေါ -သစ္စာလေးပါးကို ကိုယ်တိုင်လည်း သိမြင်၍ သူတပါးတို့အားလည်း ဟောကြားညွှန်ပြ နိုင်ခြင်း

၉. ဘဂဝါ - ဘုန်းတော်၆ပါးနှင့် ပြည့်စုံတော်မူခြင်း ဘုန်းတန်ခိုးအကြီးဆုံး ပုဂ္ဂိုလ်ဖြစ်ခြင်း။

## ဘုရားဂုဏ်တော်ပွားများခြင်းအကျိုး

၁. ရာဂ၊ ဒေါသ၊ မောဟစသည့် ကိလေသာများ မနှောက်ယှက်ခြင်း
၂. စိတ်အစဉ်ဖြောင့်မတ်၍ ကုသိုလ်တိုးပွါးခြင်း
၃. မြတ်စွာဘုရားအား ရှိသေ၍ သတိကောင်းလာခြင်း
၄. မြတ်စွာဘုရား၌ သက်ဝင်ယုံကြည်မှု သဒ္ဓါတိုးတက်လာခြင်း
၅. နှစ်သက်ခြင်းပီတိနှင့် ရွှင်လန်းခြင်း ပါမောဇ္ဇတို့ အဖြစ်များခြင်း
၆. ဘေးရန်အမျိုးမျိုးကို သည်းခံနိုင်လာခြင်း
၇. ခန္ဓကိုယ်သည် စေတီအလား ပူဇော်ထိုက်ခြင်း
၈. ဘုရားနှင့် အတူတကွနေသော အမှတ်သညာရခြင်း
၉. မကောင်းမှုပြုလုပ်ရန် ရှက်ကြောက်မှု (ဟိရိ၊ ဩတ္တပ္ပ) ဖြစ်ခြင်း
၁၀. မြတ်စွာဘုရား၌ စိတ်ညွတ်ခြင်း
၁၁. မဂ်ဖိုလ် မရသေးလျှင် အပါယ်မလားဘဲ သုဂတိဘုံသို့ လားရခြင်း (ဝိသုဒ္ဓိမဂ်၊ ပ ၊ ၂၀၆)

ဘုရားဂုဏ်တော်ကို ရွတ်ဖတ်ပွါးများခြင်းဖြစ်စေ ပုတီးစိပ်ပွါးများခြင်းဖြစ်စေ အချိန်ရသလောက် ပွါးများနေလျှင် အထက်ပါအကျိုးကျေးဇူးများရရှိမည်ကို ကိုယ်တွေ့ မြင်တွေ့လာနိုင်သည်မှာ မုချပင် ဖြစ်ပါသည်။

(၂) ရတနာမြတ်သုံးပါးကိုပူဇော်ခြင်း

၁. ဗုဒ္ဓံပူဇေမိ - မြတ်စွာဘုရားအား ပူဇော်ပါ၏ ဘုရား
၂. ဓမ္မံပူဇေမိ - တရားတော်မြတ်ကို ပူဇော်ပါ၏ဘုရား
၃. သံဃံပူဇေမိ - သံဃာတော်မြတ်ကို ပူဇော်ပါ၏ဘုရား

(၃) သရဏဂုံတည်ခြင်း

၁. ဗုဒ္ဓံသရဏံဂစ္ဆာမိ - မြတ်စွာဘုရားကိုကိုးကွယ်ရာဟူ၍ ယုံကြည်ဆည်းကပ်ပါ၏
၂. ဓမ္မံသရဏံဂစ္ဆာမိ - တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ယုံကြည်ဆည်းကပ်ပါ၏
၃. သံဃံသရဏံဂစ္ဆာမိ - သံဃာတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ယုံကြည်ဆည်းကပ်ပါ၏

သရဏဂုံသည် ရတနာမြတ်သုံးပါးကိုကိုးကွယ်ရာအဖြစ် ယုံကြည်သိမှတ်ဆည်းကပ်ခြင်းဖြစ်၏။ သရဏဂုံတည်သောသူသည် ဗုဒ္ဓဘာသာဝင်(စစ်စစ်)ဖြစ်၏။ မတည်လျှင် ဗုဒ္ဓဘာသာဝင်မဖြစ်။ ဘုရားဆင်းတုတော်၊ ရုပ်ပွားတော်၊ စေတီတော်၊ သံဃာတော်ရှေ့မှောက်၌ သရဏဂုံဆောက်တည်နိုင်၏။ တစ်ကြိမ်ခံယူပြီးလျှင် ရတနာ မြတ်သုံးပါး၌ ယုံကြည်မှု မပျက်ပြယ်သမျှ တစ်သက်လုံးတည်၏။ ဘာသာခြားပြောင်းလျှင်သော်၎င်း ၊သေလျှင်သော်၎င်း သရဏဂုံပျက်၏။

(ကိုးကွယ်မှားလျှင် ဘေးတွေ့တတ်၏။ အပါယ်ကျတတ်၏။ တော၊ တောင်၊ သစ်ပင်၊ နတ်ကွန်း၊ နတ်၊ ပြဟ္မာ၊ ဘိုးတော်စသည်တို့ကို ကိုးကွယ်ခြင်းသည် သရဏဂုံပျက်၏၊ ဘေးတွေ့တတ်၏။ သူတို့ကိုယ်၌က ကိလေသာ ကင်းသူများမဟုတ်ကြ။ ကိလေသာမကင်းသူတို့သည် ကြောက်လန့်တတ်၏၊ လိုချင်တပ်မက်၏။ သူတို့ကိုယ်တိုင်ကလိုချင်တပ်မက်နေလျှင် သူတစ်ပါးအား ဘေးအန္တရာယ်ကင်းအောင် ကောင်းစားအောင် အဘယ်မှာလုပ်ပေးနိုင်ပါမည်နည်း။ သေမှသရဏဂုံ တင်မနေပါနှင့်၊ တင်လျှင်လည်း သေသူ မရနိုင်ပါ၊ ရှင်သူများသာ ရနိုင်ပါသည်။)

## (၄) နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အဓိပ္ပါယ် - လူနတ်ပြဟ္မာတို့၏ ပူဇော်အထူးကို ခံယူထိုက်တော်မူသော၊ အလုံးစုံသောတရားတို့ကို သိမြင်တော်မူသော၊ ထိုဘုန်းတော် ၆ပါးသခင်ဘုရားရှင်ကို အကျွန်ုပ်သည် လက်အုပ်မိုး၍ ရှိခိုးပါ၏။

မှတ်ချက်။ ။နမောတဿဖြင့်ဘုရားရှိခိုးခြင်းသည် အတိုဆုံးဘုရားရှိခိုးခြင်းဖြစ်၏။ အရဟံဂုဏ်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်၊ ဘဂဝါဂုဏ်တို့ကိုရှိခိုးခြင်းဖြစ်၏။ လေးနက်စေလို၍ သုံးကြိမ်ရှိခိုးသည်။ သိကြားမင်း၊ ကောသလမင်း၊ ဇာဏုသောဏိပုဏ္ဏား၊ ပြဟ္မာယုပုဏ္ဏားစသည့်ပုဂ္ဂိုလ်များက မြတ်စွာဘုရားကို နမောတဿဖြင့်ရှိခိုးကြ၏။

### အနန္တငါးဖြာ ရှိခိုးဝန္ဒနာ

၁. ဗုဒ္ဓဂုဏ် အဟံဝန္ဒာမိ
၂. ဓမ္မဂုဏ် အဟံဝန္ဒာမိ
၃. သံဃဂုဏ် အဟံဝန္ဒာမိ
၄. မာတာပိတုဂုဏ် အဟံဝန္ဒာမိ
၅. အာစရိယဂုဏ် အဟံဝန္ဒာမိ

### အဓိပ္ပါယ်

၁. မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်ကို ကျွန်ုပ်ရှိခိုးပါ၏
၂. တရားတော်၏ ဂုဏ်ကျေးဇူးတော်ကို ကျွန်ုပ်ရှိခိုးပါ၏
၃. သံဃာတော်၏ ဂုဏ်ကျေးဇူးတော်ကို ကျွန်ုပ်ရှိခိုးပါ၏
၄. မိဘတို့၏ ဂုဏ်ကျေးဇူးတော်ကို ကျွန်ုပ်ရှိခိုးပါ၏
၅. ဆရာသမားတို့၏ ဂုဏ်ကျေးဇူးတော်ကို ကျွန်ုပ်ရှိခိုးပါ၏

အိပ်ယာဝင်၊ အိပ်ရာနိုးထသောအခါတို့တွင် ရှိခိုးပါလေ။

(ကလေးများနှင့်ပါဠိမရွတ်တတ်သူများ မြန်မာလိုရှိခိုးနိုင်ပါသည်။)

## သမ္ဗုဒ္ဓေဂါထာတော်

သမ္ဗုဒ္ဓေဂါထာ နှစ်မျိုးရှိပါသည်။ မြန်မာပြုဂါထာနှင့် သီဟိုဠ်ပြုဂါထာ နှစ်မျိုးဖြစ်ပါသည်။ သို့သော် မြန်မာလူမျိုးတို့ ရွတ်ဆိုနေသည်မှာ မြန်မာပြုဂါထာပင်ဖြစ်သည်။ ဒီဂါထာကို ပုဂံခေတ် အရှင်ဉာဏဂမ္ဘီပြုစုသောကျမ်းတွင် တွေ့ရသဖြင့် ၎င်းဆရာတော်သော်လည်းကောင်း၊ ရှေးကသော်၎င်း မသေချာပါဟု ပညာရှိရဟန်းများက သုံးသပ်ခဲ့ပါသည်။

၎င်း ဂါထာအရ အသေချာ ၂၀အတွင်း (သချာဖြင့်ဖော်ပြရန် မစွမ်းလောက်သော ကမ္ဘာ- (တနည်း)- တသချာသည် တစ်နောက်မှ သုညပေါင်း ၁၄၀ ရှိသောကမ္ဘာ(၁၀၀ . . . (၁၄၀ လုံး) . . . ၀၀၀)ဟု ဖော်ပြတတ်ကြပါသည်) ပွင့်သောဘုရားရှင်ပေါင်း ငါးသိန်းတစ်သောင်း နှစ်ထောင် နှစ်ကျိပ် ရှစ်ဆူ (၅၁၂၀၂၈)ဆူအား ရှိခိုးသော ဂါထာဖြစ်သည်။ အကျယ်ပြောရလျှင် (၇)သချေ အတွင်း ပွင့်သော (၁၂၅၀၀၀)သော ဘုရားရှင်အား၎င်း၊ (၉) သချေ အတွင်း ပွင့်သော (၃၈၇၀၀၀)သော ဘုရားရှင်အား၎င်း၊ (၄) သချေအတွင်း ပွင့်ကုန်သော (၂၈)ဆူသော ဘုရားရှင်တို့အား လည်းကောင်း (သုံးခုပေါင်း၅၁၂၀၂၈)ကုန်သော ဘုရားရှင်တို့အား ကျွန်ုပ်ရှိခိုးပါ၏ဟု ဆိုလိုပါသည်။

ပရိတ်ရွတ်တဲ့ အခါမှာ ပရိတ်တော် ရွတ်ခြင်းဖြင့် အန္တရာယ်ကင်းမယ် လို့လဲ ယုံကြည်မယ်။ ပရိတ်တော်ရဲ့အနက်အဓိပ္ပါယ်လဲ သိမယ်ဆိုရင် အန္တရာယ်ကင်းသလိုပါပဲ၊ သမ္ဗုဒ္ဓေဂါထာ ရွတ်ခြင်းဖြင့် အန္တရာယ် ဟူသမျှ ကင်းမယ်လို့ ယုံကြည်မှုလဲရှိမယ်၊ ရွတ်တဲ့အခါမှာလည်း ဂါထာရဲ့ အနက်အဓိပ္ပါယ်ကို သိမယ်ဆိုရင် တကယ်အန္တရာယ်ကင်းနိုင်ပါတယ်။ ဒီဂါထာကို နားမလည်သူတွေက (ဉ)ခံရွတ်ပါတယ်။ လုံး၀ မလုပ်ပါနဲ့။ (ဉ)ဆိုတာ ဟိန္ဒူ နတ်ဘုရားကြီး သုံးဆူရဲ့ အတိုကောက်ပါ။ ဗုဒ္ဓဘာသာနဲ့ (ဉ)ဟာ လုံး၀ မဆိုင်ပါဘူး။ ဘိုးတော်တွေ လုပ်တတ်ပါတယ်။) ၅၁၂၀၂၈ ဆူသော ဘုရားတွေနဲ့ ၎င်းတို့၏ တရား၊ သံဃာတွေကို ရှိခိုးပြီး ဆုတောင်းတဲ့ ဘုရားရှိခိုး ဖြစ်ပါတယ်။ မြန်မာလိုသိတဲ့ လူတွေနဲ့ပါတယ်။ သွားရင်းလာရင်း နေထိုင်ရင်း အားနေရင်လဲ ရွတ်တတ်ကြပါတယ်။ အကျိုးကျေးဇူး ဖြစ်ပါတယ်။ တစ္ဆေ၊ သရဲ ခြောက်ရင်လဲ ရွတ်လို့ရပါတယ်။

၁။ သမ္ဗုဒ္ဓေ အဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတ သဟဿာနိ၊ နမာမိ သိရသာမဟံ။

၂။ အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။

၃။ နမက္ကာရာနုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

## - မြန်မာပြန် - (လိုရင်း)

၁။ ငါးသိန်းတစ်သောင်း နှစ်ထောင် နှစ်ကျိပ် ရှစ်ဆူကုန်သော ဘုရားရှင်တို့ကို တပည့်တော် ဦးတိုက်ရှိခိုးပါ၏။

၂။ ဂင်္ဂါသဲစုမက မရေမတွက်နိုင်သော များပြားသော ပရိနိဗ္ဗာန်ပြုပြီးဘုရားရှင်များနှင့် ၎င်းတို့၏ တရားတော်၊ သံဃာတော်များကိုတပည့်တော် ရိုသေစွာရှိခိုးပါ၏။

၃။ ရှိခိုးရသော အာနုဘော်ကြောင့် အားလုံးသော ဘေးဥပဒ်များကင်းရှင်း၍ အန္တရာယ်ဟူသမျှ အကြွင်းမဲ့ ပျောက်ပျက်ပါစေကုန်သတည်း။

## ဆိုလိုရင်း အကျဉ်းချုပ်

မြန်မာနိုင်ငံတွင် လာဘ်ပေးလာဘ်ယူ (ခိုးမှု) ပပျောက်စေရန်အတွက် အောက်ပါအတိုင်း ဆောင်ရွက်သင့်ပါသည်။

(၁) ဝန်ထမ်းများအားလုံးအား လုံလောက်သော လစာပေးခြင်း

(၂) ဝိပဿနာတရားများကို အားထုတ်နိုင်ရန် အခါအားလျော်စွာ စီစဉ်ပေးခြင်း

(၃) ဝန်ထမ်းများအားလုံး (ဝန်ထမ်းမဟုတ်သူများလည်းပါဝင်) နေ့စဉ်တရားကို အားထုတ်ကြခြင်း

(၄) စာသင်ကျောင်းများတွင် စာရိတ္တပိုင်းဆိုင်ရာ ဘာသာရေးပိုင်းဆိုင်ရာ အလေ့အထများကိုသိရှိ ပွဲများအောင်ဆောင်ရွက်ခြင်း (TVများလည်းအပါအဝင်)

(၅) ပြင်ပတွင် ဘာသာရေးသင်တန်းများပေးခြင်း . . စသည်တို့ကို စီစဉ်ပေးပါက (အခြား ကောင်းမြတ် သော နည်းလမ်းများ ရှိပါက)အကုသိုလ်အလုပ်ဖြစ်သော လာဘ်ပေးလာဘ်ယူ (ခိုးခြင်း)အလုပ်ကို ဝန်ထမ်းများ ရာခိုင်နှုန်းများများ လုပ်ကြမှာမဟုတ်ပါက တိုင်းပြည်လည်းတိုးတက် အပယ်တံခါးလည်း ပိတ်သွားနိုင်ပါသည်။

---

# နည်းမှန် လမ်းမှန် သပိတ်သွပ်နည်း

သင်သည် မုချသေရမည်၊ အချိန်ပိုင်းသာလိုတော့သည်။ သင်နှင့် ကျွန်ုပ်တို့ မသေသေး၍ ယခုလို စာရေး၊ စာဖတ်နိုင်သေးသည်။ သေသွားပြီး သူတွေအတွက် ကောင်းကျိုးရအောင် ဘာတာဝန်တွေရှိသလဲ၊ ဘယ်လိုဆောင်ရွက်ကြမလဲ။

ပထမ သေခြင်းတရားကိုသိရပါမယ်။ နောက်ဖြစ်လာမဲ့ဘဝအကြောင်း သိရပါမယ်။ ယခုဘဝနှင့် နောက်ဘဝကြားမှာ ခေတ္တခဏရက်ပိုင်းကြားမှာ တစုံတခုသော အကြောင်း ရှိသေးသလား၊ ထေရဝါဒဗုဒ္ဓဘာသာ မှာတော့ ယခုဘဝနောက်ဆုံး စုတေစိတ်ဖြစ်ပြီးလျှင် နောက်ဘဝတခုအတွက် ပဋိသန္ဓေစိတ် ဖြစ်ပေါ်လာသည်၊ အချိန်ခြားခြင်းမရှိပါ၊ ကြားကာလမရှိပါ။




သို့သော် မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တွေကတော့ ဒီဘဝမှသေသွားပြီ ဝိညာဉ်/လိပ်ပြာကောင်လေးသည် နောက်ဘဝ မကူးသေးဘဲ အနီးအနားမှာ ကျင်လည် နေကြသေးတယ်။ ၇ ရက်ကြာမှ နောက်ဘဝကူးတယ်။ ဒါကြောင့် သေပြီးရင် နောက်ဘဝ မကူးခင် စားသောက်ဖို့ အလောင်းဘေး/ခေါင်းရင်းတွင် ထမင်းပွဲနှင့် ရေ ပြင်ဆင်ထားပေးသည်။




(၇ ရက်လှည့်နေ)

(သဿတဒိဋ္ဌိ - ကေရဂါဒ အလိုမဟုတ်)

ဒီလို လိပ်ပြာကောင်လေးသည် ရှိနေသေးသည့်အတွက် သုဿန်မှ သစ်ကိုင်းတခုခုနှင့် သော်လည်းကောင်း၊ ခဲလုံးတစ်လုံးဖြင့်သော်၄င်း၊ ခေါင်းအားပုတ်ပြီး လိုက်ခဲ့ရန်ခေါ်၏။ ရက်လည် ဆွမ်းသွပ်ရန်ဖြစ်သည်။ အသက်ဝိညာဏ်လေး ပြန်မလာရန် ကူတို့ ကူးရန်အတွက် ကူတို့ခတမတ် ပါးစပ်ထဲထည့်ပေးလိုက်၏။ ပြန်လာမှာစိုး၍ မသာချလျှင် အိုးကိုရိုက်ခွဲ လိုက်၏။ သင်နှင့်ကျွန်ုပ်တို့ အိုးစားကွဲပြီး မလာနဲ့တော့၊ မဏ္ဍပ်အမိုးကို စက်ဖျက်လိုက်၏၊ သင်အတွက် အိုးအိမ်မရှိတော့ ပြန်မလာနဲ့တော့. . . . စသည်ဖြင့် မြဲသောအယူဖြစ်သည့် သဿတဒိဋ္ဌိဖြင့် စခန်းသွားနေကြ၏။ ဘုရားအလိုကို ဆန့်ကျင်နေခြင်းသာ။

ဒါဆိုရင် သေပြီးရင်ဘာဖြစ်မလဲ ချက်ချင်း(အချိန်မခြား) (၃၁)ဘုံတခုခု ပဋိသန္ဓေဖြစ်၏။ ယခုသေသောလူ၏ (ရုပ်နှင့် နာမ်)သည် ချုပ်ငြိမ်းသွားသည်၊ နောက်ဘဝတွင် လူ ဖြစ်ပါက (ရုပ်သစ်နှင့် နာမ်သစ်)သာဖြစ်၏။ (နတ်၊ ပြဟ္မာ၊ လူ၊ အပါယ်လေးပါး) တစ်ခုခု ချက်ချင်း ဖြစ်သွား၏။ ကံသတ္တိကတော့ ကြောင်းကျိုးဆက်သွယ်သည်။

ရက်လည်ဆွမ်းမသွပ်ခင် အသံဗလံကြားတာတို့ ရိပ်ကနဲဖြတ်ကနဲ ဖြစ်တာတွေဟာ ကြားဘဝမဟုတ်ဘူး ပြိတ္တာ(တစ္ဆေ၊ သရဲ) ဘဝသို့ရောက်နေခြင်း ဖြစ်သည်၊ သေလို့ချက်ချင်း လူ၊ နတ်၊ ပြဟ္မာ၊ ငရဲ၊ တိရစ္ဆာန် ဘဝသို့ ရောက်သွားလျှင် ဘာမှဆက်သွယ်မှု မလုပ်နိုင်တော့ပါ။ ဒီလိုဆိုရင် ဆွမ်းသွပ်အမျှဝေတာ ဘာကြောင့်လဲ သေသောသူပြိတ္တာဖြစ်နေရင် ကျွတ်လွတ်စေချင်လို့ တစ်ခုတည်းပါ။ ပြိတ္တာမဖြစ်ရင်လဲ ဒါနလုပ်သူများက တော့ ကုသိုလ်အကျိုးရပါတယ်၊ အခြားဘုံဘဝတွေကလဲ သာဓုမခေါ်ကြပါ။

သတ္တဝါ တယောက်သေဆုံးရင် လားရမဲ့ဘဝ ငါးမျိုးပဲရှိတယ်။ ဂတိငါးပါးလို့လဲ ခေါ်တယ်။ နတ်ဘဝ(ပြဟ္မာပါဝင်)၊ လူဘဝ၊ ငရဲဘဝ၊တိရစ္ဆာန် ဘဝ၊ ပြိတ္တာဘဝ (အသူရကာယ်လဲပါ)ပါပဲ၊ ကုသိုလ် စိတ်နဲ့သေရင် လူဘဝ၊ နတ်ဘဝ၊ ကောင်းရာ သုဂတိကို ရောက်ပြီး၊ အကုသိုလ်စိတ်နဲ့သေရင် ငရဲ၊ တိရိစ္ဆာန်၊ ပြိတ္တာဘဝ ဆိုတဲ့ မကောင်းရာ ဒုဂ္ဂတိဘဝကို လားရမယ်။

သေသူအတွက် ကောင်းမှုကုသိုလ်လုပ်ပေးရင် လူဖြစ်သွားရင်၊ နတ်ဖြစ်သွားရင်၊ ငရဲကျသွားရင်၊ တိရိစ္ဆာန်ဖြစ်သွားရင်၊ အလှူဒါနရဲ့ ကောင်းမှုအကျိုးကို သူတို့မခံစားရပါဘူး။ တကယ်လို့ အကုသိုလ်အကျိုးပေးကြောင့် ပြိတ္တာဘဝရောက်သွားမယ်ဆိုရင် ကျန်ရစ်သူတို့က သူ့အတွက်ရည်စူးပြီးပြုတဲ့ ကောင်းမှုရဲ့အကျိုးတို့ အကြောင်းညီညွတ်မယ်ဆိုရင် သူ အပြည့်အဝခံစားရ ပါမယ်။ ဒီနေရာမှာ ပြိတ္တာမျိုးပေါင်းများစွာရှိသော်လည်း သူတပါးပေးတဲ့အစားအစာကို အမှီပြုပြီး အသက်ရှင်နေရတဲ့ ပရဒတ္တူပဇီဝိကပြိတ္တာ(အပေးခံ ပြိတ္တာ)တမျိုးတည်းသာလျှင် ကုသိုလ်ရဲ့ အကျိုးကိုခံစားခွင့်ရှိပါတယ်(ဝေမာနိက ပြိတ္တာလို့လဲ အများခေါ်ဝေါ်ကြပါတယ်)၊ ပြိတ္တာတိုင်းတောင် ကုသိုလ်အကျိုးကို ခံစားခွင့်မရှိပါဘူး၊ ဒါကြောင့် အစွဲများတဲ့သူတွေ (သားစွဲ၊ သမီးစွဲ၊ ဇနီးစွဲ၊ လင်စွဲ၊ ပစ္စည်းစွဲများရင် အဖြစ်များဆုံးကတော့ ပြိတ္တာသေချာပါတယ်)။

မြတ်စွာဘုရားက နခသိခသုတ်မှာ ကမ္ဘာမြေကြီးပေါ်ကသဲနဲ့ လက်သည်းခွံပေါ်ကသဲ ဘယ်သူများသလဲတဲ့။ အင်မတန်နဲတဲ့ မနှိုင်းဆလောက်အောင်နဲတဲ့ လက်သဲခွံပေါ်က သဲလောက်သာ လူတွေဟာကောင်းရာသုဂတိ ရောက်မယ်တဲ့။ လူတွေကတော့ မိမိနဲ့ပါတ်သတ်တဲ့ သူတွေသေတိုင်း ဘယ်သူ့ဆီမှာ ဝင်စားပြီးလူဖြစ်နေပြီ၊ ကောင်းရာသုဂတိ ရောက်သွားပြီနဲ့၊ တပြည်လုံးက လူတွေ နတ်ပြည်တက်သွားသလောက် ထင်နေကြတာ။မသိနားမလည်တော့ သေသွားတဲ့သူကို မှန်းဆပြီး ကုသိုလ်ပြုတာ၊ မြင့်မြတ်သောကောင်းရာဘုံဘဝမှ သာဓုခေါ်ပါတဲ့၊ ဘယ်သူမှ မြင့်မြတ်တဲ့ဘဝရောက်ရင် သာဓုမခေါ်နိုင်ဘူး။ ပြိတ္တာ(တမျိုး)သာ သာဓုခေါ်နိုင်တာ။(အဆင်ပြေဦးမှ)

## (သပိတ်သွပ်) ဆွမ်းသွပ်တာ ဘာကြောင့်လဲ

မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ တရားတော်တွေထဲမှာ ငါသေရင်သပိတ်မသွပ် နဲ့တဲ့၊ (စာအုပ်-၆) ဘာပြုလို့လဲဆိုတော့ ပြိတ္တာမဖြစ်အောင် ကျင့်ကြံပြီးသား၊ ကောင်းရာသုဂတိ ရောက်မှာသေချာလို့ပဲ၊ ဒါကြောင့် သပိတ်သွပ်တယ်ဆိုတာ သေသူ ပြိတ္တာဘဝ ရောက်နေမှာစိုးလို့ဘဲ၊ ရောက်နေရင် သာဓုခေါ်နိုင်အောင်၊ ကျွတ်အောင်လို့ဘဲမှတ်ပါ တခြား အကြောင်းမရှိပါ။ ပြိတ္တာ မဟုတ်ရင်လဲ ဒါနပြုတဲ့ ပုဂ္ဂိုလ်တွေမှာ ကုသိုလ်ရပါတယ်။

## နည်းမှန်လမ်းမှန် သပိတ်သွပ်နည်း

ဗုဒ္ဓဘာသာဝင်တွေဟာ စိတ်ဓါတ်ကောင်းသော်လည်း နည်းလမ်းမမှန်သဖြင့် ရည်ရွယ်ချက် အထမမြောက်ပေ၊ ဥပမာ တခုပြောရလျှင် ဒါနပြု အလှူလုပ်ပြီး ရဟန်းများအား ပစ္စည်းများကပ်လျှင် စာအိတ်ထဲ ပိုက်ဆံတည့်ပြီး ကပ်ကြတယ်၊ အဲဒီလိုဆိုရင် ပြိတ္တာသာဓုခေါ်လို့ မရပါဘူး။ ဒီလောက်ဆိုရင် တော်တော်များများ မှားနေကြပြီ မဟုတ်လား။ ရည်ရွယ်ချက် ကောင်းသော်လည်း နည်းလမ်းမမှန်သဖြင့် အရာမရောက်ဘဲ ပြိတ္တာမှာ အကျိုးခံစားခွင့် မရတော့ပါဘူး၊ အဲဒီအတွက် မှန်မှန်ကန်ကန် ဖြစ်အောင် ရေးသားဖော်ပြပါမည်။

## သပိတ်သွပ်လျှင် အောက်ပါအချက်အလက်များနှင့် ညီညွတ်ရမည်

(၁) ကွယ်လွန်သူ မည်သူမည်ဝါအတွက်ဟု သေသေချာချာ ရည်စူး၍ ပေးလှူရမည်။

(၂) ကွယ်လွန်သူကိုယ်တိုင် တမလွန်ဘဝမှ နေ၍ သာဓုခေါ်နိုင်သော ဘဝမျိုးရှိခြင်း၊ သာဓုခေါ်နိုင်ရန် အသင့်ရှိခြင်း (ပရဒတ္တူပဇီဝိကပြိတ္တာသာ သာဓုခေါ်နိုင်သည်၊ အခြားပြိတ္တာများ သာဓုမခေါ်နိုင်)

(၃) အလှူခံပုဂ္ဂိုလ်အနေဖြင့် ဒုဿီလ(သီလမရှိသူ)မဟုတ်သော သီလဝန္တရဟန်း(သီလရှိသူ) ဖြစ်ခြင်း၊ (သို့မဟုတ်) သံဃိက အလှူဖြစ်ခြင်း၊

(၄) လှူဖွယ်ဝတ္ထုမှာလည်း ရဟန်းသံဃာများနှင့် မအပ်စပ်သော (အကပ္ပိယ အနာမာသ) ငွေကြေးမဟုတ်တဲ့၊ ဘုရားရှင်ခွင့်ပြုထားသော ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဖြစ်ခြင်း။

(၅) လှူဖွယ်ပစ္စည်း အမျိုးအစား စုံလင်ရပါမယ်

## (၇) ရက်လည်မှ ဆွမ်းသွပ်ရမှာလား

ပြိတ္တာဆိုသည်မှာ သေပြီးချက်ချင်း ဖြစ်တာမဟုတ်လား။ အဲဒီကစပြီး ဒုက္ခရောက်တော့တာပဲ၊ ဒီလိုဆိုရင် ချက်ချင်းကုသိုလ်လုပ်လို့ အမျှအတန်းပေးဝေလို့ သာဓုခေါ်နိုင်လျှင် ဒီဘဝမှ လွတ်ကင်းပါမယ်။ ၇ ရက်ကြာမှဆိုရင် သေသူကို (၇)ရက် ဒုက္ခခံအုံးလို့ ပြောတာနဲ့အတူတူပဲ၊ ရေတွင်းထဲကျသူကို သိသိချင်းဆယ်မှပေါ့။ သိရက်နဲ့(၇)ရက်ကြာမှ လာကယ်မယ်ဆိုရင် ကောင်းပါ့မလား။ ဒီတော့ အဆင်ပြေရင် အမြန်ဆုံးကုသိုလ်ဒါနလုပ်ပါ။ အမြန်ဆုံး သာဓုခေါ်နိုင်ရင်၊ အမြန်ဆုံး ဒုက္ခက ကင်းလွတ်မှာပေါ့။ ဘယ်က အတွေးအခေါ်တွေ ဗုဒ္ဓဘာသာထဲ ဝင်နေရသလဲ မသိဘူး။ စာဖတ်သူ သေသေချာချာစဉ်းစားကြည့်ပါ။ (၇)ရက်ကြာမှ နောက်ဘဝ(ပြိတ္တာ) ရောက်တယ်လို့ဆိုရင် သဿတဒိဋ္ဌိဖြစ်မနေဘူးလား။

## ကွယ်လွန်သူအား ကြိုတင်ဖိတ်ကြားခြင်း

ကွယ်လွန်သူ ဘခင်ကြီးဦးဘ အားရည်စူးပြီး (၁. ၁. ၁၀၀၂)နေ့၊ နံနက် (၁၀)နာရီတွင် ရန်ကုန်မြို့၊လမ်း( - )၊ နေအိမ်အမှတ်( - )တွင် ကောင်းမှုကုသိုလ် ပြုလုပ်မည်ဖြစ်၍ ရောက်ရာဘဝမှ သာဓုအနုမောဒနာခေါ်နိုင်ရန် လာရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ရန်ကုန်မြို့နှင့် ဤနယ်နိမိတ်၊ ဤအိမ်တွင်ရှိကြသော မြို့စောင့်နတ်၊ ရပ်ကွက်စောင့်နတ်၊ အိမ်စောင့်နတ်၊ အပေါင်းကလည်း ကွယ်လွန်သူအား လာရောက်ရန် ခွင့်ပြုခြင်းနှင့် တိုက်တွန်းခြင်း ဆောင်ရွက်ပေးရန် မေတ္တာရပ်ခံပါသည်။

(မှတ်ချက်။ လူ့လောကတွင် အာဏာပိုင်များက နိုင်ငံအဆင့်၊ တိုင်းအဆင့်၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာ အဆင့်ဆင့် အုပ်ချုပ်သကဲ့သို့ မမြင်ရသော ပရလောကတွင်လည်း အုပ်ချုပ်မှုအဆင့်ဆင့်ရှိသဖြင့် သူတို့ခွင့်မပြုလျှင် သွားခွင့်လာခွင့် မရနိုင်သည့်အတွက် မေတ္တာရပ်ခံ အကူအညီ တောင်းခံရခြင်း ဖြစ်သည်။ ကိုယ်တွေ့ ပရလောကအကြောင်း နောက်ပိုင်းတွင် ရေးပြပါမည်။)

## သံဃာအားဖိတ်ကြားခြင်း (သံဃိကဒါန ဖြစ်ရန်)

အလှူခံပုဂ္ဂိုလ်သည် သီလဝန္တရဟန်း(သီလရှိသူ)ဖြစ်ရမည် ဆိုသောကြောင့် ရဟန်းကို ရွေးချယ်ရန် အခက်အခဲဖြစ်နိုင်ပါသည်။ ပည်သည့် ရဟန်းသည် သီလရှိသည်ကို မိမိတို့ မသိမမြင် နိုင်သည့်အတွက် သံဃိကဒါနအဖြစ်ဆောင်ရွက်လျှင် အကျိုးဖြစ်ထွန်းပါမည်။ ကျောင်းသို့ သံဃာအားသွားရောက် ပင့်ဖိတ်သည့်အခါ ကွယ်လွန်သူ ဦး/ဒေါ် . . . . . အတွက် . . . . နေ့တွင် ဆွမ်းသွပ် လှူဒါန်းလိုပါသဖြင့် သံဃာတော် ( - )ပါး ကြွရောက်အလှူခံ တရားချီးမြှင့် ပေးပါရန် လျှောက်ထားရမည်။ (သံဃာဆိုသည်မှာ မြတ်စွာဘုရား၊ သာဝကများ၊ ရဟန္တာများ၊ အရိယာ သံဃာများ၊ ကျင့်ဆဲ သံဃာများ၊ အားလုံးပါဝင်ပါသည်။) ကြွရောက်သော သံဃာထဲတွင် ဒုဿီလ (သီလမရှိသူ)ပါဝင်နေသော်လည်း ပြဿနာမရှိတော့ပါ။ မိမိစိတ်က သံဃာကို ရည်မှန်းထားခြင်း ဖြစ်ပါသည်။ (အရှင်သာရိပုတ္တရာမထေရ်၏ အမိတော်စပ် ဖူးသော ပြိတ္တာမအကြောင်း အပြည့်အစုံကို(စာအုပ်၁၃/စာမျက်နှာ၆၂)တွင် ကြည့်ပါရန်။)

## ဒုဿီလကြီး စားသွားလို့ သာဓု မခေါ်နိုင်

မြတ်စွာဘုရားလက်ထက်က အဇာတသတ်မင်းဟာ ဖခင်ဗိမ္ဗိသာရမင်းကြီးကို သတ်ပြီး နန်းတက်လာသူဖြစ်တယ်။ ပြစ်မှုကြီးကို ကျူးလွန်ထားတော့ ညညအိပ်မပျော်ဘူးပေါ့။ ညဖက် နန်းရင်ပြင်မှာထွက်နေတုံး အနံ့အသက်ဆိုးဝါးစွာနဲ့ မြင်ရတာကလဲ အရိုးဂျောက်ကျက်နဲ့ ပြိတ္တာ ကြီးကို လှမ်းမြင်တယ်၊ ပြိတ္တာကြီးကို မေးတယ်၊ သင် ဘာလာလုပ်သလဲ ဆိုတော့ ပြိတ္တာက သင်မင်းကြီးရဲ့ တိုင်းပြည်ထဲမှာ သူ့ရဲ့သမီးရှိတယ်။ သူ့သမီး မနက်ဖြန် အလှူလုပ်မလို့ အဲဒါ ဝတ်လွန်းလို့ စားဖို့လာတာတဲ့။ ဘုရင်ကြီးက ဒီလိုဆိုရင်သွားတော့ အပြန်ကြရင် အကျိုးအကြောင်း ပြန်ပြောဖို့လာခဲ့အုံးတဲ့။

နောက်နေ့ကြ ပြိတ္တာကြီး ပြန်လာတယ်။ မင်းကြီးက စားရခဲ့သလား မေးတော့။ မစားရပါဘူး၊ ဘာပြုလို့လဲဆိုတော့ သူ့သမီးက ဗုဒ္ဓဘာသာမဟုတ်ဘူး။ တိတ္ထိဖြစ်နေတယ်။ အဲဒီတုံးက ထင်ပေါ်ကိုးကွယ်နေကြတာက အစေလက ကဿပတို့ အဝတ်မပါတဲ့ ဂိုဏ်းပေါ့။ ခေါင်းပါးအောင် ကျင့်နေကြတာကို ဘုရားလို့ထင်နေကြတာ။ (ယနေ့အထိ အိန္ဒိယတွင် အဝတ်မဝတ်သော ဂိုဏ်းဘာသာဝင်တွေ အများကြီးဘဲ၊ အယောက် ၅၀/၁၀၀ မြို့ထဲတန်းစီပြီး ဆွမ်းခံထွက်တာပဲ၊ သပိတ်မပါဘူး၊ လက်ဝါးနှစ်ဘက်ထဲထည့်ပေးရင် ပါးစပ်နဲ့ ငုံပြီးစားတာပဲ၊ ခေါင်းပါးအောင် ကျင့်နေကြတာ) အဲဒီလို ပုဂ္ဂိုလ်တွေ (ဒုဿီလတွေ)ကို ကျွေးမွေးတော့ - သူ ဘယ်လိုမှ မစားရဘူးတဲ့။ အဲဒါကြောင့် ပြန်လာတာပါတဲ့။

မင်းကြီးက ငါဘယ်လို လုပ်ပေးရမလဲဆိုတော့ အသင်မင်းကြီး ကူညီမယ်ဆိုရင် သီလရှိတဲ့ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေပင့်ပြီး အစား အသောက် လှူပေးပါ။ သူ့မှာ အဝတ်မရှိတဲ့အတွက် သင်္ကန်း(အဝတ်)လှူပေးပါလို့ပြောတာကြောင့် မင်းကြီးကလဲ သီလရှိတဲ့ ဘုရားနှင့်တကွ သံဃာတော်တွေ ပင့်ပြီးဆွမ်းကပ်၊ သင်္ကန်းကပ်လှူပေး အမျှအတန်းပေးဝေကာ (သူ့ကို သီးသီးသန့်သန့် ရည်စူးပြီးအမျှပေးဝေတာ) အဲဒါကြောင့် ခုနှအဝတ်မပါ၊ အနံ့ဆိုးဝါးလှတဲ့ ပြိတ္တာကြီးဟာ ချက်ချင်း နတ်သားအသွင်နဲ့ ပြောင်ပြောင်ရောင်ရောင် ဖြစ်သွားပြီး ကျေးဇူးတင်စကားပြောကာ သူနေရမဲ့ နတ်ဘုံကို တက်သွားပါတော့တယ်။ (ဘုရားဟော - ပေတဝတ္ထု)

အဲဒီကနေစပြီး ကောက်ချက်ဆွဲဖို့ကတော့ <u>ပင့်တဲ့ရဟန်းတော်ဟာ သီလရှိသော သံဃာတွေဖြစ်ရမယ်။ အစားအသောက်နှင့် ပစ္စည်းများ၊ အဝတ်အထည်များ ပါဝင်စေပြီး သူ့ကို သီးသီးသန့်သန့် အာရုံစိုက်ပေးပြီး အမျှဝေရမယ်ဆိုတဲ့ အချက်ပါပဲ။</u>

<u>လှူဖွယ်ပစ္စည်းများ</u>

လှူဖွယ်ဝတ္ထုများမှာ မြတ်စွာဘုရားခွင့်ပြုထားသော ဆွမ်း၊သင်္ကန်း၊ကျောင်း၊ဆေး စသည်တို့ ဖြစ်ရပါမည်။ ရဟန်းသံဃာတော်များနှင့် မအပ်စပ်သော (အကပ္ပိယ အနာမသ) ပစ္စည်းများ မလှူရပါ။ ဥပမာ ငွေ (ငွေကို စာအိတ်နဲ့ ပိတ်ထားလဲမရပါ။ နဝကမ္မ အတွက်ဆိုလဲမရပါ။)

<u>သာဓု မခေါ်နိုင်ခြင်းအကြောင်း</u>

အလှူခံပုဂ္ဂိုလ်သည် ဒုဿီလ(သီလမရှိသူ)ဖြစ်လျှင် ကွယ်လွန်၍ ပြိတ္တာဖြစ်သူ မှာ သာဓု မခေါ်နိုင်ပါ (အကျိုးမရပါ)။ ဒါကြောင့် သံဃိကဒါန ဖြစ်အောင် ပြုလုပ်ခြင်းဖြင့် အကျိုးကျေးဇူး ခံစားနိုင်ပါသည်။

ဒုတိယအချက်မှာ ရဟန်းများအတွက် မအပ်စပ်သော ငွေကို လှူလျှင်လည်း သာဓုမခေါ်နိုင်ပါ။ ဆွမ်းသွပ် အလှူတွင် ရွှေ၊ ငွေမထည့်ပါနှင့်။ အခြားပစ္စည်းများကိုသာ လှူဒါန်းပါက အကျိုးကျေးဇူးခံစားရပါသည်။

တတိယအချက်မှာ ပြိတ္တာအမျိုးအစားများစွာရှိသော်လည်း (စာအုပ် ၁၁/စာမျက်နှာ၁၅) ပရဒတ္တူပဇီဝိပြိတ္တာ ဖြစ်မှသာလျှင် သာဓုခေါ်နိုင်ခွင့် ရှိပါသည်။

စတုတ္ထအချက်ကတော့ ပင့်ဖိတ်ရာတွင် ချို့ယွင်းချက်ကြောင့်၄င်း၊ ပရလောက၏ အတားအဆီး ကြောင့်သော်၄င်း၊ မိမိကိုယ်တိုင်က မလာရောက်ခြင်းကြောင့်၄င်း၊ သာဓုမခေါ်နိုင်ကြပါ။ မိမိကိုယ်တိုင်ကလည်း ပြိတ္တာဘဝတွင် ပျော်နေ၍(ဘဝတဏှာ)လာသော်လည်း သာဓုမခေါ်ကြပါ။

<u>ကုသိုလ်ကောင်းမှု၏ ရရှိသောအကျိုး</u>

ဒါနကုသိုလ်၏ အမျှအတန်းကို ပြိတ္တာဘဝရောက်နေသူက သာဓုခေါ်လျှင်၊ ပြိတ္တာဘဝက ကျွတ်ထိုက်တဲ့ ကံပါလျှင် သာဓုခေါ်ပြီးတာနဲ့ တပြိုင်နက် ပြိတ္တာဘဝက ကျွတ်လွတ်ပြီး ကံအားလျော်စွာ လူ့ပြည်၊ နတ်ပြည်သို့ရောက် သွားနိုင်ပါတယ်။

ကျွတ်ထိုက်တဲ့ကံ မပါသေးဘူးဆိုလျှင် ပြိတ္တာဘဝတွင် ကျန်ရစ်သူတွေ လှူဒါန်းတဲ့ ပစ္စည်းတွေနဲ့ အမျိုးတူအကျိုးကို ခံစားခွင့်ရှိပါတယ်။(အဆများစွာ) ဥပမာ ဆွမ်းလှူလျှင် အစားအသောက် အတွက် ပြည့်စုံသွားတယ်။ သင်္ကန်း၊ မျက်နှာသုတ်ပဝါလှူလျှင် အဝတ်အထည်ပြည့်စုံသွားပါတယ်။ လှူတဲ့ပစ္စည်းတွေနဲ့ အလားတူအမည်တူ အဆပေါင်းများစွာ ခံစားရရှိပါတယ်။ဒါကြောင့် ပစ္စည်းမျိုးစုံ လှူသင့်ပါတယ်။ ဥပမာ. ကျောင်း၊သင်္ကန်း၊ဆေး(မြန်မာ၊ အင်္ဂလိပ်ဆေး တမျိုးမျိုး-လျက်ဆား)၊ ဆွမ်း၊ ထီး၊ ဖိနပ်၊ နေရာထိုင်စသည်ဖြင့် တတ်နိုင်သလောက် တမျိုးစီထည့်နိုင်ပါက ကောင်းမွန်ပါသည်။ ဒါမှပြိတ္တာဘဝမှာ နေရေးထိုင်ရေး၊ စားသောက်ရေး အစစအရာရာအဆင်ပြေသွားနိုင်ပါတယ်။

- သင်္ကန်းလှူလျှင် ကွယ်လွန်သူအတွက် အဝတ်တန်ဆာ ပြည့်စုံပါသည်။ (မတတ်နိုင်ပါက - မျက်နှာသုတ်ပဝါ၊ လက်ကိုင်ပဝါ စသည်ဖြင့် ထည့်နိုင်ပါသည်။)
- ဆွမ်း၊ ဟင်း၊ ရေ စသည်တို့ကို လှူဒါန်းလျှင် အစာရေစာ ပြည့်စုံပါသည်။ အစားဆင်းရဲခြင်း ဒုက္ခမှ ကင်းလွတ်ပါသည်။ (ဆွမ်းဟင်း မတတ်နိုင်လျှင် အစားအသောက်တခုခု၊ မုန့်တစ်ခုခုဖြစ်စေ လှူနိုင်ပါသည်။)
- ထီး၊ ယပ် လှူလျှင် ကွယ်လွန်သူအတွက် ပူလောင်ခြင်း ဒုက္ခမှ ကင်းဝေးပါသည်။
- ဖိနပ် လှူဒါန်းပါက လိုရာခရီးကို သွားလာနိုင်ခွင့် ရရှိနိုင်ပါသည်။
- ကျောင်းဇရပ်လှူလျှင် ကွယ်လွန်သူနားခိုစရာပြည့်စုံစေသည်။(မတတ်နိုင်လျှင် နေရာထိုင် (နေကထိုင်)၊ ဖျာ စသည်တို့လည်း လှူနိုင်ပါသည်။

ဒီလောက်ဆိုရင် ဘာတွေလှူသင့်တယ်ဆိုတာ သဘောပေါက်ပါလိမ့်မယ်။ (ဖယောင်းတိုင်၊ အမွှေးတိုင်၊ ဆေးတမျိုး၊ . . . )စသည်ဖြင့် မိမိနိုင်သလောက် ပြည့်စုံအောင်လှူပါ။ ပကာသနတွေ မများပါစေနှင့် လိုရင်းရောက်ပါစေ။

ခဏခဏလှူပေးလျှင် ပိုမိုကောင်းမွန်ပါသည်။ ကွယ်လွန်သူပြိတ္တာဘဝမှာ ရှိသေးရင်လည်း အကျိုးကျေးဇူးခံစားရပြီး၊ ကျွတ်လွတ် သွားလျှင်လည်း လှူဒါန်းသူတို့ ကုသိုလ်အကျိုး ရရှိပါတယ်။

<u>လှူနေစဉ် အပူမလောင်ပါစေနှင့်</u>

ရည်စူး၍ ကုသိုလ်ကောင်းမှုလုပ်နေစဉ် သေသူကို သတိရလွမ်းဆွတ်သဖြင့်ငှင်း၊ တွယ်တာငြိတဲ့ သံယောဇဉ်နဲ့ စိတ်နှလုံးပူလောင် တတ်ပါတယ်။ မျက်ရည်ကျ ငိုကြွေးနေမယ်ဆိုရင် ကောင်းမှုကုသိုလ်ရဲ့ တန်ဖိုးကျဆင်း ပါတယ်။ တရားသဘောနဲ့ ဖြေဖျောက်ပြီး စိတ်ကိုထိမ်းပါ။ မိမိ၏ ကုသိုလ် ကောင်းမှုကို ကွယ်လွန်သူကို ပေးရသည်ဖြစ်၍ လက်ခံယူသော သူမှာလည်း ပူလောင်မှု ဖြစ်စေတတ်ပါသည်။ သတိလေး ထားလိုက်ပါ။

<u>ထူးခြားသောဖြစ်စဉ်များ</u>

မြတ်စွာဘုရားရထားတဲ့ ဒိဗ္ဗစက္ခုအဘိညာဏ်အရပြောရလျှင် သတ္တဝါတို့၏ သေဆုံးခြင်းနှင့် ဘဝအသစ်ဖြစ်ခြင်းတို့ကို သိမြင်နိုင်ပါတယ်။ လူတွေမှာ ဒီအသိဉာဏ်မရရှိတဲ့အတွက် ပရလောကသားတို့ရဲ့ အကူအညီကိုယူပြီး တဆင့်ခံအသိနဲ့ သိနိုင်ကြပါတယ်။ ယခုခေတ်မှာလည်း အကြားအမြင်ဆရာတွေ၊ ဘိုးတော်၊ မယ်တော် နတ်ဝင်သည် တချို့ကလည်း ပရလောက အကူအညီနဲ့ ပြောကြတာရှိပါတယ်။ (တချို့ကလည်း လိမ်ညာတာတွေရှိပါတယ်။ ဝင်ပူးတာ ကလည်း အခြားပြိတ္တာ သရဲလဲဖြစ်တတ်ပါတယ်။ အလိမ်အညာတွေကို ထားလိုက်ပါတော့။)

လောကမှာ ကိုယ်မသိ ကိုယ်မတတ်တဲ့ အတတ်ပညာတွေကလည်း အများကြီးရှိတာမို့ ကိုယ်မသိ ကိုယ်မတတ်တာနဲ့ မဖြစ်နိုင်ဘူး၊ မလုပ်နိုင်ဘူးလို့ အကြောင်းပြချက်မရှိဘဲ ငြင်းတတ်ကြပါတယ်။ လူတစ်ယောက်မှာရှိတဲ့ အတတ်ပညာအရ ၄င်းစိတ်စွမ်းအင် ကြီးမားခြင်းကြောင့် သော်လည်းကောင်း မှန်မှန်ကန်ကန် ဟောပြောနိုင်တဲ့ ပုဂ္ဂိုလ်တွေရှိပါတယ်။

သတ္တဝါတွေကို ကယ်တင်ဆောင်ရွက်ပေးနေသော ဆရာတော်ကြီးများ၊ အထက်ဝိဇ္ဇာ ဆရာကြီးများသည် အောက်မိစ္ဆာ၊ သရဲ၊ တစ္ဆေ၊ စုန်း၊ ကဝေ၊ စသည်များကို ဆင့်ခေါ်နိုင်စွမ်း ရှိကြသည်။ ထိုသူတို့သည် လားရာ မကောင်းသော ပြိတ္တာဖြစ်နေသူအားခေါ်ယူ တရားဟောပြီး သာဓုခေါ်ခိုင်းတာတွေလဲ ရှိပါတယ်။ အချို့ပုဂ္ဂိုလ်တို့သည် (ဥပမာ နတ်ဝင်သည်လိုမျိုး)ကို ပြိတ္တာ အားသွင်းပြီး ဝင်ပူးခိုင်းကာ ပစ္စည်းများကို ကိုယ်တိုင် လှူခိုင်းတာမျိုးလည်းရှိပါသည်။ ဒီလိုမှန်မှန် ကန်ကန်လုပ်နိုင်ပါက သာမန်ထက် ပိုအကျိုးများပါတယ်။ ဒီကိစ္စမျိုးက ထူးခြားဖြစ်စဉ်ဟာမို့ လူတိုင်း မကြုံကြိုက်နိုင်ပါ

## ကိုယ်တွေ့ဖြစ်ရပ်မှန်

ကျွန်တော်၏ ဆွေမျိုးတော်စပ်ခဲ့သော စာဖတ်သူတို့အား အဖြစ်မှန်တွေကို သိစေချင်၍ ရေးသားခြင်းဖြစ်ပါသည်။ ယခင်က ကျွန်တော်သည် သိပ္ပံဆရာဖြစ်ခဲ့တော့ အကြောင်းမဲ့ သက်သက် ပရလောကကိုလည်း မယုံကြည်ခဲ့ပါ။ သူရဲခြောက်တယ်ဆိုတဲ့ နေရာတွေကိုလည်း တွေ့မလား သွားကြည့်ခဲ့ပါတယ်။ သုသာန် ထဲမှာလည်း ညဘက် သွားကြည့် ဖူးပါတယ်၊ ဘာသရဲမှ မတွေ့တော့ ယုံကြည်မှု မရှိခဲ့ပါ။ ယနေ့ အချိန်တွေ ကြာလာတော့ အတွေ့အကြုံတွေအရ လက်ခံရပါတော့တယ်။ ဒါတွေကို စာဖတ်သူတို့အား အနည်းအကျဉ်းပြောပြပါမယ်၊ ကျွန်တော် ဘုရားတွေ လျှောက်တည်တဲ့ အခါမှ ပရလောကသားတွေကို အသုံးပြုရပါတယ်၊ ကိုယ်မှာက ဒိဗ္ဗစက္ခုလဲမရှိတော့ ပရလောက သားတွေကို အသုံးပြုရပါတယ်။ အထူးသဖြင့်တော့ တောင်ငူမှာနာမည်ကြီးတဲ့ မသိသူမရှိ လှူတော်တော်များများ(အရာရှိကြီးများအပါအဝင် ဦးတိုက်နေတဲ့ မြို့စောင့်နတ်နန်းငွေခင် (မငွေခင်) ကို အသုံးပြုရတယ်။ အထူးသဖြင့်တော့ သူဝင် နိုင်တဲ့ နတ်ဝင်သည် (အမှန်အကန်)ကို ရှာရပါတယ်။ နတ်ဝင်သည်ကို ဝင်ပူးပြီး မေးချင်တာတွေကို မေးရပါတယ်။ ဘုရား တွေတည်ရင် ပရလောကနဲ့ မပြေလည်ရင် ဒုက္ခဖြစ်တာ ဘဲ၊ ကိုယ်တွေ့အရ သေသူသေ၊ စိတ်မနှံ့အောင်ဖြစ်တာနဲ့ တပိုင်းတစနဲ့ တန်းလန်းရပ်ခဲ့ရတာတွေ ရှိပါတယ်။ (ဥပမာ တောင်ငူနှင့် နှစ်မိုင်အကွာ ကံရှိုးကျေးရွာ မီးရထား သံလွင်မြစ်၏ အနောက်ဘက်ကမ်းပေါ်တွင်ရှိသော ဘုရားပတ်လည်ပေ ၂၈ပေအမြင့် ကျွန်တော် ဆက်တည်သော ဘုရားအမှတ်(၃) ဖြစ်ပါတယ်။) အဲဒီနားက လူသတ်တယ်ဆိုတဲ့ ပရလောကသားကို နတ်ဝင်သည် အကူအညီနဲ့ ခေါ်ယူပြောဆိုဆွေးနွေး ညှိနှိုင်းဆောင်ရွက်တော့ အဆင်ပြေသွားပြီး ဘုရားကြီးလက်ရှိ တည်ရှိနေပါသည်။

အဲဒီနားက ပေ ၂၀၀ ခန့် အကွာတွင် ထပ်မံတည်ခဲ့ပါသည်။ ငှက်ပျောပွဲ၊ အုန်းပွဲ(သိုက်ပွဲ) ဝင်ခိုးသူ မြွေကိုက် သေရပါတယ်။ အဲဒီဘုရားကြီး ပြီးခါနီးမှာ ကျွန်တော်တို့ အဖွဲ့ဝင်တွေထဲက တစ်ယောက် ရောဂါတစ်ခုကြောင့် ဆေးရုံ မှာ သေပါတယ်။ ဆေးရုံမှာသွားကြည့်တော့ ဆရာဝန်တွေက ရေမကိုက်ရဘူးကဲ့ သူက သောက်ချင်တယ်။ ကျွန်တော်တို့ ကလဲမတိုက်ရဲ၊ ဒါနဲ့တိုတိုပြောရရင် ကွယ်လွန်သွားပါတယ်။

လက်ရှိ ဒီအဖြစ်အပျက်နဲ့ ဆက်လက်လုပ်ဆောင်တဲ့ အဖွဲ့ဝင်တွေ (ဦးချစ်၊ ဦးဇော်မင်း၊ ဦးတင်ထွန်း --- အမျိုးသမီးများ ယခုလက်ရှိ ရှိနေကြပါတယ်။ အဲဒါနဲ့ အသုဘပြီးတော့ ဘုရားမှာ အားလုံးဆုံပြီး နတ်ဝင်သည်မှာ ဝင်ပူးခိုင်း ပါတယ်။ ဝင်ပူးတော့ ရေသောက်ချင်တဲ့ အစွဲကြောင့် သူ ပြိတ္တာဘဝ ရောက်ရ ပါတယ်၊ ကိုယ်တုံးလုံး အဝတ်အစား မရှိပါ။ နေစရာမရှိလဲ မရှိပါတဲ့၊ ဒါကြောင့် ရေသောက်မလားဆိုတော့ သောက်မယ်ပြောလို့ မက်ခွက်နဲ့(၉)ခွက် လောက် သောက်ခဲ့ပါတယ်။

ဘာလုပ်ပေးရမလဲမေးတော့ ဆရာတော်ကြီးတစ်ပါးဆီမှာ ပိတ်စတစ်စလှူပေးပါ။ သောက်ရေအိုးစင်ထားပေးပါ။ နောက်ထပ် ဘာမှာမလဲဆိုတော့ ခင်ဗျားတို့ ဝိပဿနာ အလုပ်ကို စွဲစွဲမြဲမြဲလုပ်ပါ၊ အစွဲအလမ်းတွေ ဘာတွေမရှိပါစေနဲ့တဲ့၊ နောက်နေ့ ဆရာအတတ်သင်မှာ တရားလာပြနေတဲ့ ကျောက်ဝိုင်းဆရာတော်ဘုရားကြီးထံမှာ မျက်နှာသုတ်ပုဝါ တစ်ထည်နဲ့ နေကာထိုင် တစ်ထည် လှူပေးပါတယ်၊ ရေအိုးလည်းထားပေးပါတယ်၊ ဘုရားက ပုဂ္ဂိုလ်တွေထံမှာလဲ မေတ္တာရပ်ခံပြီး ဘုရားမှာနေခွင့်ပြုဖို့ တောင်းခံခဲ့ပါတယ်၊ နောင်တစ်နေ့ ဝင်ပူးတော့ သူမှာ အဝတ်အစားရသွားပြီ နေထိုင်စရာလည်း ရသွားပြီ၊ ရေလဲ အဝသောက်ရပြီတဲ့၊ ဒါနဲ့ကျွတ်တန်းဝင်ဖို့ သာဓုခေါ်နိုင်မလား မေးတော့မရသေးဘူး တော်တော်ကြာကြာ ဒီဘဝနဲ့နေရအုံးမယ်တဲ့ ဒါကို ကြည့်ခြင်းအားဖြင့် သူ့အတွက်လှူပေးသော ပစ္စည်းအတိုင်း အကျိုးကျေးဇူး ခံစားသွားရပါတယ်။

## သွားချင်တိုင်းမသွားရ အုပ်ချုပ်သူရှိတယ်

သေသူဝင်ပူးစဉ်က ကျွန်တော်က ခင်ဗျားနဲ့အကောင်အထည် အတိုင်းတွေ့ချင်တယ် ဆိုတော့ သူကလက်ခံတယ်၊ ညတစ်ည(၁၀)နာရီမှာ ဒီဘုရားကို လာခဲ့တွေ့ရမယ်ပေါ့၊ သူနဲ့ ကျွန်တော်တွေ့ရမယ့်နေရာက သူရောက်နေတဲ့ နံပါတ်(၄)ဘုရားနဲ့ ပေ၂၀၀အကွာ နံပါတ်(၃)ဘုရား မှာပါ။ သူပြောတဲ့အတိုင်း ည ၉ နာရီထဲက အဲဒီဘုရားမှာ ကျွန်တော် ရောက်ပါတယ်၊ ဘုရား ဆီမီးပူဇော် ဘုရားရှိခိုးပြီး ဘုရားပတ်ရင်းရှုတ်ဖတ်နေတာပေါ့၊ သူလာနိုးလာနိုးနဲ့ စောင့်နေတာ ည၁၁နာရီလောက်ကျတော့ မလာတာနဲ့ပြန်ခဲ့တယ်။ နောက်နေ့ဝင်ပူးခိုင်းပြီး ခင်ဗျား ကတိ ပျက်တယ်ပြောတော့ ဆရာရောက်နေတာကို မြင်ပါတယ်တဲ့ သူ့ကိုအုပ်ချုပ်တဲ့ သူက မသွားရဘူးဆိုလို့ လာခွင့်မရှိတာပါတဲ့၊ ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်၊ ဒါကြောင့် ပရလောကသား တွေဟာ သူများ(အထက်အုပ်ချုပ်သူ) ခွင့်မပြုဘဲ မသွားရဘူးဆိုတာ သိလိုက်ရပါတယ်။ ဒါကြောင့် ဆွမ်းသွပ်(သပိတ်သွပ်)တဲ့အခါမှာ လာနိုင်အောင် သူ့ရဲ့အထက်ပုဂ္ဂိုလ်တွေ မြို့စောင့်နတ်၊ ရပ်ကွက်စောင့်နတ်၊ အိမ်စောင့်နတ်ကို တောင်းပန်ပြီး လာခွင့်ပေးအောင်/တိုက်တွန်း ပေးအောင် ဆောင်ရွက်ရတယ်ဆိုတာ သိစေချင်တာပါ။

## အိပ်မက်ပေးနိုင်တယ် ကူညီနိုင်တယ်

ကျွန်တော် ဘုရားတွေတည်ရင်း တောင်ငူခရိုင် ဆွာမြို့ပတ်ဝန်းကျင် တဝိုက်မှာကော အနောက်ဘက်ရိုးမကောင်ပေါ်မှာပါ၊ ဘုရားငါးဆူလောက် တည်ဖူးပါတယ်။ တစ်နေ့ ဆွာချောင်းတံတား ကနေပြီး ၃ မိုင်ခန့်အကွာ အောင်တော်မူဘုရားကြီးရှိတဲ့နေရာ ဖိုးသူတော်တွေ နေတဲ့နေရာကို ရောက်သွားတယ်၊ အဲဒီနားမှာ ဘုရားပျက်တစ်ခု (ဂူတစ်ခု)တွေ့တယ်၊ ဘုရားတည်ချင် စိတ် ပေါက်လာတယ်၊ ဒါပေမဲ့ အဲဒီဘုရားပျက်နားသွားဖို့ လျှိုကြီးတစ်ခု(၁၅ပေလောက်ကျယ်) ခံနေတယ်၊ တော်တော်ဝေးဝေးက ပတ်သွားရင်တော့ ရောက် သွားမယ်၊ သွားကြည့်တယ်၊ တဖက်ကလည်း ဘုရားတည်ချင်တယ်၊ အခက်အခဲတွေကလဲများတော့ မတည်ချင်ဘူးလွန်ဆွဲနေတာ၊ မတည်တော့ ဘူးလို့ မဲများနေတယ်၊ အားလုံးကျွန်တော်အဖွဲ့ကို မေးကြည့်တော့ အခက်အခဲတွေနဲ့ စိတ်ပျက် တာပေါ့၊ တိုတိုပြောရရင် နတ်ဝင်သည်ကိုခေါ်ပြီး သိုက်စောင့်ကောင်မလေးကို ခေါ်လိုက်တယ်၊

အတူတူထိုင်ရင်းကနေ ကြမ်းပြင်ဆင်းသွား ကန်တော့တယ်၊ သူဟာမိသားစုထဲ ကတစ်ယောက်ပါတဲ့၊ အကြောင်းမလှလို့ ဒီသိုက်ထဲရောက်နေခဲ့ရတာ နှစ်ပေါင်းထောင်နဲ့ ချီနေပါပြီတဲ့၊ ဘုရားတည်ပေးပါတဲ့။

နောက်ဆုံး မင်းနဲ့ငါအပေးအယူလုပ်မယ်၊ မင်းက အဲဒီတဝိုက်မှာ အချောဆုံးအလှဆုံး မိန်းကလေးလို့ နာမည်ကြီးတာ ဟုတ်သလားလို့ မေးတော့ သူကပြတဲ့အခါမှာ အဲဒီလိုပြလို့ပါတဲ့၊ ကျွန်တော်ကလည်း သိပ်မယုံတော့ မင်းကိုအပြင်မှာသော်၎င်း၊ အိပ်မက်မှာသော်၎င်း မြင်တွေ့ချင်တယ်၊ (၇)ရက် အတွင်း ပေါ့၊ သူကလက်ခံတယ်၊ တစ်နေ့ ကျွန်တော် အိပ်နေစဉ် (အိပ်လဲမပျော် ဘဝင်စိတ် ဖြစ်မှာပေါ့) မိန်းကလေးနှစ်ဦး ကုတင်ဘေးလာရပ်တယ်၊ ကြည့်နေတယ် မေးတော့မပြောဘဲ ပြန်သွားတယ်။

အဲဒါနဲ့ တစ်ပါတ်ကြာတော့ ဝင်ပူးခိုင်းမေးတော့ သူကိုယ်တိုင်သွားဖို့ သိုက်ချုပ်က ခွင့်မပြုကြောင်း၊ ကိုယ်စားနှစ်ယောက်ကို လွှတ်လိုက်ကြောင်း၊ စကားအပြောအဆို မှားမှာ စိုးရိမ်၍ ဝစီပိတ်လွှတ်လိုက်ကြောင်း၊ ပြောပြတော့ ဟုတ်သားပဲပေါ့၊ ကျွန်တော်ကလဲ မင်းကိုယုံပြီ၊ ဒါပေမယ့် အပေးအယူ ထပ်လုပ်ရအောင်၊ ကျနော်က ဒီတောကြီးကို ရှင်းပေးဖို့နဲ့ ဘုရားပျက်ကို ရောက်အောင် တံတားခင်းပေးဖို့ပြောတော့ သူကဆောင်ရွက်ပေးမယ်၊ စိတ်တိုင်းကျ လုပ်ပေးပါမယ်တဲ့။

၁၀ရက်လောက်အတွင်းမှာ တောကြီးလဲရှင်းပြီး ကားသွားလို့ရတဲ့ တံတားခင်းပြီးသား ဖြစ်ပါတယ်၊ သူကိုက အနီးဆုံး ရွာသားတွေကို ဘယ်လိုလုပ်တယ်မသိဘူး၊ ရွာသားတွေက လာလုပ်သွားတာတဲ့၊ အဲဒါနဲ့ ဘုရား တည်မည့်နေရာ ရောက်တယ်၊ ပင်ပူးခိုင်းပြီး ဒုက္ခပေးနိုင်သူကို မေးပော့ တစ်ယောက်ရှိတယ်၊ သူ့ကိုသိုက်ချုပ်ကို ပြောခိုင်းလိုက်ဆိုတော့ အဲဒီကောင်ဟာ မလွယ်တဲ့ကောင် ဖြစ်လို့ ကျွန်တော်က တရားဟောပေးပါတဲ့၊ ကျွန်တော်ကလဲ ဘယ်လိုလုပ် ဟောမလဲ၊ လူလဲ မရှိ၊ အဲဒါနဲ့ဆိတ်ကွယ်ရာ ခပ်လှမ်းလှမ်းမှာရှိတဲ့ သစ်ပင်အုပ်တစ်ခုထဲဝင်ပြီး သူ့ကိုခေါ်ပြီး တတ်သလောက် မှတ်သလောက်(တစ်ယောက်ထဲ) တရားဟောတယ်၊ ကိုယ့်ဟာကို တရားဟော ပြီးတဲ့ အခါမှာ မိန်းကလေး တစ်ယောက် ရောက်လာပြီး စကားပြောတယ်၊ မင်းက ဒီသိုက်က ဘယ်သူ (နာမည်မေ့နေပြီ) မဟုတ်လားဆိုတော့ ဟုတ်ပါတယ်၊ အဲဒါနဲ့ နှစ်ပေါင်းများစွာက ကိစ္စတွေပြောပြီး ငိုပါတယ်။ ကဲကွာ ငါလည်းမတတ်နိုင်တော့ဘူး၊ မင်းအတွက် ဆောင်ရွက်ပေးပါမယ်၊ အဲဒီပုဂ္ဂိုလ်ကလဲ ကျေနပ်သွားကြောင်းပြောလို့ အဲဒီဘုရားကြီးကို အစအဆုံး အသစ်ပြန်တည်ခဲ့ပါတယ်၊ တည်ပြီး လေးငါးခေါက်လောက်တော့ ရောက်ပါတယ်၊ နောက်တော့ မရောက်တော့ဘူး။

အဲဒီမှာ ဘာကိုဆိုလိုတာလဲ ဆိုတော့ (၁) သူတို့ဟာ အိပ်မက်ပေးနိုင်တယ်။ (၂)အထက်အမိန့်ကို လုံးဝ နာခံရတယ်။ (၃) သူတို့လိုလားရင် အကူအညီပေးနိုင်တယ်။ (၄) လူယောင်ဖန်ဆင်းပြီး သာမန်လူလို နေနိုင်တယ်။ (၅)လူတွေရဲ့စိတ်ကို လှုံ့ဆော်နိုင်တယ်ဆိုတာ သိရပါတယ်။ ဥစ္စာစောင့်ဆိုတော့ ပြိတ္တာထဲမှာပါပေမဲ့ သာမန် ပြိတ္တာတွေနဲ့ မတူပါဘူး၊ အနေအစား ချောင်ပါတယ်။ သူတို့ဘဝ သူတို့ ပျော်နေပါတယ်။ နောက်ဘုရားတစ်ဆူပွင့်မှ ကျွတ်လွတ်မယ်တဲ့။ ကဲ အဲလောက်ဆိုရင် ပြိတ္တာတွေအကြောင်း တော်လောက်ပါပြီ၊ ဒါတွေဟာ ဒဏ္ဍာရီဆန်ဆန် စိတ်ကူးဆန်ဆန် ရေးပြတာ မဟုတ်ပါ၊ တကယ့်အဖြစ်အပျက်ကို သိစေချင်လို့ပါ။

## လက်မခံလျှင် လာလို့မရ

သေဆုံးသူ မကျွတ်မလွတ် (တစ္ဆေ၊ သရဲ၊ ပြိတ္တာ) ဖြစ်နေပါက သပိတ်သွပ်ရန် အမျှဝေရန် ဖိတ်ကြားသော်လည်း လာရောက်ရမည့်နေရာက လက်မခံလျှင် လာလို့မရပါ။

ဗဟုသုတရရန် အတွေ့အကြုံတစ်ခုကို ပြောပြပါမည်။ လွန်ခဲ့သည့် ၁၀ နှစ်လောက်က တောင်တွင်းကြီးတွင် သေဆုံးသူသည် မကျွတ်မလွတ်ဖြစ်နေသဖြင့် တောင်ငူတွင်ခေါ်၍ ကျွတ်လွတ်အောင် ဆောင်ရွက်ရန်ဖြစ်လာသည်။ ဒါပေမယ့်ပရလောက၏ အကြောင်းကို ပရလောကကသာ သိရှိသည်။ ကိုယ်ကဘာမှမလုပ်တတ်၊ အဲဒါနဲ့ဘုရားတစ်ဆူတွင် နတ်ဝင်သည် အားခေါ်ယူပြီး မင်္ဂလာခင်(နတ်)ကို အသုံးချရပါသည်။ မင်္ဂလာခင်က အဝေးမှရှိတာမို့ လွှတ်ရမဲ့ နေရာတွေကလဲလွှတ်ဖို့ လက်ခံရမဲ့နေရာကလဲ လက်ခံဖို့ မေတ္တာရပ်ခံပြောဖို့ ဆိုလာပါသည်။

အဲဒါနဲ့ဘုရားတစ်ဆူမှာနေပြီး တောင်တွင်းကြီးနှင့် တောင်ငူကြားသက်ဆိုင်ရာ မြို့စောင့် နတ်၊ ဟိုင်းဝေစောင့်နတ်စသည်တို့ကို ယွှတ်ပေးဖို့နဲ့ ဒီဘက်ကလဲ လက်ခံပေးဖို့ မြို့စောင့်နတ်၊ ရွာစောင့်နတ်၊ ဘုရားစောင့်နတ်များကို မေတ္တာရပ်ခံရပါသည်။ အဲဒါနဲ့ သေသူမကျွတ်လွတ်သူက ဝင်လာပါသည်။ သို့သော်ချက်ချင်း အသံနက်ကြီးနှင့်ကြောက်လန့်တကြား အော်ဟစ်ပါသည်။ ဒါနဲ့ မင်္ဂလာခင်နတ်ကိုပြန်သွင်းပြီး မေးရပြန်ပါတယ်၊ အားလုံးက အသာတကြည်သွားလာခွင့် ပေးသော် လည်း ဒီဘုရားမှာရှိတဲ့ သူရဲကြီးက(နှစ်ပေါင်းထောင်ချီပြီးနေခဲ့ပါသည်) မိုက်ကန်းလွန်းပြီး မကျေမနပ် နဲ့ လက်မခံအော်ငေါက်လွှတ် သဖြင့် ဝင်လာသူမှာ ကြောက်လန့် ထွက်ပြေးရခြင်း ဖြစ်ကြောင်းနှင့် ဒီသူရဲကြီးက ပြောလို့ဆိုလို့ မရသဖြင့် သူ နယ်နိမိတ် လွတ်ရာသို့ ရွှေ့ပြောင်းပြီး လိုအပ်သလို ဆောင်ရွက်ရပါသည်။ သေဆုံးသူမှာ လောလောဆယ် မကျွတ်လွတ်နိုင်သေးသဖြင့် ဒီဘဝမှာ နေဖို့ထိုင်ဖို့ စားဖို့သောက်ဖို့ လောက်သာ အဆင်ပြေအောင် ဆောင်ရွက်ပေး ရပါသည်။ အဲဒါကို ထောင်ရှု့ရင် လက်ခံမဲ့ပုဂ္ဂိုလ်က ဝင်ခွင့်မပြုရင်လဲ လာလို့မရတာတွေ့ ရပါတယ်။

ဒီလောက်ဆို ထေရဝါဒဗုဒ္ဓဘာသာ တရားတော်နဲ့လည်း ညီအောင် အတွေ့အကြုံအရလဲ ကိုက်ညီနေတာမို့ သတိထားဆောင်ရွက်နိုင်ပါပြီ၊ (ဥပမာ- နာဝစ်တွင် သေသူများ အခြားနေရာများ တွင် သေသူများကိုလည်း အဆင့်ဆင့် မေတ္တာရပ်ခံရပါမည်။ သဘောပေါက်လောက်ပြီဖြစ်၍ လိုရင်း ရေးပါမည်။)

### လိုရင်းအတိုချုပ်မှာ

(၁) သေသူကို အဖန်တလဲလဲ ဖိတ်ပါ။ လိပ်စာ တိတိကျကျ ဖိတ်ပါ။

(၂) လာရမဲ့ ခရီးစဉ်တလျှောက် လာခွင့်ပြုရန်နှင့် ဒီမြို့နယ်၏ မြို့စောင့်နတ်၊ ရွာစောင့်နတ်၊ အိမ်စောင့်နတ်များကို မေတ္တာပို့ပြီး ခွင့်ပြုရန်နှင့် တိုက်တွန်းရန် အကူအညီ တောင်းပါ။

(၃) ရဟန်းသံဃာကို ပုဂ္ဂိုလ်စွဲမပြုဘဲ၊ (သံဃာ)ဘယ်နှစ်ပါးကြွပါရန် ဖိတ်ကြားပါ။ သံဃာဆိုပြီး ပင့်ပါ။

(၄) အပ်စပ်သော ပစ္စည်းမျိုးစုံထည့်လှူပါ။

(၅) မအပ်စပ်သော 'ငွေ'များ လုံးဝ (လုံးဝ) မထည့်ပါနှင့်။ လှူချင်လျှင် နည်းလမ်းအတိုင်း ကပ္ပိယမှ တဆင့် လှူပါ။

(၆) အမှုအတန်း ပေးဝေသည့်အခါ သီးသန့်အမည်တပ်၍ဝေပါ။ (နာမည် ကိုသော်၎င်း၊ မိခင် ဖခင်ဟုသော်၎င်း ထည့်၍အမှုဝေပါ။

(၇) ရေစက်ချအမှုဝေစဉ် တတ်နိုင်သလောက်စိတ်ထိမ်းပြီး မငိုမိရန် (သောက မပေးမိရန်) သတိထားစေချင်သည်။

ဒါလောက်ဆိုရင် ရည်စူးအလှူကိုလှူတတ်လောက်ပါပြီ၊လွယ်လွယ်ကူကူ မလုပ်ကြပါနဲ့၊ မိရိုးဖလာဆိုသည့် အလုပ်များသည် မှားယွင်းနေလျှင် ပယ်လိုက်ပါ။ တတ်ကျွမ်းသူ တစ်ဦးဦးက ဦးဆောင်၍ လုပ်သင့်ပါသည်။

နေ့စဉ်ကောင်းမှုကုသိုလ်ပြုပြီးတိုင်းအမှုဝေပါ

ကွယ်လွန်သူအတွက် ရက်လည်မှဆွမ်းကပ်တာတွေထိ မစောင့်နဲ့၊ အမြန်ဆုံး လုပ်ဖို့ အရေးကြီးသည်။ သပိတ်သွပ်တယ်ဆိုတာ ပြိတ္တာဘဝကျွတ်လွတ် အောင် လုပ်တာအတွက်ပဲ မြန်လေကောင်းလေပဲ၊ သေသေချာချာစဉ်းစား၊ ရှေးကအယူတွေ မမှန်ရင်ပယ်သင့်ပါတယ်။ ငွေပေါင်းများစွာ အကုန်အကျခံပြီး ပြုလုပ်ပေးတိုင်းလည်း ကုသိုလ်ရဲ့အဖိုးကို ကွယ်လွန်သူ မုချ ရလိမ့်မည်ဟု တထစ်ချမမှတ်နဲ့။ (လက်ရှိ လုပ်နေတဲ့ အတိုင်းဆိုသာ၍ မသေချာတော့ပါ။ ဒါကြောင့် အိမ်တွင် ဘုရားရှိခိုးတိုင်း၊ တရားထိုင်ပြီးတိုင်း အမှုဝေပါ။ အကြောင်းတိုက်ဆိုင်လျှင် ကွယ်လွန်သူ က အမှတ်မထင် သာဓုခေါ်ဆိုပြီး မြင့်မြတ်သောဘုံဘဝသို့ ကူးပြောင်းနိုင်ပါသည်။

ကဲဒီလောက်ဆိုရင် သပိတ်သွပ်အလှူကို မှန်မှန်ကန်ကန် လုပ်နိုင် လောက်ပါပြီ၊ မိရိုးဖလာဆိုပြီး နည်းမမှန် လမ်းမမှန်နဲ့ မပြုလုပ်မိကြစေဖို့ သတိပေးအပ်ပါ သည်။

သေသူအတွက် သရဏဂုံတင်စရာလိုပါသလား

ဗုဒ္ဓဘာသာဝင်တိုင်းသည် သရဏဂုံတည်ရပါမည်၊ သရဏဂုံဆိုတာ ကိုးကွယ်ရာဘုရား၊ တရား၊ သံဃာကို သရဏဂုံလို့ ခေါ်တယ်။ ဂမဏဆိုတာ ကိုးကွယ်ရာလို့ သိတယ်၊ ရတနာသုံးပါးကို ကိုးကွယ်ရာလို့ သိနေခြင်းသည် သရဏဂုံတည်တယ်လို့ဆိုပါတယ်။

မိမိတို့ဘုရားရှိခိုးတိုင်း၊ ဥပုသ်ဆောက်တည်တိုင်း သရဏဂုံကို ရွတ်ဆို လေ့ရှိပါသည်၊ (ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ - ဓမ္မံ သရဏံ ဂစ္ဆာမိ- သံဃံ သရဏံ ဂစ္ဆာမိ) အမြဲတန်း သရဏဂုံ ဆောက်တည်ပြီး ဖြစ်နေသည်၊ သရဏဂုံ ပျက်ခြင်းနှစ်မျိုး ရှိသည်။

၁)အပြစ်မရှိသော ပျက်ခြင်း - ဗုဒ္ဓဘာသာဝင်တစ်ယောက် သေလျှင် သရဏဂုံ ပျက်သည်။

၂)အပြစ်ရှိသော ပျက်ခြင်း - ဘုရား၊ တရား၊ သံဃာမှတစ်ပါး အခြားဘိုးတော်၊ မယ်တော်၊ နတ်စိမ်းအားလုံးတို့အား အရှင်ကြီး အရှင်ကောင်းတို့အား ကျွန်ုပ်၏အသက်နှင့် ခန္ဓာကိုယ်ကို အပ်နှင်းလှူဒါန်း ကိုးကွယ်ပါ၏ဟု ဆိုလျှင် သော်လည်းကောင်း၊ ဦးချလျှင်သော်၎င်း၊ သရဏဂုံ ပျက်သည် (နတ်စင်မှာ သွားပြီးဦးချနေသူများ သတိပြုပါ၊) ဘာသာပြောင်းသွားလျှင်လည်း သရဏဂုံပျက်သည်။ (အပြစ်ရှိသောပျက်ခြင်း)။

အသုဘချသည့်နေ့တွင်အချို့မှာ သံဃာတော်များ အိမ်တွင်ပင့်၍ဖြစ်စေ၊ သုသာန်ဇရပ်တွင် ပင့်၍ဖြစ်စေ၊ သရဏဂုံတင်လေ့ရှိသည်။ လူတွေနားလည်နေသည်မှာ သေသူအတွက် သရဏဂုံတင်သည်ဟု ထင်နေကြ၏။ သေသေချာချာ သုံးသပ်ကြပါ။ ဇရပ်တွင် သံဃာများထိုင်နေပြီး ရှေ့နားတွင် ခေါင်းကိုဖွင့်ထားပြီး မျက်နှာမြင်အောင်ဖေါ်ထားသည်။ လူတွေကနောက်က သီလယူကြသည်။ တခါတရံ အလောင်းကပုပ်ဆော်နံသဖြင့် လူတွေကော၊ သံဃာတော်တွေပါ ရှုံ့မဲ့နေကြသည်။ ထူးခြားသောဖြစ်စဉ်တစ်ခုမှာ ဘယ်လိုလူကဆရာကြီးတတ်သလဲမသိဘူး၊ ကြိုးစတစ်စကို ခေါင်းထဲထည့်သည်။ တစကို သရဏဂုံတင်ပေးသော ဆရာတော်၏ လက်ထဲသို့ ထည့်ထားသည် ကိုလည်း(တယ်လီဖုန်း ဆက်နေပုံ) ကြားဖူးခဲ့ပါသည်။

တကယ်တော့ လူသေကို သရဏဂုံတင်လို့မရပါ၊ ထင်းတုံးငုတ်ပျောတုံးအလား ဖြစ်နေပါပြီ၊ ဒီဘဝမှာလည်း မရှိတော့ပါ။ လူသေအတွက်ဆိုရင် လုံးဝအဓိပ္ပါယ်မရှိပါ။ ကျန်ရစ်ခဲ့သူတွေဟာ ငိုကြွေးပူဆွေးနေကြသဖြင့် ဘုရား၊ တရားကို မေလျော့နေသဖြင့် ပြန်လည်သတိရအောင် တင်ပေးခြင်း ဖြစ်သည်။

ဒီလိုဆိုရင် အသုဘချမယ့်နေ့မှာ အိမ်မှာဘဲ စောစောပိုင်းမှာ ဆွမ်းသွပ်သည့် ပုံစံဖြင့် ဒါနလုပ်ရင်း သရဏဂုံ တင်လိုက်ရင် ပြီးတာပါပဲ၊ ရှင်သူတွေအတွက် ဆိုလိုတာပါ။ နောက်ဆိုရင် ဘုရားစင်ရှေ့မှာပဲ မိမိဘာသာ ရွတ်ဖတ်ပြီးတင်လဲ ရပါတယ်။ ရဟန်း သံဃာတွေကို သုသာန်အထိ လိုက်စရာ မလိုစေတော့ပါ၊ မိရိုးဖလာဆိုပြီး အမှားတွေကို လုပ်နေကြတာ (နာဂစ်က သေတဲ့ လူတွေကို အလောင်းပြပြီး ဘယ်လိုလုပ် သရဏဂုံ တင်မလဲ၊ အဲလိုဆို မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တွေ ဘယ်လိုစဉ်းစားမလဲ)။

ဒါကြောင့် သရဏဂုံတင်တာသည် လူသေအတွက် မလိုပါ။ အသက်ရှင်သူတွေ အတွက်ကတော့ သဘောအတိုင်း ဆောင်ရွက်နိုင်ပါသည်။

ကဲဒီလောက်ဆိုရင် မြေဆင်းသပိတ်တို့ ရက်လည်သပိတ်တို့ တလပြည့်တို့ နှစ်ပတ်လည်တို့ ဆိုတာ နာမည်တတ်ထားကြတာပါ။ မြန်လေကောင်းလေ၊ ခဏခဏလုပ်လေ ကုသိုလ်ရလေ ဖြစ်ပါသည်။ ၇ရက်ကြာမှ(ရက်လည်)မှဆိုကာ ဒိဋ္ဌိအယူအဆတွေဖြစ်ပါတယ်၊ မြန်မြန် သပိတ်သွပ်လေ ဒုက္ခရောက်နေသူက မြန်မြန်ဒုက္ခကင်းလေပေါ့၊ ကိုယ်လုပ်နိုင်တဲ့နေ့ ကိုယ့်အတွက် အဆင်ပြေဆုံးနေ့ကို ရွေးချယ်လုပ်ပါ။ လူတွေကလည်း ဧည့်သည်တွေကို ကျွေးချင်သေးတော့၊ ပစ္စည်းဝယ်တာတို့ ဖိတ်တာတို့နဲ့ ကြာသွားတတ်တယ်၊ ဟိုမှာ ဒုက္ခရောက်နေသူက စောင့်နေရတာ ကြာပြီ၊ ကဲ အဲဒီတော့ အမြန်ဆုံး သံဃာ (၃)ပါးလောက် ပင့်ဆွမ်းကပ်လှူပြီး အမျှတန်း ဝေလိုက်ရင် ပြီးပါတယ်၊ နောက်မှအဆင်ပြေသလို ပရိသတ်ကိုသတ်သတ် ကျွေးမွေးတာလုပ်ပေါ့၊ ဒါနကုသိုလ် ဆိုတာ မြန်လေကောင်းလေပါပဲ။

ဤစာပြုစု၊ ဖြတ်ကောင်းမှုကို
ကွယ်လွန်လေပြီးသော၊ အနန္တဂုဏ်အင်
ကျေးဇူးရှင် မိဘနှစ်ပါးအားလည်းကောင်း
မေတ္တာသခင် ဆရာများအားလည်းကောင်း
အမျှပေးဝေ – ရပါစေကြောင်း
မေတ္တာရေ ခွေကာလောင်းပါ၏။
(အမျှ၊ အမျှ၊ အမျှ)
စာရေးသူ

## ✳ သမထ/ဝိပဿနာခြားနားချက် ✳

| သမထ | ဝိပဿနာ |
|---|---|
| - ပညတ်ကိုရှုသည်။ | - ပရမတ်ကို ရှုသည် |
| - သမုတိသစ္စာနယ်ပယ်ဖြစ် | - ပရမတ္ထသစ္စာနယ်ပယ် |
| - ကိလေသာကို ငြိမ်စေသည် | - ကိလေသာကို ငြိမ်းစေသည် |
| - မဂ်ဉာဏ် မရနိုင်ပါ | - မဂ်ဉာဏ် ရနိုင်သည် |
| - စျာန်ရဖို့ ဦးတည်သည် | - မဂ်ဉာဏ်ရရှိရေး ဦးတည်သည် |
| - စိတ်ပျံ့လွင့်လျှင် မူလအာရုံသို့ ပြန်တင်ရသည် | - စောင့်ရှုရသည်၊ ပျံ့လွင့်တဲ့စိတ်ကို ရှုရသည် |
| - အသံသည် အနှောက်အယှက် ဖြစ်စေသည် | - အသံကို ရှုရသည် အနှောက်အယှက်လို့ သဘောမထား |
| - ဆိပ်ငြိမ်သောနေရာကို ရွေ့ရသည် | - နေရာမရွေး အချိန်မရွေး ရှုနိုင်သည် |

# ကြောင်ကို ဘယ်သူကြိုးချီသနည်း

ဒီနေ့ဗုဒ္ဓဘာသာဆိုသူများမှာ၊ ဘာသာရေးနှင့်ယှဉ်သော လုပ်ဆောင်ချက်များ၊ ယဉ်ကျေးမှုဆိုင်ရာ အကြောင်းအရာများကို မိမိတို့ ကိုးကွယ်သော ထေရဝါဒဗုဒ္ဓဘာသာစစ်စစ်နှင့် ကိုက်ညီနေရဲ့လား၊ ဘုရားဟောတရားနဲ့ရော ကိုက်ညီရဲ့လား၊ စီစစ်ဝေဖန်ခြင်းမပြု၊ အများလုပ်ခဲ့တာပဲ မိရိုးဖလာအတိုင်းပေါ့ စဉ်းစားဝေဖန်ပိုင်းခြားသူကား အလွန်နည်းစွ၊ ရှေးလူကြီးများက ဒီလို ပြောခဲ့ရင် မှန်သည်၊မှားသည်မဝေဖန်၊ ယုံကြည်လွန်းလှပါသည်ကောင်းတယ်၊ မှန်တယ်ဆိုရင် လူကြီး စကား နားထောင်ရမှာပေါ့၊စဉ်းစားကြည့်လို့ မမှန်ရင်မလိုက်နာနဲ့ပေါ့၊ အမှန်တရားအတွက်တော်လှန် ရဲရမှာပေါ့ လူတွေကို ရှင်းပြရမှာပေါ့။

ဥပမာ - လူကြီးတွေက အလှူလုပ်တာတောင် ရက်ရာဇာမှ ရွေးလုပ်တယ်၊ ပြဿဒါး နေ့ဆိုရင် မလုပ်သင့်ဘူးပေါ့၊ ဒီစကားတွေဟာ ပုဏ္ဏားဗေဒင်ဆရာစကားတွေပါ၊ ဘုရားဟော ပိဋကတ်သုံးပုံမှာရှာကြည့်၊ တွေ့မှာမဟုတ်ဘူး၊ ဘုရားက ကုသိုလ်ကို ဘယ်လိုအခါ၊ ဘယ်အချိန်မှာ ကန့်သတ်လုပ်ခိုင်းတာ မဟုတ်ဘူး၊ အချိန်တိုင်း ကုသိုလ်ဖြစ်အောင်နေလို့ ပြောခဲ့တာပဲ၊ ပြဿဒါးနေ့ မှာမလုပ်နဲ့၊ ရက်ရာဇာမှာပဲလုပ်လို့ မပြောခဲ့ဘူး၊ ပြဿဒါးနေ့ကို ရှောင်ရင်း၊ ရက်ရာဇာကို စောင့်ရင်း ကြားထဲမှာသေသွားရင် ကုသိုလ်လျှော့မသွားဘူးလား၊ ပြုပ်သီးဟာ ရက်ရာဇာမှာ စပ်သလား၊ ပြဿဒါးမှာ မစပ်ဘူးလား၊ စပ်တဲ့အမျိုးအစားဟာ ရက်ရာဇာမှာကော၊ ပြဿဒါးမှာကော စပ်မှာပေါ့၊ ထန်းလျက်စားရင် ရက်ရာဇာမှာပဲ ချိုမှာလား၊ ပြဿဒါးမှာကော မချိုတော့ဘူးလား၊

ကုသိုလ်ကို ရက်ရာဇာလုပ်မှ ကုသိုလ်ရမှာလား၊ ပြဿဒါးနေ့မှာလုပ်ရင် ကုသိုလ် မဖြစ်တော့ဘူးလား၊ လူတွေက ကောင်းတာလုပ်ရင် ရက်ရာဇာလုပ်တယ်၊ မကောင်းတာလုပ်ရင် ရက်ရာဇာ၊ ပြဿဒါး မစဉ်းစား တော့ဘူး၊ ဒါတွေဟာရှေးက ဩဇာရှိတဲ့ လူတစ်ယောက်က သူရဲ့ ကျဉ်းမြောင်း သော အယူအဆတစ်ခုနဲ့ ဆရာကြီးလုပ်ခဲ့တာကို နောက်လူတွေကလဲ စဉ်းစားမှုမရှိ ဆင်ခြေမပေးတော့ဘဲ လွယ်လွယ်ကူကူ လိုက်နာရာကနေပြီး အမှန်တရား၊ သစ္စာတရားလို့ အမိပွဲယ်ကောက်ပြီး လိုက်နာခဲ့တာပေါ့။

မြတ်စွာဘုရားရဲ့ ဗုဒ္ဓဘာသာဟာ ဝိဘဇ္ဇဝါဒပါ၊ လွတ်လပ်စွာ ဝေဖန်ခွင့်၊ ဆွေးနွေးခွင့် ပေးထားတဲ့ ဝါဒပါ၊ ငါဘုရားစကား ဆင်ခြေမတက်နဲ့ ယုံကိုယုံရမယ်လို့ ဘယ်တုန်းကမှ မဟောခဲ့ဘူး၊ ဘယ်လောက်တောင် ဟောခဲ့ သလဲဆိုတာ ကာလမ သုတ်မှာ -

## ကာလမသုတ်

ကာလမအမျိုးသားတို့နေထိုင်ရာ ကေသမုတ္တနိဂုံးရွာကြီးသို့ မြတ်စွာဘုရား ကြွရောက်တော်မူလေရာ ကာလမအမျိုးသားတို့က 'မြတ်စွာဘုရား ဤရွာကြီး သို့ရောက်လာသမျှ ရဟန်းပုဏ္ဏားတို့သည် မိမိတို့ အယူဝါဒသာ မှန်ကန်ကြောင်း ဂုဏ်တင်ပြောဆိုကြ၍ အခြားသူတို့၏ ဝါဒများမှာ မှားယွင်းကြောင်း ပုတ်ခတ်ပြောဆို သူချည်းသာ ဖြစ်ပါတယ်၊ မည်သည့် ဝါဒက မှန်၍၊ မည်သည့် ဝါဒကမှားကြောင်း တပည့်တော်ကို မဝေခွဲတတ်ကြပါ'ဟု လျှောက်ထားကြသည် (မြတ်စွာဘုရားက ငါ့အယူသာမှန်သည်ဟု လုံးဝ မပြောခဲ့) မြတ်စွာဘုရားက 'ကာလမ အမျိုးသားတို့ သင်တို့သည်အယူဝါဒ တစ်ရပ်ကို. . . . .

(၁) တစ်ဆင့်ကြားမှုဖြင့် မှန်ပြီဟု လက်မခံကြနှင့်ဦး

(၂) ဘိုးဘေးစဉ်လာ ဆင်းသက်လာသော အယူဝါဒဟုလည်း လက်မခံကြနှင့်ဦး၊

(၃) ဤအရာသည် ဤသို့ဖြစ်သတဲ့ဟူသော ကောလဟာလဖြင့်လည်း လက်မခံကြနှင့်ဦး။

(၄) လေ့လာထားသော စာပေကျမ်းစာနှင့် ညီမျှကာဖြင့်လည်း လက်မခံကြနှင့်ဦး။

(၅) ဤအရာသည် ယုတ္တိရှိ၏ဟု နည်းမှီးထောက်ဆ၍ ရရှိမှုဖြင့်လည်း လက်မခံကြနှင့်ဦး။

(၆) မိမိတွေးခေါ်ချက်များ ညီမျှရှုမှုဖြင့်လည်း လက်မခံ ကြနှင့်ဦး။

(၇) မိမိဘာသာ ကြောင်းကျိုးဆင်ခြင် သုံးသပ်၍ ရရှိမှုနှင့်လည်း လက်မခံကြနှင့်ဦး။

(၈) မိမိတို့လက်ခံထားသောအယူနှင့် ကိုက်ညီရှုမှုဖြင့်လည်းလက်မခံကြနှင့်ဦး။

(၉) ယုံကြည်ထိုက်သော ပုဂ္ဂိုလ်၏ အယူဝါဒဖြစ်သည်ဟု ပုဂ္ဂိုလ်စွဲဖြင့်လည်း လက်မခံကြနှင့်ဦး။

(၁၀)လေးစားရသောဆရာ၊ ရဟန်း၏ အယူဝါဒဖြစ်သည်ဟု ဆရာစွဲဖြင့်လည်း လက်မခံကြနှင့်ဦး။

အို-ကာလမ အမျိုးသားတို့ သင်တို့သည် ဤတရားတို့ကား အကုသိုလ်တရားတည်း အပြစ်ရှိသောတရားတို့တည်း၊ ပညာရှိတို့ကဲ့ရဲ့ထိုက်သည့် တရားတို့ တည်း ဤတရားတို့ကို လက်ခံကျင့်သုံးခဲ့သော် အကျိုးမဲ့ဖြစ်မည်၊ ဆင်းရဲဒုက္ခ ရောက်မည်' ဟုသင်တို့ ကိုယ်တိုင်ခွဲခြားစိတ်ဖြာ လေ့လာဝေဖန်၍ သိရှိခဲ့လျှင် ထိုတရားများကို (ဝါ) ထိုအယူဝါဒများကို ဖယ်ရှားကြရမည်။

အို-ကာလမအမျိုးသားတို့ သင်တို့သည် 'ဤတရားတို့က ကုသိုလ်တရားတို့တည်း။ အပြစ်ကင်းသော တရားတို့တည်း။ ပညာရှိတို့ချီးမွမ်းထိုက်သော တရားတို့တည်း။ ဤတရားကို လက်ခံကျင့်သုံးခဲ့သော် အကျိုးရှိမည်။ ချမ်းသာမည်ဟု' သင်တို့ကိုယ်တိုင် ခွဲခြမ်းစိတ်ဖြာ လေ့လာဝေဖန်၍ သိရှိခဲ့လျှင် ထိုတရားများကို (ဝါ) ထိုအယူဝါဒများကို လက်ခံကျင့်သုံးရမည် စသည်ဖြင့် အယူဝါဒမှန်သမျှကို ကုသိုလ်ကံတို့ဖြင့် ဝေဖန်စိစစ်ရမည်ဟု'ကမ္ဘဝါဒ'ကို ဟောကြားခဲ့သည် (အင်္ဂုတ္တိုရ်-ပါဠိတော် ကေသမုတ္တိ (ကာလမ)သုတ်တွင် ဟောထားပါသည်။)

ဒီတော့မြတ်စွာဘုရားကသူပြောတဲ့ စကားတောင် မယုံကြည်ပါနဲ့အုံးလို့ ဟောခဲ့တာပဲ၊ သေချာစဉ်းစား ဝေဖန်ပြီးမှ မှန်မှယုံပါတဲ့၊ ကျွန်တော်တို့ ကိုးကွယ်တဲ့မြတ်စွာဘုရားက ဒီလိုထိ ဟောထားတာကြောင့် မိရိုးဖလာဆိုပြီး ဘယ်သူက ဘာကြောင့်ပြောမှန်းမသိတဲ့ စကားတွေ ယုံကြည်နေကြတယ်၊ အမှန်ကိုပြင်ဖို့လဲ ဝန်လေးနေကြတယ်။

ကျွန်တော်တို့ နေထိုင်ကြတဲ့ မြို့ရွာတွေမှာဆိုရင် ဩဇာရှိတဲ့လူက ဒီလို လုပ်ရတယ်လို့ တစ်ခွန်းသာပြော၊ လူတွေက လိုက်နာတယ်၊ ဘာကြောင့်လဲ မမေးတော့ဘူး၊ ကြာတော့ လူတွေက အလေ့အကျင့်ရပြီး အမှန်လို့ ထင်လာတယ်။ အဲဒီပုဂ္ဂိုလ် သေသွားရင်လဲ နောက်လူတွေက ဘာမှန်းညာမှန်းမသိ ဆက်ပြီးလိုက်နာတော့တာပဲ၊ ရွာရဲ့ဓလေ့စရိုက်၊ ယဉ်ကျေးမှု အဆင့်တောင် ဖြစ်ပြီး တစ်နိုင်ငံလုံး ကူးစက်သွားတော့တာပဲ၊ သတိထားဖို့၊ စဉ်စားဖို့ ပုံပြင်ကလေးတစ်ပုဒ် ပြောပြပါမယ်။

<u>ကြောင်ကို ဘယ်သူ ကြိုးချီသနည်း -</u>

ဟိုရှေးတုန်းက ဇင်ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း မှာ ဆရာတော်ကြီးနဲ့ ဘပည့်ရဟန်း၊ ကိုရင်များနှင့်အတူ သီတင်းသုံးတယ်၊ ဆရာတော်ကြီးက အေးအေးဆေးဆေးဘဲ သူ့အခန်းမှာပဲ အချိန်ရှိသလောက်နေတယ်၊ ပြင်ပကိစ္စကို လုံးဝစိတ်မဝင်စားဘူး၊ ဒါပေမယ့် မနက်တိုင်း၊ ညတိုင်း သူ့ရဲ့သံဃာများနဲ့အတူတူ ဝတ်ပြုလေ့ရှိတယ်၊ ဝတ်ပြုပြီးရင်လဲ သူ့အခန်းမှာပဲ သူနေတယ်။

တစ်နေ့တော့ ဒကာတစ်ယောက်ကသူ့ရဲ့ယတြာအရ ကြောင်လွှတ်ရမယ်ဆိုတော့ သူ့ကြောင် စားသောက်ရေး အဆင်ပြေနိုင်တဲ့ဘုန်းတော်ကြီး ကျောင်းကိုခေါ်လာပြီး ပေးအပ်တယ်၊ ကြောင်ကလေးကလဲ ချစ်စရာဆိုတော့ ကိုရင်တွေကော ကျောင်းသားတွေကော၊ ရဟန်းတွေက ချစ်ကြတယ်၊ အားလုံးနဲ့ ကြောင်ကလေးက ရင်းနှီးပြီး တိုးဝှေ့ ဆော့နေတာပေါ့၊ ဆရာတော်ကြီးကလဲ ဘာမှသိတာ မဟုတ်ဘူးလေ။

ဒါပေမယ့် ကျောင်းရှိကိုရင်တွေ၊ ရဟန်းတွေကော၊ ဆရာတော်ကြီးတွေကော ဘုရားဝတ်ပြု တော့ ကြောင်ကလေးကတော့ နောက်မှာရဟန်းနဲ့ ကိုရင်တွေကြားမှာ ဆော့နေကြတာပေါ့။

ကိုရင်လေးတွေကလဲ ပုတ်ခတ်ဆော့တာပေါ့၊ ရဟန်းတွေက မြင်တော့ မကြိုက်ဘူးပေါ့၊ ဒီအကြောင်းကို ဆရာတော်ကြီးကို လျှောက်မယ် စဉ်းစားတယ်၊ ဒါပေမယ့် ဒီလိုတွေးတယ်။ ကျောင်းထိုင်ဆရာတော်ကြီးလဲ မြင်မှာပါဘဲလေ၊ သူတောင် ခွင့်လွှတ်ထားသေးတာဆိုပြီး မလျှောက်ဖြစ်တော့ဘူး၊ ဆရာတော်ကြီး ကတော့ ဘာမှမသိပါဘူး။

တစ်နေ့တော့ ဆရာတော်တွေ့သွားတယ်၊ အထွေအထူး ဘာမှတော့ မပြောဘူး၊ ဘုရားဝတ်ပြုတဲ့ အချိန်မှာအားလုံးဟာ ဘုရားရှင်ရဲ့ ဂုဏ်တော်ကိုပဲ အာရုံပြုနိုင်ဖို့ဆိုတဲ့ စေတနာနဲ့ ဘုရားဝတ်ပြုခါနီးမှာ ကြောင်ကိုကြိုးချည်ထား လို့ မိန့်တော်မူတာပေါ့။

ကျောင်းမှာရှိတဲ့ ကျောင်းသားတွေ၊ ကိုရင်တွေ၊ ဦးပဇ္ဇင်းတွေကလည်း ဘာကြောင့် ဒီလို (ကြောင်ကိုကြိုးချည်ထားလို့) မိန့်တော်မူတာကို စဉ်းစားတဲ့သူတွေ အင်မတန်နည်းပါးပါတယ်။ ဒီလိုပဲ လိုက်နာတာပေါ့၊ စဉ်းစားတဲ့ သူတွေကလဲ ဆရာတော်တွေဟာ ဘာကိစ္စမဆိုမိန့်ကြားခဲ့တယ်၊ ဒီကြောင်ရဲ့ကိစ္စဟာ ကျမ်းဂန်လာကိစ္စ တစ်ခုခုကြောင့်ဖြစ်နိုင်တယ်၊ သတ္တဝါတွေကို ချစ်ခင်ကြင်နာတဲ့သဘောနဲ့ သက်ဆိုင်လောက်တယ်လို့ စဉ်စားတွေးခေါ် တာပေါ့၊ ဘာမှမစဉ်းစားတဲ့ သူတွေကတော့ ဆရာတော်ခိုင်းတဲ့အတိုင်း လုပ်ရမှာဘဲဆိုပြီးလုပ်ကြတာပေါ့၊ အဲဒီနေ့ကစပြီး မနက်၊ ညဘုရားဝတ်ပြုချိန်ရောက်တိုင်း ကြောင်ကလေးကို တစ်ယောက်ယောက်က ကြိုးချည်ထားတော့ ဒီလိုနဲ့အချိန် ကာလကြာတော့ ကြောင်ကလေးလဲ သေတာပေါ့။

အဲဒီအခါ ကြောင်ကိုကြိုးချည်တာ ကျမ်းဂန်လာတစ်ခုခုကြောင့် ဖြစ်ရမယ်လို့ ယုံကြည်တဲ့ သူတွေရော၊ ဘာမှမစဉ်းစားတတ်တဲ့သူအားလုံးဟာ ဘုရားဝတ်ပြုချိန်ရောက်ရင် ကြောင်ကို ကြိုးချည်မှ ပြည့်စုံမယ်ဆိုတဲ့ အယူအဆ အစွဲကြောင့် နောက်ထပ် ကြောင်တစ်ကောင် ထပ်ရှာပြီး ဒီလိုပဲ ဝတ်ပြုတိုင်း ကြိုးချည်ထားတာပေါ့။

နောက်ဆုံး ကြောင်တစ်ကောင်သေတိုင်း တစ်ကောင်ရှာပြီး ဒီလိုဘဲကြိုးချည်တာဘဲ၊ တစ်နေ့တော့ ကျောင်းထိုင်ဆရာတော် ပျံလွန်တော်မူပါတယ်၊ နောက်ထပ်ဝါကြီးတဲ့ ဆရာတော် တစ်ပါးက ကျောင်းထိုင် ဖြစ်လာတယ်၊ ကျောင်းထိုင်ဆရာတော် အသစ်ကလဲ သူ့ရဲ့ဆရာတော်ကြီး မိန့်ကြားတဲ့ စကားကို တသွေမတိမ်းလိုက်နာခဲ့တယ်၊ မူလကျောင်းထိုင် ဆရာတော်ကြီး မိန့်ခဲ့တဲ့ ဝတ်ပြုရင် ကြောင်ကို ကြိုးချည်ရမယ် ဆိုတဲ့အတိုင်း လိုက်နာကာ သူ့လက်ထက်မှာလဲ ကြောင်ကို ကြိုးချည်ခဲ့တာပေါ့၊ သက်တမ်းတိုတဲ့ ကြောင် တွေဟာ တစ်ကောင်ပြီး တစ်ကောင် သေဆုံးတာပေါ့၊ တစ်ကောင်သေရင် တစ်ကောင်မွေးပြီး ဝတ်ပြုတိုင်း ကြိုးချည်ခဲ့တာပေါ့၊ အဲဒီဘုန်းတော်ကြီး ကျောင်းမှာ အစဉ်အလာဖြစ်လာတယ်၊ ဘယ်သူမှထပ်စဉ်းစားစရာ မလိုတော့ဘူး၊ ဝတ်ပြုရင် ကြောင်ကို ကြိုးချည်ရမယ်ဆိုတဲ့ ဓလေ့ထုံးစံဟာ မြဲလာပါတော့သည်။

အဲဒီပုံပြင်ကို သေချာပြန်သုံးသပ်ရင် ဆင်ခြင်သုံးသပ်မှု နည်းပါးရင် ဩဇာရှိသူ တစ်ဦးတစ်ယောက်ရဲ့ စကားကို 'လျှော်နံ့ဓါးထစ်' မှတ်ထားပြီး အစဉ်အဆက် လိုက်နာကာ ဓလေ့ထုံးစံကြီး ဖြစ်လာတော့တာပေါ့၊ လူတွေဟာ ဘာမှမစဉ်းစား၊ မဝေဖန်တော့ဘဲ ပြောပိုင်ခွင့်ရှိသူ တစ်ယောက်ရဲ့ စကားဟာ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ၊ ခေါင်းငြိမ့်တတ်ကြတာမို့ ယနေ့ ထေရဝါဒ ဗုဒ္ဓဘာသာဝင်လို့သာပြောရတယ်၊ လုပ်ပုံတွေကအစဉ်အလာအတိုင်း ဓလေ့ထုံးစံရှိတယ်၊

လူကြီးသူမတွေပြောတာပဲဆိုပြီး လိုက်နာနေကြတာပဲ နည်းနည်းပါးပါးတော့ စဉ်းစားအုံးမှပေါ့၊ စဉ်းစားလို့ ဆန့်ကျင်မယ်ဆိုရင် ကျန်တဲ့လူများကို အားနာပြီး ရောယောင်လိုက်နာကြတာပဲ၊ အခြားကိစ္စအရေးမကြီးပေမယ့် ဘာသာရေးမှာတော့ တစ်ယောက်ဘဲရှိရှိ ဘုရားဟောအတိုင်း နေရမယ်ဆိုတဲ့ သတ္တိမွေးပါ။

မမှန်မကန် ယုတ္တိမရှိသော ဓလေ့ထုံးတမ်းတွေကို မစဉ်းမစား ဝေဖန်သုံးသပ်ခြင်း မပြုဘဲ လက်ခံထားလျှင် အချို့မှာမိစ္ဆာဒိဋ္ဌိ ဖြစ်သွားခြင်း၊ အချို့မှာ အပိုအလုပ်တွေကြောင့် မိမိအလုပ်မှ နှောင့်နှေးခြင်း၊ ဒါမှမဟုတ် မိမိသည် အသိဉာဏ်ချို့တဲ့သူ တယောက်ဖြစ်နေခြင်း စသည်တို့ တခုခု ဖြစ်နိုင်ပါသည်။ အနည်းအကျဉ်းလောက်သာ ဖော်ပြပါမည် (အကျယ်မရေးတော့ပါ)။

(၁) ဗြဟ္မာကြီး ဦးခေါင်းပြောင်းခြင်း

မြန်မာနှစ် တစ်နှစ်ကုန်လျှင် သေဆုံးသွားသော ဗြဟ္မာကြီး ဦးခေါင်းကို နတ်သမီးတဦးနှင့်တဦး လက်ပြောင်းယူရသည်ဟုအယူရှိ၏။ နတ်၊ ဗြဟ္မာ၊ ပြိတ္တာတို့သည် ဘွားကနဲပေါ် ဘွားကနဲ ပျောက် ဖြစ်၏။ သေလျှင် ဘာမှမကျန်ခဲ့။ သိကြားမင်း ဘုရားထံတွင်တရားနာစဉ် သေသွားပြီး ဘိကြားအသစ်ဖြစ်၏။ ဘုရားနှင့် သိကြားသာသိသည်။ အခြားနတ်များပင်မသိ။ဒီဗြဟ္မာကြီး ခေါင်းကို ဘယ်သူကြိုးချီထားခဲ့ကြသနည်း၊ စဉ်းစားပါကုန်။

(၂) ဆွမ်းတော်တင်မစားကောင်း

ဆွမ်းတော်တင်ခြင်း၊ အချိန်ပြည့်၍ ဆွမ်းတော်စွန့်ခြင်းသည် အလုပ်သည် ကုသိုလ်အလုပ်။ စွန့်ပြီး ဌက်ကျွေးခြင်း၊ လူစားခြင်းသည် အပြစ်မဟုတ် အခြားလူအား ကျွေးလျှင်ပင် ကုသိုလ် ရနိုင်သေးသည်။

(၃) မင်္ဂလာဆောင်သို့ ကိုယ်ဝန်ဆောင် မသွားကောင်း

မြန်မာလူမျိုးအချို့နှင့် အိန္ဒိယလူမျိုး အချို့သည် ကိုယ်ဝန်ဆောင်သည် ယုတ်နိမ့်သော သဘော ဆောင်သည်ဟုယူဆ၏။ ရှေးကျသောအိန္ဒိယလူမျိုးများသည် ဇနီး ကိုယ်ဝန်ဆောင်လျှင် ယောကျ်ားက အတူယဉ်တွဲ မအိပ်ကျပေ။ မြန်မာများတွင် ကန္တာရ အပတ်ဆိုင်ရာ ဆေးပါး၊ အင်းအိုင်များကို ကိုယ်ဝန်ဆောင် ကိုင်မိသော် အင်းအိုင်များ သနပြီး တန်ခိုးပြယ်သည်ဟု ယူဆသည်။ မိန်းမကို သက်သက်နှိမ်ခြင်းဖြစ်သည်။ ဘုရားဟောမဟုတ် ယုတ္တိမရှိ လိုက်နာရန် မလို။

(၄) နတ်အုန်းဆွဲသော အခန်း လင်မယားစုံဘက် မအိပ်ကောင်း

နတ်အုန်းဆွဲကထဲက မိစ္ဆာဒိဋ္ဌိ ဖြစ်နေပြီ၊ ဆွဲစရာကိုမလို သူ့ဟာသူ မောင်တင့်တယ် သေတာ စာဖတ်သူနဲ့ ဘာဆိုင်လဲ၊ မင်းမဟာဂိရိဆိုတာ ပုပ္ပါးတောင်ကိုစွဲ၍ ခေါ်ခြင်းဖြစ်သည်။ (ဂိရိ-တောင်)

လူ့ဘဝတွင် ဇနီးမယားနှင့်ကွဲကွာခဲ့ရသဖြင့် လင်မယားစုံဖက်အိပ်ခြင်းကို မကြိုက်သည့်အတွက် ဖြစ်သည်လို့ ယူဆသည်။ (မနာလိုစိတ် ဖြစ်မနေဘူးလား) သူတောင် အစိမ်းသရဲဘဝနှင့် သစ်ပင်ခုတ်ခံ၊ ရေမျှောခံရတာတောင် ဘာမှမတတ်နိုင်ဘူး။ အဲဒါကို ဗုဒ္ဓဘာသာ အမည်ခံတွေက ဘာများမစမလဲဆိုပြီး မျှော်လင့်နေကြတာ။ လောဘကြီးမနေဘူးလား။ ဘုရားဟောမဟုတ်ရင် ဘာမှမလုပ်နဲ့။ ဗုဒ္ဓဘာသာဆိုတာ ကံ၊ ကံ၏အကျိုးကို ယုံရမှာ။

(၅) စလောင်းဖုံး နှစ်ချပ် မတီးကောင်း

စလောင်းဖုံး နှစ်ချပ် တီးလျှင် ကျားကိုက်တတ်သည်တဲ့ ရှေးယခင်က ထမင်းစားလျှင် စလောင်းဖုံးများနှင့်စားသည့်အကျင့်ရှိခဲ့သည် ပြေစလောင်းဖုံးများဖြစ်လို့ တီးလျှင် ကွဲကုန်မှာစိုး၍ ကလေးတွေကြောက်အောင် တီးလျှင် ကျားကိုက်မယ်လို့ ပြောတာ။

(၆) အိမ်သား တဦး ခရီးသွားလျှင် ခေါင်းမလျှော်ကောင်း

ရှေးခေတ်က ယောကျာ်း၊ မိန်းမ ဆံပင်ရှည် ထားကြ၏။ ခေါင်းလျှော်ပြီးလျှင် ခြောက်သွေ့ရန် ဆံပင်ဖားလားနှင့် ဖြန့်ထားကြ၏။ ဆံပင်ကိုဖြန့်ထားခြင်းသည် ပူဆွေးခြင်းသဘော ဆောင်လေရာ ဆင်တူမှော်ပညာသဘောဖြင့် ပူဆွေးစရာကို ခေါ်ရာလည်း ရောက်တတ်သောကြောင့် ခရီးသွားသူ အန္တရာယ်နှင့်ကြုံရသည်ဟူသော ရှေးကအစွဲများကို ယခုထိ လက်ခံထားတုံးပင်၊ ငရဲတော့မကြီး။ အသိဉာဏ်မဲ့ရာ ရောက်ပါသည်။

(၇) ထမိစောက်ထိုး မဝတ်ကောင်း

အောက်လမ်းပညာရှင်များ ဖြစ်ကြသည့် အောက်လမ်းဆရာများက ကိုယ်တွင်းစွမ်းအင်များ နှိုးဆွမသောအခါ ဆံပင်ကို ဖြေချရုံမက ထမိကိုပါ စောက်ထိုးဝတ်တတ်ကြသည်။ ဒါကြောင့် စောက်ထိုးဝတ်လျှင် စုန်းမဟုထင်မြင်စရာ ဖြစ်တာကြောင့် တားမြစ်ခြင်းဖြစ်သည်။

(၈) ကိုယ်ဝန်ဆောင် မိန်းမများ အပေါက် မစို့ကောင်း

ကိုယ်ဝန်ဆောင် မိန်းမများသည် မွေ့ယာ၊ ခေါင်းအုံးကို လဲသွပ်ပြီးလျှင် ပြန်ချုပ်ရာ၌ အပေါက်တပေါက် ချန်ထားရ၏။ တထွာတမိုက် အပေါက်ကို အခြားလူအားအပြီးအပ်ဖြင့် ချုပ်စေရသည်။ မှော်သဘောအရ ဆင်တူအကျိုးပေးတတ်သဖြင့် ကလေးမွေးရာတွင် အတားအဆီး အပိတ်အစို့များ ဖိတ်ခေါ်ရာရောက်သဖြင့် မလုပ်ကောင်းဘူးတဲ့။ ယုတ္တိကင်းမဲ့သော သဘောဖြစ်၍ လိုက်နာရန်မလိုပါ။

(၉) ညဥ့်အချိန် အိမ်အပြင်၌ ဆံပင်မဖြန့်ကောင်း

ရှေးကအမျိုးသားအမျိုးသမီးများ ဆံပင်ရှည်ထားကြ၏၊ ဆံထုံးများဖြင့် နေကြ၏၊ ဆံပင်ထုံးဖွဲ့မှုကို ဖြေချခြင်းသည် ကိုယ်တွင်းစွမ်းအင်ကို ဟင်းလင်းဖွင့်ပေးရာရောက်သည်။ ပြင်ပရှိ မကောင်းဆိုးဝါးများ၏ စွမ်းအင်ကမိမိထက်သာလျှင် မိမိအားဒုက္ခပေးနိုင်သည်ဆိုကာ တားမြစ်ခြင်းဖြစ်သည်။ ယုတ္တိရှိမရှိ ယခုခေတ်အမျိုးသမီးများနှင့် ယှဉ်ကြည့်ပါ၊ ဘောင်းဘီတို ဝတ်၊ ရင်လျှား၊ အပြင်ဆံပင်ဖါးလျားနှင့် လမ်းသလားနေကြသည်။မကောင်းဆိုးဝါးများ(လူဆိုးများပါ) ဖိတ်ခေါ်နေတာတောင် ဘာမှမဖြစ်ကြပါ။ သတ္တိခဲမြန်မာအမျိုးသမီးလေးများကတော့ ကြောင်ကို ကြိုးဖြေလိုက်ကြပါပြီ။

(၁၀)အောက်ပါတို့သည်လည်း ယုတ္တိမရှိသဖြင့် စဉ်းစားဝေဖန်ပြီး ထေရဝါဒနှင့် လုံးဝမကိုက်ညီသဖြင့် လိုက်နာစရာမလိုကြောင်း ခေါင်းစဉ်ဖြင့်သာဖော်ပြပါတော့မည်။ (အကြောင်းပြချက်မရေးပြတော့ပါ)

(က) အသုဘကို ရက်စုံမထားကောင်း

(ခ) ညှော်မသာကို အိမ်ပြင်တွင် အလောင်းပြင်ရမည်၊

(ဂ) ခေါင်းရန်းပန်း ၊ မပန်ကောင်း (မသာပန်းဖြစ်၍)

(ဃ) မသာချလျှင် ဦးခေါင်းရှေ့က မထားကောင်း (ခြေထောက်ကို ရှေ့ကထားသဖြင့် ခြေဦးတည့်ရာ သွားတော့တဲ့ ပြန်လာမှာစိုးလို့)

(င) မသာချလျှင် အိုးခွဲရသည်(အိမ်ကို ပြန်မဝင်နဲ့ မိသားစုနဲ့ အိုးစားကွဲသွားပြီမဆိုင်တော့ဘူး။)

(စ) မဏ္ဍပ်အမိုးအကာများ လှန်ပစ်ရသည်။(သေသူအတွက် အိမ်ဖျက်လိုက်ပြီ ပြန်မလာနဲ့တော့)

(ဆ) ကူးတို့ခထည့်ပေးလိုက်၏။(အခြားတဖက်ကိုသွားလျှင် ကူးတို့ခ(လှေခ)မပါလျှင် ပြန်လာမှာစိုး၍ ထည့်ပေးလိုက်ခြင်း ဖြစ်သည်)

(ဇ) ရိက္ခာထုပ်ထည့်ပေးရမည်။ (စားစရာမရှိရင် အိမ်ပြန်လာမှာစိုး လို့ပါ)

(ဈ) အသက်ထွက်ကာနီး တံခါးများဖွင့်ပေးထား၊ သော့များဖွင့်ထားခြင်း၊ ကြိုးထုံးများဖြေထားရခြင်း။ (အသက်မထွက်ဘဲ ပိတ်ဆို့နေမှာစိုးရိမ်ပြီး မြန်မြန်အသက်ထွက်ရန် ရည်ရွယ်သည်)

(ည) သေလျှင် မှန်များကို မှောက်ပေးထားရသည်။ (မှန်ထဲကပုံရိပ်ကို မြင်ပြီး စွဲလန်းနေသဖြင့် အိမ်ထဲက မထွက်နိုင်မှာ စိုး၍ဖြစ်သည်။)

(ဋ) ရွာအပြင်တွင် သေသူများ၏ အလောင်းအား ရွာတွင်း ပြန်မယူရ။ (ရွာထဲမှာ လက်မခံ အိမ်မှာ လက်မခံလို၍)

(ကဲ ပြန်စဉ်းစားပြီး သံဝေဂယူကြရအောင်၊ ဒီကိစ္စတွေသည် ဘုရားဟောလဲ မဟုတ်၊ ကံ ကံ၏အကျိုးကို ယုံကြည်ရာမဟုတ်၊ သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ စတဲ့ ဒိဋ္ဌိ ၆၂ ပါး ကိုလည်း ဒိဋ္ဌိစွဲအဖြစ် လက်ခံထားသည်။ မိဘတွေ အနေနဲ့ပြန်ကြည့် မိမိက သားစွဲသမီးစွဲနဲ့ စီးပွားရှာ၊ ခိုးခြင်း ၂၅ ပါးနှင့် စီးပွားရှာ နည်းမျိုးစုံနဲ့ ချမ်းသာအောင်လုပ် သေတော့ ပြိတ္တာဖြစ်မှာ။ အိမ်က မိမိရှာကျွေး ခဲ့တဲ့ မိသားစုက မိမိကို အိမ်ပြန်လာမှာတောင်ကြောက်ပြီး နည်းမျိုးစုံနဲ့ ပြန် မလာအောင် လုပ်ကြတာ မြင်ပြီ မဟုတ်လား။ ကမ္မဝါစာ ဖတ်ပြီး နှင်ထုတ်လို့ အိမ်ထဲ မနေရတော့။ အိမ်ရှေ့က သရက်ပင်ကနေ လှမ်းကြည့်နေအုန်းမလား။ သားသမီးတွေ ထွေးတဲ့ တံတွေး၊ နှပ်တွေ၊ မစင်တွေ စားရအုန်းမယ်ဆိုတာတွေကို သိရင်တော့ သေသေချာချာစဉ်းစားပြီး တရားအားထုတ် ပါတော့။ အားထုတ်နေသူများကို မဆိုလိုပါ)

## ပုဏ္ဏား စကားတွေ မယုံနဲ့

(က) ဗြဟ္မဏတို့၏ ဝေဒကျမ်းလာ သချာ်ဂဏန်းများက ကံကြမ္မာကို မဖန်တည်းနိုင်၊ ဒီဂြိုလ်ထဲ ရောက်နေလို့ ဒီလိုဖြစ်ရတာ ဂြိုလ်ကြီးကိုးလုံးက လူ့ကံကြမ္မာကို ဖန်တည်းနိုင်ပါ့မလား။ အင်းအိုင် လက်ဖွဲ့ အဆောင်ယတြာမန္တာန်များကလည်း လူ့ကံကြမ္မာကို ဖန်တီးနိုင်တယ်ဆိုတဲ့ ကြောင်ကို ပုဏ္ဏားတွေ ကြိုးချည်ခဲ့တော့အသိဉာဏ်အားနဲ့သူတွေကလဲယုံတာပဲ။ထေရဝါဒနဲ့ ဘာမှမဆိုင်။

(ခ) မွေးနေ့သောကြာ တနင်္လာ ကေသာဆံဖြတ် မပြုအပ်၊
ကရင်သားမွေး ခေါင်းမဆေးနဲ့၊ အိုးစည်တီး ပြီးအောင်လျှော်၊
ငါ့သား ရွှေတောင် ရေကိုရှောင်၊ အောင်စံဖြိုး ရေချိုး၊
သက်ဝေ ဇနီး လက်သည်း လှီးလော့၊ သောကြာ ရေကြောင်း မသွားကောင်း
ဟူသော ပုဏ္ဏားတို့၏ အယူအဆများကို ရှောင်။

## ရက်ရာဇာ - ပြဿဒါး

ကုသိုလ်လုပ်တဲ့အချိန်မှာ ကုသိုလ်ရမယ်။ အကုသိုလ်လုပ်တဲ့ အချိန်မှာ အကုသိုလ် မကောင်းဖြစ်မယ်။ အချိန်နေရာရွေးစရာ မလိုဘူး။ သဗ္ဗာပာပဿ ဆိုဟာ နေရာတိုင်းမှာ မှန်ရမယ်၊ တကမ္ဘာလုံးမှာ မှန်ရမယ်။ လူမျိုးတိုင်းမှာ မှန်ရမယ်။ ထန်းလျက်သည် ရက်ရာဇာကော ပြဿဒါးပါ ချိုပါသည်။ တကမ္ဘာလုံး ချိုသည်။ လူတိုင်း ချိုသည်။ ဒါမှအမှန်တရား၊ မင်္ဂလာဆောင်တိုင်း ရက်ရာဇာ ရွေးကြသည် (ပြဿဒါးမှာ မဆောင်ကြပါ) မင်္ဂလာဆောင်ပြီး အကြောင်းအမျိုးမျိုးကြောင့် ပြီးတာနဲ့ လင်မယားကွဲတာတွေ တပုံကြီး။

ကျနော်သည် ရက်ရာဇာ၊ပြဿဒါးကိုအယုံအကြည်မရှိ ဘုရားများအဆူပေါင်း ၂၅/၃၀တည်ခဲ့ဘူးသည်။ ရက်ရာဇာ၊ ပြဿဒါးမတွက် အားတဲ့အချိန် လုပ်ခဲ့သည်။ ရက်ရာဇာလည်း ဖြစ်နိုင်သည်။ ပြဿဒါးလည်း ဖြစ်နိုင်သည်။ အားလုံး အဆင်ပြေသည်။ တခုတော့ အခက်အခဲ

များစွာ တွေ့ခဲ့ရသည်။ မလှိုင်ဆရာတော် ဘုရားကြီး(ပျံလွန်တော်မူပြီး)ကို ကျနော်က ပဲခူးရိုးမ တောင်ထိပ်(ဆွာချောင်း နဘေး)တွင် ဘုရားတည်ဖို့ ပြောတော့ ဆရာတော်က ခါတ်တော်များ ချီးမြှင့်ပြီး နေ့ကောင်းရက်သာ ရွေးပေးပါတယ်။ ထောင့်လေးထောင့်မှာတွင်းတူး(၉ နဝင်း ကျေအောင်) လစ်ပို (၄+၅) လွှတ် (၄+၅) မြှုပ်၊ တိုင်လေးတိုင်ထောင် ဖရုံသီး(၅+၄)ကို ထိပ်မှာစွပ်၊ ည(၉) နာရီမှစတဲ့။ အဲဒီညမှာဘဲ စမတောင်ကဆရာတော်ဦးဝေပုလ္လ (လက်ရှိ တောင်သုံးလုံး စေတဝန် လယ်ဝေးမြို့ကားလမ်းဘေး၂၂၂/၂)လည်းပါပါသည်။ကျနော်သည် ဆရာတော်ကြီး၏ စကားကို မြေဝယ်မကျနားထောင်ပြီး ဘုရားအစီအရင် အားလုံးကိုဆောင်ရွက်ပြီး ဘုရားတည် ပါတယ်။ ည၁၁ နာရီ တွင် ဘုရားပြီးကျပါသည်၊ ဆက်တည်ပါသည်။ ည(နံက်) ၂ နာရီတွင် တခါထပ် ပြိုကြပါသည်။ ၂ ကြိမ်တိတိ ပြိုပါသည်၊ သိုက်စောင့်များက ဖြိုချခြင်းဖြစ်သည်။ ကံကောင်း၍ တောင်ထိပ်မှ ဆွာချောင်းထဲ မကျရတာပဲ။ သူတို့က ဖြိုလဲ ဖြိုတယ်။ ဒုက္ခမရောက် အောင်လဲ လုပ်ပေးတယ်။ ဘာကိုဆိုလိုသလဲ ဆိုရင်တော့ ရက်ရာဇာတိုင်း ကောင်းတာ၊ ဆိုးတာ မဟုတ်ပါ။ ပုဏ္ဏားတွေ ကြိုးချီတားတာပါ။ (အသေးစိတ် စာအုပ် ၁/နှာ ၄၂ ကြည့်)

နောက်ဆုံး ပြောချင်တာက ထေရဝါဒ ဗုဒ္ဓဘာသာဝင်တွေ စစ်စစ်ဖြစ်ချင်ရင် ဘုရားစကား တခုတည်းကိုဘဲ ယုံပါ။ မရေမရာအတွေးအခေါ် မရှိတဲ့ လူတွေရဲ့ စကားတွေကို လက်မခံပါနဲ့။ ကြောင်ကို ဘာကြောင့်ကြိုးချီသလဲဆို တာ သဘောပေါက်ပါ။ ဘာသာရေးမှာ သိပ်သတိထားပါ။ မှားနေရင် အဖေ့ စကားတောင် နားမထောင်ပါနဲ့။ မြတ်စွာဘုရားရဲ့ဖခင် သုဒ္ဓေါနမင်းကြီးက သားတော်ကို တောထွက်ပြီး ဘုရားမဖြစ်စေချင်ဘူး။ စကြာဝတေးမင်း ဖြစ်စေလိုသူ၊ ကာမဂုဏ်နဲ့ ပျော်နေအောင် မင်းသမီးများစွာထားပေးသူ၊ အတန်တန်ပြောနေပေမဲ့ ဘုရားဟာ ဘာသာရေး အတွက် မိဘစကားနားမထောင် တော်လှန်ပြီးတောထွက်လို့ လောကလူသားတွေ ဗုဒ္ဓဘာသာဝင် တွေ ဖြစ်စေပြီး ကယ်တင်နိုင်တဲ့ ဘုရားတဆူဖြစ်ရတာပေါ့။

ဆရာတော် အရှင်အာဒိစ္စရံသီ (စာရေးဆရာဆန်းလွင်) ဘာသာခြားပါ။ ဆရာတော် ဦးဇောတိကတို့ဟာ ဘာသာခြားပါ။ သူတို့ရဲ့မိဘတွေက မိဘကိုးကွယ်တဲ့ ဘာသာကိုဘဲ ကိုးကွယ်အောင် ပြောယားပြီးသားပါ။ မိဘစကားပေမဲ့ ဘာသာရေးနှင့် ပါတ်သက်လာရင် နားမထောင်ဘဲ တော်လှန်ရဲလို့ ဘာသာပြောင်းရုံတင်မက လူသားတွေကို ထေရဝါဒဘာသာ၊ သစ္စာလေးပါး တရားတွေကို ဟောနိုင်တဲ့ ဘုရားသားတော်အဖြစ်ခံယူပြီး ရဟန်းပြုခဲ့တာပေါ့။

ဒါကြောင့် ယနေ့ထေရဝါဒ ဗုဒ္ဓဘာသာဝင်တွေဟာ သူများပြောတိုင်းလဲ မယုံပါနဲ့၊ အသိဉာဏ်နဲ့ စဉ်းစား၊ ကာလမသုတ်အတိုင်း နေထိုင်ကျင့်ကြံ သွားမယ်ဆိုရင် ကြောင်ကို ဘာကြောင့်ကြိုးချည်ထားသလဲဆိုတာ နားလည်သဘောပေါက်ပြီး မြင့်မြတ်သော ထေရဝါဒ ဗုဒ္ဓဘာသာဝင်စစ်စစ် ဖြစ်နိုင်မှာပါ။

## ရဟန္တာ သွားဖူးကြမလား

ကျနော်တို့ဗုဒ္ဓဘာသာဝင် မြန်မာတို့သည် သဒ္ဓါအားကောင်းကြပါတယ်။ ပညာအားနည်းကျတာတော့ ဘယ်နေရာမှာ ထူးဆန်းတာပေါ်တယ်ဆိုရင် သွားလိုက်ကြတာ၊ မြင်ဖူးချင်လိုက်ကြတာ၊ ဘယ်မြို့မှာ ရဟန္တာပေါ်တယ်၊ ဘယ်မြို့မှာ ပေါ်တော်မူဘုရားပေါ်တယ်၊ တောင်ငူဘက် သံတောင်မြို့နားမှာ ကျိုက်ထီးရိုးလေး စေတီပေါ်လာတယ်၊ ဧယျာဝတီမှာ ကိုရင်လေးဈာန်ပြန်တယ်၊ ပေါင်းတည်မြို့မှာ ဘုရားကြီးလှုပ်တယ်ဆိုပြီး သွားလိုက်ကြတာ တပျော်တပါး၊ ညောင်လေးပင်နားမှာ ရဟန္တာတန်ခိုးပြတယ်ဆိုပြီး သွားကြတာ၊ ကားလမ်းကိုဖြတ်ဖို့ တစ်နာရီကျော်ကျော် စောင့်ရတယ်၊ သုံးဆယ်မြို့မှာ မကြာခင်က ရဟန္တာပေါ်တယ်ဆိုပြီး တော်တော်များများ သွားကြတာ၊ တခြားကိစ္စတွေထား ရဟန္တာဆိုတာကို ဘယ်လို ဆုံးဖြတ်ကြ မလဲ၊ မိမိမှာ ဆုံးဖြတ်နိုင်တဲ့ ပညာအခြေခံရှိသလား။ မိမိကိုယ် မိမိပြန် မေးကြည့်ပါ။ သူများပြောလို့ ကိုယ်ကလည်း လိုက်'တာ' ရတာ မဟုတ်လား-

မိုးကုတ်ဆရာတော် ဘုရားကြီးရှိစဉ်က ဒကာမကြီး တစ်ယောက်က လာလျှောက်တယ်၊ 'တပည့်တော်တို့ မြို့မှာ ရဟန္တာ သွားဖူးမလို့ပါ ဘုရား'တဲ့ မိုးကုတ်ဆရာတော် ဘုရားကြီးက 'ဟဲ့-ဒကာမကြီး နင်တို့ကရဟန္တာဆိုတာကို ဘယ်လိုဆုံးဖြတ်သိသလဲ၊ နင်တို့ရှေ့မှာ ရဟန္တာကြီး ငုတ်တုပ်ထိုင်နေတာ တောင် နင်တို့ သိနိုင်ရဲ့လား'လို့ မေးတော့ 'တပည့်တော်တို့တော့ မသိပါဘူး၊ သူများ ရဟန္တာဆိုတော့ တပည့်တော်တို့လဲ 'တာ' လိုက်တာပါ ဘုရား'တဲ့ - သူများ ပါးစပ်ဖျားမှာ လမ်းဆုံးနေကြတာဘဲ။

အဲဒီတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး မေးလာကြပါတယ်၊ ကျနော်ဖတ်ဖူး၊ မှတ်ဖူးတာ သိသလောက် ရှင်းပြပါမယ်- အသေးစိတ် စိစစ်ရေးကိုတော့ ကျမ်းကြီး၊ ကျမ်းငယ် တွေမှာပါပါတယ်။ လိုရင်းကိုသာ ရှင်းပါမယ်။

ဟိုမြို့၊ ဒီမြို့၊ ဟိုရွာ၊ ဒီရွာ၊ ဟိုကျောင်း ၊ ဒီကျောင်းတွေမှာ မိမိတို့အသိဉာဏ် တစ်ထွာတမိုက်နဲ့၊ ရဟန္တာကြီးဆိုပြီး ကိုးကွယ်ကြ၊ ဟိုလူလိုက်ပြော ဒီလူလိုက်ပြောနဲ့ အလွယ်တကူ မသိနားမလည်၍ ပြောဆိုကြနဲ့၊ ဘယ်လို အပြစ်တွေ ဖြစ်နိုင်တယ်ဆိုတာလဲ မသိကြ၊ အဲဒီတော့ အလကားနေရင်း အပြစ်တွေ ဖြစ်ကြတာပေါ့။

ဒီနေရာမှာ မေးခွန်း(၃)ခု ရှိလာပါတယ်။

(၁) ယခုခေတ်တွင် ရဟန္တာဖြစ်နိုင်ပါသလား ။

(၂) ရဟန္တာမဟုတ်ဘဲ ရဟန္တာဟုဝန်ခံပြောဆိုသော ရဟန်းနှင့် ရဟန္တာ မဟုတ်သူကို ရဟန္တာဟု သမုတ်သူတို့သည် အဘယ်သို့သော အကျိုးအပြစ်ကို ခံစားရပါမည်နည်း။

(၃) ရဟန္တာ ဟုတ်၊မဟုတ်ကို မည်သို့ခွဲခြားသိနိုင်မည်နည်း ။

ဤမေးခွန်း၏ အဖြေမှန်ကိုသိရှိနားလည်ကြသော လူပညာရှိ ရဟန်းပညာရှိတို့ များပြားစွာ ရှိပါသည်၊ သို့သော် မသိနားမလည်ကြသောသူများက အနန္တများစွာပင် ရှိကြကုန်၏၊ မသိသူများ နားလည်သဘောပေါက်ရန်မှာ သိသူများ၏ တာဝန်ပင်ဖြစ်သည်၊

## ယခုခေတ်နှင့်ရဟန္တာ

ယခုခေတ်တွင် ရဟန္တာဖြစ်နိုင်သေးသလားဆိုရင် လိုရင်းတိုရှင်း ဖြေရလျှင် 'ဖြစ်နိုင်ပါသေး၏'ဟု ဖြေဆိုရပါမည် ။

ဒိဃနိကာယဋ္ဌကထာဖြစ်သော သုတ်ပါထေယျဋ္ဌကထာ သမ္ပသာဒနိယသုတ် အဖွင့်၌. . .

(၁) ပဋိသမ္ဘိဒါ ပတ္တ ရဟန္တာ ခေတ်တစ်ထောင်

(၂) ဆဠဘိည ရဟန္တာ ခေတ်တစ်ထောင်

(၃) တေဝိဇ္ဇ ရဟန္တာ ခေတ်တစ်ထောင်

(၄) သုက္ခဝိပဿက ရဟန္တာ ခေတ်တစ်ထောင်

(၅) ပါတိမောက္ခ ခေတ်တစ်ထောင်

ဟူ၍ ပါရှိသည်ကို ထောက်ဆ၍ သာသနာခေတ် နှစ်ပေါင်းလေးထောင် တိုင်အောင် ရဟန္တာဖြစ်နိုင်သော ခေတ်ရှိသေးသည်ကို သိရှိနိုင်ပါသည် ။

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် သာသနဝိသောဓနီ ပထမတွဲတွင် ဤသို့ မိန့်ဆိုခဲ့သည်၊ အနှစ်တစ်ထောင် ကုန်လွန်သောအခါ ပဋိသမ္ဘိဒါပတ္တ ရဟန္တာခေတ် ကွယ်ပြန်၏၊ အနှစ် ၂၀၀၀ ပြည့်သောအခါ ဆဠဘိညရဟန္တာ ကွယ်ပြန်၏။ အနှစ်သုံးထောင်ရှိသောအခါ တေဝိဇ္ဇ ရဟန္တာခေတ်သည် ကွယ်ပြန်၏။ အနှစ်လေးထောင်ရှိသောအခါ သုက္ခဝိပဿကရဟန္တာ ကွယ်လေ၏၊ သေက္ခခေတ်တမျိုးသာ ကျန်ရှိ၏၊ ထိုသေက္ခခေတ်သည်လည်း အနှစ်ငါးထောင် ရှိသောအခါ ကွယ်လတ္တံ့ ထိုအခါမှသာ ဗုဒ္ဓသာသနာ မရှိတော့ပြီ -

ဒီအချက်တွေကြောင့် ပါဠိအဋ္ဌကထာဝါဒ အာစရိယဝါဒတို့ကို ဗျော်ထောက်ဆ၍ ယခုအချိန်တွင် တေဝိဇ္ဇရဟန္တာနှင့် သုက္ခဝိပဿကရဟန္တာဟုဆိုအပ်သော အာသဝေါကုန်ခါမျှသော ရဟန္တာတို့သည် ရှိနိုင်ဖြစ်နိုင်ပါသေးဟု ပြောနိုင်ပါသည်၊ လိုရင်းမှာ ယခုခေတ်တွင် ရဟန္တာဖြစ်နိုင်ပါသည်၊

(၂) ရဟန္တာ မဟုတ်ဘဲ ဟုတ်သည်ဟု ဝန်ခံသူနှင့် ပြောဆို သမုတ်သူတို့၏ အကျိုးအပြစ်၊

ရဟန္တာဟု ဝန်ခံခြင်းနှင့် ပြောဆိုသူတို့သည်

(က)ပညာနည်း၍ မိုက်မဲတွေဝေ သောကြောင့် အရဟတ္တမဂ်ကိုရ၏ (ရဟန္တာဖြစ်၏)ဟု ပြောကြားခြင်း၊

(ခ) ယုတ်မာသောအလို ဆိုးရှိသည်ဖြစ်၍ အလိုရမ္မက်ဖြင့် နှိပ်စက်အပ်သောကြောင့် အရဟတ္တမဂ်ကိုရ၏ဟု ပြောကြားခြင်း၊

(ဂ) စိတ်ပြန့်လွင့်ရှူးသွပ်သည်ဖြစ်၍အရဟတ္တမဂ်ကိုရ၏ဟုပြောကြားခြင်း၊

(ဃ)မဂ်ကိုရသည်ဟု ထင်မှတ်သော အဝိမာနဖြင့် အရဟတ္တမဂ်ကိုရ၏ဟု ပြောကြားခြင်း၊

(င) အကြောင်းအား လျော်စွာသာလျှင် ဟုတ်မှန်သော အရတ္တမဂ်ကို ဟုတ်မှန်စွာ ပြောကြားခြင်း၊ ဟု အင်္ဂုတ္တရနိကာယ ပဥ္စကနိပါတ်၌ ဟောတော်မူသော နည်းအားဖြင့် ငါးပါးရှိသည် ။

(က)ပညာနည်း၍ မိုက်မဲတွေဝေမသိသည်၏အဖြစ်ကြောင့် ၎င်းအာပတ် မသင့်ချေ၊ မည်သည့် အပြစ်မျှလည်း မရှိချေ။ အဘယ်ကြောင့်ဆိုသော် လာဘ်အပူဇော်သက္ကာရကို မျှော်လင့်မှု (ပါပိစ္ဆအလိုဆိုး) မပါရှိသောကြောင့် ဖြစ်၏

(ခ) ရူးသွတ်သောရဟန်း၊ စိတ်ပြန်လွင့်သော ရဟန်းတို့သည်လည်း ရှင်တော်မြတ်ဘုရား ခွင့်ပြုချက် ထားတော်မူခဲ့သောကြောင့် အာပတ်လည်းမသင့်၊ အပြစ်လည်း မရှိကြချေ၊

(ဂ) မိမိကိုယ်တိုင်ရဟန္တာမဖြစ်သည်ကို မဖြစ်ဟုထင်ရှားစွာသိသော်လည်း လာဘ်လာဘပူဇော် သက္ကာရတို့ကို လိုလားတောင့်တသည်ဖြစ်၍ ယုတ်မာသော ပါပိစ္ဆအလိုဆိုးဖြင့် ရဟန္တာဖြစ်၏ဟု ပြောဆိုခြင်းမျိုးဖြင့် ပြောဆိုသော ရဟန်းမှာ အကျိုးမရှိ၊ ပါရာဇိကသို့ ကျရောက်တော့၏။ သာသနာတော်မှာ ရှုံးခြင်းကြီး ရှုံးပေတော့၏ ။

ထိုကဲ့သို့ ရဟန္တာမဟုတ်ဘဲ ရဟန္တာဟုပြောဆိုမိ၍ ပါရာဇိကကျသော ရဟန်းသည် ရဟန်းအဖြစ်မှ ဆုံးရှုံးခြင်းသို့ ရောက်ခဲ့လေပြီ၊ ဒီခန္ဒာဖြင့် နောင်တဖန် ရဟန်းဖြစ်လို၍ အကြိမ်တစ်ရာပင် ဥပသမ္ပဒကံဆောင် ကမ္မဝါကိုဖတ်ရွတ်လျက် ကံဆောင်ပါသော်လည်း ရဟန်းပြန်၍ မဖြစ်နိုင်တော့ပြီ၊

ထိုရဟန်းသည် ရဟန်းအသွင်ကိုဖျက်လျှက် လူဝတ်လဲ၍သော်၎င်း၊ ရှင်သာမဏေ အဖြစ်သို့၎င်း ပြောင်းလဲရပေမည်၊ လူ-ရှင်သာမဏေ ဘဝသို့ ပြောင်းလဲလျှက် ကမ္မဋ္ဌာန်းတရား အားထုတ်လျှင် မဂ်ဖိုလ် ချမ်းသာကို ရနိုင်သေးသည်၊ မပြောင်းလဲဘဲ ရဟန်းဝတ်ဖြင့် အားထုတ်သော်လည်း အာဏာဝိတိက္ကမန္တရာယ်က တားမြစ်ခြင်းကို ခံရသောကြောင့် ဈာန်မဂ်ဖိုလ် တရားကို မရနိုင်တော့ချေ။ တမလွန်ဘဝတွင်လည်း လူ၊ နတ်မဖြစ်တော့ဘဲ အပါယ်ငရဲသို့သာ ကျရောက်ပေတော့၏။

## ခိုးသူကြီးငါးမျိုး

ရဟန္တာမဟုတ်ဘဲ ရဟန္တာဟုပြောဆိုသော ရဟန်းကိုအကြောင်းပြု၍ ဟောတော်မူခဲ့သော ခိုးသူကြီး ငါးမျိုးလည်းရှိသည် ။

(၁) ယုတ်မာအလိုဆိုးရှိသောရဟန်းသည် အခြံအရံ အကျော်အစော လာဘ်လာဘပူဇော် သက္ကာရကို မျှော်လင့်တောင့်တ၍ သာသနာပြုဆရာ ကမ္မဋ္ဌာနစရိယကမ္မဋ္ဌာန်းဆရာ၊ ဓမ္မကထိကတရားဟောဆရာ ပြုလုပ်၍ မြို့ရွာတိုင်းနိုင်ငံလှည့်လည်၍ လာဘ်အပူဇော်သက္ကာရကို ရှာဖွေသုံးဆောင်နေ၏။ ထိုရဟန်းသည် ရှေးဦးစွာသော မဟာစောရသာသနာတွင်း သူခိုးကြီးပင် ဖြစ်၏။

(၂) ယုတ်မာသော အလိုဆိုးရှိသောရဟန်းသည် ဘုရားဟောသုတ် အဘိဓမ္မာဝိနည်းတို့ကို သင်ကြားပြီး တတ်မြောက်သောအခါ တပည့်တကာတို့ကို ဘုရားဟောဟု မသိစေဘဲ မိမိကိုယ်တိုင် သိသလိုတတ်သလို ပြောဆိုဝါကြွားလျက်နေ၏။ ထိုရဟန်းသည် နှစ်ခုမြောက်သော မဟာစောရသာသနာတွင်း သူခိုးကြီးပင်။

(၃) ယုတ်မာသော အလိုဆိုးရှိသော ရဟန်းသည် ရဟန်းကောင်း၊ ရဟန်းမြတ်စင်ကြယ်သောသူကို သာသနာ့ဘောင်မှ ရွေ့လျောစေ၍ မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားခြင်း အရင်းမူလမရှိဘဲ လုပ်ကြံ၍ ပါရာဇိကအာပတ်ဖြင့် စွပ်စွဲဖျက်ဆီး၏။ ထိုရဟန်းသည်လည်း သုံးခုမြောက် မဟာစောရသာသနာတွင်း သူခိုးကြီးပင်ဖြစ်ပါသည်။

(၄) ယုတ်မာသော အလိုဆိုးရှိသော ရဟန်းသည် မစွန့်ထိုက်၊ မဝေဖန်ထိုက်သော သံဃိကဂရုဘဏ် ဝတ္ထုပစ္စည်းများကို မိမိကိုယ်ပိုင် ကိုယ်ဆိုင်ပြု၍ လူဒကာတို့ အားပေးချီးမြှောက်ထောက်ပံ့၏။ ထိုရဟန်းသည်လေးခုမြောက် မဟာစောရသာသနာတွင်း သူခိုးကြီးပင်။

(၅) ယုတ်မာသော အလိုဆိုးရှိသော ရဟန်းသည် ဈာန်မဂ်ဖိုလ်တရားကို မရပဲလျက် 'ငါရ၏'ဟု လိမ်လည်လှည့်စား၍ ပြောဟော၏။ ထိုရဟန်းသည် ငါးခုမြောက်သော မဟာစောရ သာသနာတွင်း သူခိုးကြီးပင်ဖြစ်သည်။

ဤသို့ ဘုရားရှင်ဟောတော်မူခဲ့သော သူခိုးကြီးငါးဦးတို့တွင် ပဉ္စမမြောက်သောသူခိုးကြီးသည် အခြားသူခိုးကြီးများထက် လွန်ကဲသူဖြစ်၏။ထို့ကြောင့် ဈာန် မဂ်ဖိုကိုမရဘဲ အပြစ်သာလျှင်ရပေတော့သည်။

ဒီအချက်တွေကို ထောက်ရှုပြီး သာသနာတော်ထမ်း ရဟန်းမှန်သမျှ ဖြောင့်စင်းသော စိတ်ထားဖြင့် လိမ်လည်လှည့်ဖြားမှုကို ဝေးဝေးမှရှောင်ရှားသင့်ကြောင်းကို ဘုရားဟောဖြင့် ထုတ်နုတ်တင်ပြအပ်ပါသည်။

## ရဟန်းတော်များ၏ တာဝန်

မိမိကိုယ်တိုင် မပြောဆိုသော်လည်း မိမိ၏ အရဟတ္တမဂ်စသော ဂုဏ်ကျေးဇူးတို့ကို လာဘ်အပူဇော်ကို ငဲ့ကွက်၍ပြောကြားကြကုန်သော တစ်ပါးသော ပုထုဇဉ်များကို တားမြစ် ပိတ်ပင်ရမည်။

ဥပမာ - မိမိ၏အရဟတ္တမဂ်စသော ဂုဏ်ကျေးဇူးတို့ကို မိမိတပည့်ဒါယကာတို့က 'ဆင်ဖြူတော်မှီ၍ ကြံစုပ်'ဟူသော စကားကဲ့သို့ ဆရာ၏လာဘ်အပူဇော်ကို မှီခိုလို့ရကား၊ တို့ဆရာသည် ရဟန္တာပဲစသည့်ဖြင့် ပြောကြားနေသည်ကိုသိရသော် 'ဤသို့မပြောကြကုန်လင့်' ဟုတားမြစ်ပိတ်ပင်ရမည်ဟု ဆိုလိုသည်။ ထိုကဲ့သို့ တားမြစ်ခြင်းမပြုခြင်းကြောင့် ဖြစ်ပေါ်လာသော ဆွမ်း၊ သင်္ကန်းစသော၊ ပစ္စည်းလေးပါးတို့ကို တားမြစ်မှုမပြုမိခြင်းကြောင့် ဖြစ်ပေါ်လာ သည်ဟု မသိခဲ့ရကား သာယာမိကြလိမ့်မည်။ထိုအခါ မိမိကိုယ်တိုင် မပြောသော်လည်း တားမြစ်ရမည့် အရာ၌ မတားမြစ်မိသောကြောင့် အာပတ်သင့် ကုန်၏။

## (၃) ပြောသင့်သည့် အခါပြော

လာဘ်အပူဇော် သက္ကာရစသည်တို့ကြောင့်ကား မပြောသင့်သော်လည်း ချွင်းချက် ရှိသေးသည်။ ပြောသင့်သည့်အခါတွင် ပြောနိုင်သည်။ ၎င်းမှာ - ပရိနိဗ္ဗာန် စံခါနီးအခါကာလ၌၎င်း၊ အနိုင်အထက်ပြု၍ မေးရာ၌၎င်း၊ ရဟန်း ပဥ္စင်းဖြစ်သော သူအားပြောကြားသင့်၏။ လူသာမဏေ တို့အား ပြောကြားရန် အခွင့်ကိုကား မိန့်တော်မမူခဲ့ပေ။

နောက်တစ်မျိုးရှိသေး၏။ မထေရ်ကြီးတစ်ပါးနှင့် မထေရ်ငယ်တစ်ပါးတို့သည် ဆွမ်းခံထွက်ရာ အိမ်တစ်အိမ်မှ ပူပူနွေးနွေးယာဂုလေးကို လောင်းလှူ၏။ ထိုမထေရ်ကြီးသည် လေနာရောဂါရှိသဖြင့် ယာဂုပူပူလေးသည် ရောဂါနှင့်တည့်သည်ဟု ပြောဆိုပြီး သစ်တုံးတစ်ခု၌ ထိုင်ပြီး ယာဂုကို သုံးဆောင်တော်မူလေသည်။ ထိုအခါ မထေရ်ငယ်က 'ဤရဟန်းကြီးသည် အလွန်ငတ်မွတ်သည့် ရုက်စဖွယ်ကိုပြု၏။' ဟုကဲ့ရဲ့ပြစ်တင် ပြောလေသည်။

မထေရ်ကြီးက 'ငါ့ရှင် သင့်အား ဤသာသနာတော်၌ ထောက်တည်ရာရပြီလား' (မဂ်တစ်ပါးပါး ရပြီလား) ဟုမေးလေသည်။

အဲဒီအခါ မထေရ်ငယ်က 'တပည့်တော် သောတာပတ္တိမဂ်ကိုရပြီးပါပြီဘုရား'ဟု ပြန်ကြား လျှောက်ထား၏။ မထေရ်ကြီးက 'ငါ့ရှင် ထိုသို့ ဖြစ်လျှင် အထက်မဂ် အကျိုးငှာ အားထုတ်ခြင်းကို မပြုနှင့်တော့ သင်သည် ရဟန္တာကို စွပ်စွဲမိသော အရိယူပဝါဒ ကံထိုက်လေပြီ'ဟု ဆိုခဲ့ လေသည်။ မထေရ်ကြီးကပြောဆိုသော သာဓကကိုထောက်၍ သူတစ်ပါးက မေးမြန်း စီစစ်မှု မရှိသော်လည်း မိမိအရိယာအဖြစ်ကို ဖော်ထုတ်ပြောဆိုနိုင်ပါသည်။ ဒါကြောင့် လာဘ်အပူဇော်သက္ကာရကို ငဲ့ကွက်၍ကား မပြောအပ်။

အရိယူပဝါဒကံ ထိုက်သူအားသနားသဖြင့် ထိုကံမှလွတ်စေရန်အလို့ငှာ ပြောမည်ဆိုက ပြောသင့်ပါသည်။ (အရိယူပဝါဒကံထိုက်သူက တောင်းပန်လျှင် အပြစ်ကျေပါသည်။)

## ရဟန္တာမဟုတ်သူကို ရဟန္တာဟုပြောဆိုခြင်း

ရဟန္တာမဟုတ်သော သီလဝန္တ ပုထုဇဉ်ပုဂ္ဂိုလ် (သီလရှိသူ)အား ရဟန္တာဟု ထင်မှတ်၍ ဖြူစင်သော စိတ်ဓာတ်ဖြင့် ရဟန္တာဟု သမုတ် ပြောဆိုခြင်း၊ ဆည်းကပ်ကိုးကွယ်ခြင်းမျိုးသည် အပြစ်မရှိချေ။ ကောင်းသော ချမ်းသာတို့နှင့်သာ ပြည့်စုံနိုင်၏။

## လာဘ်ကိုမျှော်ကာ မပြောရာ

ရဟန္တာမဟုတ်သော ဒုဿီလပုထုဇဉ်ပုဂ္ဂိုလ်၊ သီလဝန္တပုထုဇဉ် ပုဂ္ဂိုလ်တို့အား ရဟန္တာမဟုတ်ဟုသိလျက်နှင့် လာဘ်အပူဇော်ကိုမျှော်လင့်၍ ရဟန္တာဟုပြောဆိုခြင်း၊ သမုတ်ခြင်းမျိုးကို မပြောဆိုအပ်၊ မသမုတ်အပ်ချေ။

ဒုဿီလပုဂ္ဂိုလ်နှင့် မိမိသည် မပေါင်းသင်းအပ်၊ မပေါင်းသင်းထိုက်၊ ပေါင်းသင်း မှီဝဲရန် သူတစ်ပါးကိုလည်း မတိုက်တွန်းအပ်၊ ဒုဿီလကို ရဟန္တာဟု သမုတ်ခြင်းသည် သာမည အမြင်ဖြင့်ကြည့်လျှင် ခပ်ပေါ့ပေါ့ဟု ထင်နိုင်ကြသော်လည်း ရဟန္တာကိုပြစ်မှားမိသော အရိယူပဝါဒကံနှင့် အတူတူပင် ကြီးလေးသော အပြစ်ရှိ၏။

ထိုအယူပဝါဒကံကို ကျူးလွန်မိသောသူသည် မိမိကျူးလွန်မိသော အပြစ်မှ လွတ်ကင်းစင်ကြယ်လိုပါမူ ပြစ်မှားမိသော ရဟန္တာအရှင်မြတ် သက်တော်ထင်ရှား ရှိခဲ့ပါမူကား ထိုအရှင်မြတ်ထံ သွားရောက်ဝန်ချ တောင်းပန်ရမည်။ ပရိနိဗ္ဗာန်စံ တော်မူလျှင်လည်း အလောင်းတော်ကိုငှင်း၊ အလောင်းတော်တင်ထားရာ ညောင်စောင်း၊ မီးသဂြိုဟ်ရာဌာနကိုငှင်း သွားရောက်ဝန်ချ တောင်းပန်ရမည်။ ယုတ်စွအဆုံး ဘယ်အရာမှမဖြစ်နိုင်လျှင် မိမိတရားထိုင်တိုင်း ခင်ပွန်း ကြီးဆယ်ပါးကို တောင်းပန်ရပါမည်။ (အကျယ်ကိုမူ ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာတွင် ကြည့်ရှုနိုင်ပါသည်။)

## မင်းကွန်းဆရာတော်ဘုရားကြီး၏ အမေးပုစ္ဆာ

နှစ်ဦးသား ဗာလ မိုက်ကြသည့်အနေ

တစ်ဦးသား ဗာလက ရဟန္တာ ကေန္တကို

ဤသူလျှင် ဒုဿီလဟု မြွတ်ဟတုံပေ

တစ်ဦးမှာ ဒုဿီလကို ရဟန္တာ ကေန္တဟု

ခွန်းနှုတ်က ဖွင့်ချေသည် ဆိုပုံလေ လွန်ရှိုင်း

နှစ်ပါးစုံကို ကံညစ်တွင် အပြစ်တွင် ဘယ်ကသေးတယ် မေး၏ချင့်ရှိုင်း

## မန္လည္ဆရာေတာ္ဘုရားႀကီး၏ အေျဖဝိသဇၨနာ

နှစ်ဦးသား ဗာလတို့ မိုက်ကြသည်အနေ

တစ်ဦးသား ဗာလက ရဟန္တာ ကေန္တကို ဤသူလျှင်

ဒုဿီလ ဟု မြွက်ဟတုံပေ၊

တစ်ဦးမှာ ဒုဿီလကို ရဟန္တာ ကေန္တဟု

ခွန်းနှုတ်က ဖွင့်ချေသည့် ဆိုပုံလေလွန်ခိုင်း

ဤနှစ်ပါး ထိုက်ညစ်မှာ အပြစ်ကလဲ အတူရှိ၏၊

ဖြေ၏မှန်တိုင်း

ဆိုလိုရင်း- ရဟန္တာကို ဒုဿီလဟုပြောဆိုမိ၍ အရိယူပဝါဒကံကို ကျူးလွန်မိသူ၊ ဒုဿီလကို ရဟန္တာဟုပြောဆိုမိသူ၊ ဤလူမိုက်နှစ်ဦးတို့၏ အပြစ်သည် တူညီကြ၏ဟု ဆိုလိုပါသည်။

### ရဟန္တာဟုတ်မဟုတ်စီစစ်ရန်

### (ဆဗ္ဗိသောဓနသုတ်)

ရှင်တော်မြတ်ဘုရားကိုယ်တိုင်က အရှင်အာနန္ဒာအား တစ်စုံတစ်ယောက် သောသူသည် ရဟန္တာဟု ဝန်ခံပြောဆိုလာခဲ့သော် ရဟန္တာဟုတ်မဟုတ် စစ်တန်း ထုတ်၍ သုတ်သင်ရှင်းလင်းရန် အချက်ကြီးခြောက်ချက်၊ ဌာနကြီး ခြောက်ဌာနတို့ကို ဆဗ္ဗိသောဓနသုတ်တွင် ဟောကြားခဲ့သည်။

တစ်စုံတစ်ယောက်သော ရဟန်းက အာသဝေါကုန်ခမ်း ရဟန္တာဖြစ်ပြီဟု ဝန်ခံပြောဆိုလာငြားအံ့၊ ထိုသို့ ဝန်ခံပြောဆိုလာသော စကားကို အဆော တလျင် ဝမ်းမြောက်မှုလည်း မပြုအပ်သေးချေ။ ထိုရဟန်း၏ စကားကိုလည်း မတားမြစ်အပ်သေးဘဲ မေးခွန်းများမေးပြီး စီစစ်ရမည်လို့ မြတ်စွာဘုရားက ဟောခဲ့ပါသည်။

### ပဌမဌာနဖြင့် စီစစ်ပုံ

(၁) ငါ့ရှင် သင်သည် ရဟန္တာဖြစ်ခဲ့ငြားအံ့၊ ငါ့ရှင်သည် မျက်စိဖြင့်မြင်ရာ၌၄င်း၊ ကြားရာ၌၄င်း၊ နှာခေါင်းဖြင့် နံရာ၌ ၄င်း၊ လျှာဖြင့် လျက်ရာ၌ ၄င်း၊ ကိုယ်ဖြင့် ထိတွေ့ရာ၌ ၄င်း၊ စိတ် ဖြင့်သိရာ၌ ၄င်း၊ တဏှာဖြင့် သာယာခြင်း၊ ဒိဋ္ဌိဖြင့် ငါသူတစ်ပါး ယောက်ျားမိန်းမဟု ယူဆခြင်း မရှိမူ၍ အာသဝေါတရားတို့မှ ကင်းလွတ်ပါ၏လောဟု မေးမြန်းစီစစ်အပ်၏၊

### ဒုတိယဌာနဖြင့် စီစစ်ပုံ

(၂) ငါ့ရှင်သင်သည်

(၁) ရူပပါဒါနက္ခန္ဓာ

(၂) ဝေဒနုပါဒါနက္ခန္ဓာ

(၃) သညုပါဒါနက္ခန္ဓာ

(၄) သင်္ခါရူပါဒါနက္ခန္ဓာ

(၅) ဝိညာဏုပါဒါနက္ခန္ဓာ

ဟုဆိုအပ်သော ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌ လည်းကောင်း၊ တဏှာဖြင့်သာယာခြင်း၊ ဒိဋ္ဌိဖြင့် သူတစ်ပါး ယောကျ်ားမိန်းမဟု ယူဆခြင်းမရှိမူ၍ အာသဝေါတရားလေးပါးတို့မှ ကင်းလွတ်ပါ၏လောဟု မေးမြန်းစိစစ်အပ်၏။

## တတိယဌာနဖြင့် စိစစ်ပုံ

(၃) ငါရှင် သင်သည်

၁။ပထဝီဓာတ် ၂။အာပေါဓာတ် ၃။ဝါယောဓာတ် ၄။တေဇောဓာတ် ၅။ အာကာသဓာတ် ၆။ဝိညာဏဓာတ်ဟုဆိုအပ်သော ဓာတ်ခြောက်ပါးတို့၌လည်းကောင်း၊ တဏှာဖြင့်သာယာခြင်း၊ ဒိဋ္ဌိဖြင့် ငါသူတစ်ပါး ယောကျ်ား မိန်းမဟု ယူဆခြင်းမရှိ၍ အာသဝေါတရားလေးပါးတို့မှ ကင်းလွတ်ပါ၏လောဟု မေးမြန်းစိစစ်အပ်၏။

## စတုတ္ထဌာနဖြင့် စိစစ်ပုံ

(၄) ငါရှင် သင်သည်

၁။ စက္ခာယတန ၂။ သောတယတန ၃။ ဃာနာယတန ၄။ ဇိဝှါယတန ၅။ ကာယယတန ၆။ မနာယတနဟုဆိုအပ်သော အဇ္ဈတ္တကာယတနခြောက်ပါး။

၁။ ရူပါယတန ၂။ သဒ္ဒါယတန ၃။ ဂန္ဓာယတန ၄။ ရသာယတန ၅။ ဖောဋ္ဌဗ္ဗာယတန ၆။ ဓမ္မာယတနဟုဆိုအပ်သော ဗာဟိရာယတနခြောက်ပါး၊

ဤအာယတန တစ်ဆယ့်နှစ်ပါးတို့၌လည်း တဏှာဖြင့်သာယာခြင်း၊ ဒိဋ္ဌိဖြင့် သူတစ်ပါး ယောကျ်ား မိန်းမဟု ယူဆခြင်းမရှိမူ၍ အာသဝေါတရားလေးပါးတို့မှ ကင်းလွတ်ပါ၏လောဟု မေးမြန်းစိစစ် အပ်၏။

## ပဉ္စမဌာနနှင့် ဆဋ္ဌမဌာနဖြင့် စိစစ်ပုံ

(၅/၆) ငါရှင်သင်သည် သဝိညာဏကခေါ် မိမိ၏သက်ရှိ ခန္ဓာကိုယ်ဟုဆိုအပ်သော အလုံးစုံသော အာရုံတို့၌လည်းကောင်း၊ သဝိညာဏခေါ် သူတစ်ပါး၏ သက်ရှိအာရုံတို့၌၄င်း၊ အဟင်္ကာရခေါ်သော မာန၊ မမင်္ကာရခေါ်သော တဏှာတို့ကို ပယ်နုတ်အပ်ပြီးပြီလားဟု မေးမြန်း စိစစ်အပ်၏။

အထက်ပါအတိုင်းမေးရုံတွင်မက ဥပရိပဏ္ဏာသဋ္ဌကထာ ဆဗ္ဗိသောဓနသုတ် အဖွင့်၌ လည်းကောင်း၊ ပါရာဇိကကဏ္ဍဋ္ဌကထာ စတုတ္ထပါရာဇိက သိက္ခာပဒ အဖွင့်၌လည်းကောင်း လာသော စိစစ်နည်းခြောက်ဌာန လည်းရှိသေးသည်။

၁။ ဈာန်မဂ်ပိုင်းခြားပေးခြင်း
၂။ လက္ခဏ သုံးတန်ဆင်ခြင်ဟန်
၃။ ရရာကာလ မေးမြန်းခြင်း
၄။ အရပ်ဒေသ မေးမြန်းခြင်း
၅။ ပယ်ပြီး ကိလေသမေးမြန်းခြင်း
၆။ မည်သည့် ပုဂ္ဂိုလ် (သောတာပန် ---- ရဟန္တာ) မေးသင့်၏။

ထို့အပြင် ကြောက်တာ မကြောက်တာစသည်တို့ဖြင့်လည်း စမ်းသပ်နိုင်သေးသည်။ (အခြားနည်းများကို မရေးတော့ပါ။ မိမိဘာသာလေ့လာပါတော့၊ အကြမ်းဖျင်း သိရှိသာ ရေးပြခြင်း ဖြစ်ပါသည်။)

အားလုံးခြုံငုံ ပြောရလျှင် စာတတ်ပေတတ် မဟုတ်လျှင် အထက်ပါကိစ္စများကို နားလည် လိမ့်မည်မဟုတ်။ ပညာတတ် ဆရာတော်ကြီးများ၏ အရေးသာဖြစ်နိုင်ပါသည်။ ဤသို့ဆိုလျှင် စာဖတ်သူနှင့် သာမန်အရပ်သား တို့သည် ရဟန္တာဟု အသေအချာ ပြောနိုင်မည် မဟုတ်ပေ။ သူများ 'တာ'၍ တာနေခြင်းသာ ဖြစ်ပါသည်။

မြတ်စွာဘုရားကကော ရဟန္တာလိုက်ရှာနေတာကို အားပေး ပါ့မလား။ ရဟန္တာတို့ရဲ့ ဖခင်ကြီး မြတ်စွာဘုရားအနားမှာကပ်ပြီး ကြည်ညိုနေတဲ့ ဝက္ကလိရဟန်းကြီးကို 'မင်းငါ့နားမှာ ဘာလို့ကပ်နေ တာလဲ။ ငါ့ရဲ့ အပုပ်ကောင် ခန္ဓာကြီးဟာ မင်းအတွက်ဘာ အသုံးကျမလဲ။ ခုထွက်သွား - တရားကျင့်ပါ'ဟု ကြိမ်းမောင်းခဲ့သည်။ 'တရားကို မြင်သူသည် ငါဘုရားကို မြင်၏။ တရား မမြင်သူသည် ငါဘုရားကို မမြင်'ဟု အဟော ရှိခဲ့သည်။

ယခုသော် လူအများစုက အဝေးမှာရှိသော ဟုတ်မှန်သည်၊ မဟုတ်မှန် သည် မသိသောရဟန္တာ ကို လိုက်လံရှာဖွေ ဖူးနေကြသည်။ အဲဒီ အချိန်တွေမှာ တရားအားထုတ်နေလိုက်ရင် ဘုရားအကြိုက် ဖြစ်မနေဘူးလား။

လူတွေက ရဟန္တာဖူးရတာကို ကုသိုလ်ယူချင်တာထက် ထိုပုဂ္ဂိုလ်က ခေါင်းကိုင်ပေး၊ ကျောသက်ပေးရင် သိဒ္ဓိရှိလာသလို၊ ရာထူးတက်တော့မလို၊ ရေမန်းပုလင်းဝယ် ပူဇော်သူက ပူဇော်၊ မန်းသူကလဲမမန်း နိုင်တော့ အနားမှာ ရှိတဲ့ ပုဂ္ဂိုလ်တွေက ကန်ထဲက(မေတ္တာကန်ဆိုပြီး) ရေတွေခပ်ပြီး ဆရာတော် ကြီး၏ လက်ကို ကန်ထဲ စိမ်ခိုင်းပြီး ရေသန့်တစ်ဗူး ငါးရာကျပ်ဖြင့်ဝယ်၍ ဆောင်သူကလဲ ရှိပါသည်။ သတိ၊ ပညာလေးသုံးကြစေလိုပါသည်။

လူတွေဆုံးဖြတ်တာက ထိုရဟန်း၏ အနေအထိုင်၊အပြောအဆို၊ အပြုအမူ၊ နေထိုင်မှု လောဘသက္ကာယ နည်းမှုလောက် အပြင်ပန်း ဆုံးဖြတ်ကြသည်။ ထိုကဲ့သို့ ဆုံးဖြတ်ရန်မဟုတ်ပါ။ ဘုရားလက်ထက်ကလည်း အဝတ်မရှိလို့ ပျဉ်ချပ်ကြီးတွေဝတ်ထားတာကိုလဲ ရဟန္တာဟု ကိုးကွယ်ကြသည်။ ကိုယ်လုံးတည်း နေသူတွေကို ရဟန္တာလုပ် ကိုးကွယ် ကြသည်။ ယခုခေတ် လူတွေ သတိထားသင့်ကြပါတယ်။

သုံးဆယ်မြို့ကရွာတစ်ရွာမှာ ရဟန္တာပုဂ္ဂိုလ်ထူးဆိုပြီး ၁၉၅၂ ခုနှစ် လောက်က ပေါ်ခဲ့တယ်။ ဘုရားတည်တယ်၊ ဥာပနာဖို့ ရွှေတွေငွေတွေ ယူထားပြီး အဝတ်စုတ်တွေထည့်ထားတယ်။ တပြည်လုံးလာကြတာ၊ဖူးကြတာ၊ ရေရှင်ဆရာတော်ဆိုပြီး ကိုင်တဲ့ရေတွေကို ပုလင်းနဲ့ထည့် သောက်ကြတယ်။ ချိုးရေက ပိုကောင်းတယ်ဆိုပြီး ချိုးရေကို ခံယူသောက်ကြတယ်၊ နောက်ဆုံး ရဟန်းတော်တစ်ပါးနှင့် လူတစ်စုက လာဖမ်းပြီး ရွာကလူလိမ်ပေါ်ပေါက်လို့ပြောမှ ရင်ကျိုးကြရတယ်၊ ရဲစခန်းကဖမ်းပြီး ထောင်ချလိုက်တယ်။

## တကယ့်ဖြစ်ရပ် တစ်ခုရှိသေးတယ်

အဲဒါက ဆရာတော်က မှန်မှန်ကန်ကန် သူဟာသူ ဝိနည်းတော်နဲ့အညီ နေထိုင်တာပါ၊ (ဘွဲ့နဲ့ နေရပ်ကိုပြောလျှင် ယခုထိအထင်ကြီးနေသူများ အကုသိုလ်မဖြစ်စေလို၍ မပြောတော့ပါ)။ အနေအထိုင် ကောင်းတာကို ကြည့်ပြီး ရဟန္တာလို့သမုတ်ကြတာပါ။ ရွှေငွေတွေကို ကိုင်လဲမကိုင်ဘူး၊ သုံးလဲ မသုံးဘူး၊ သူ့တရားနဲ့သူနေတာပါ။

ဖြစ်ချင်တော့ အဲဒီဒေသက (ပဲခူးတိုင်းအတွင်း)က သိပ်မအေးချမ်းတော့ လူတစ်ယောက်က ရွှေငွေတွေကို ကျောင်းကသစ်ပင်ကြီး တစ်ပင်အောက်လာ မြှုပ်ထားတယ်။ ပြီးတော့ဆရာတော်ကို အသိပေးတယ်။ ခေတ်ကောင်းလာရင် တပည့်တော်ပြန်တူးမယ်၊လှူမယ်၊စားမယ်ပေါ့၊ မိန်းမကို တောင် အသိမပေးဘူး ဆိုပြီး လာလျှောက်တယ်၊ ဆရာတော်က ကြည့်လည်းမကြည့်၊ စိတ်လည်း မဝင်စား အေးအေးသာသာ နေပါတယ်။

ရန်ကုန်မှာ ကျောင်းတွေဆောက်လှူရင်လည်း သူကပြန်လှူပစ်တာ၊ လူတွေက တော့ရဟန္တာပဲပေါ့၊ နောက်တဖြည်းဖြည်းနဲ့ ကြည်ညိုလိုက်ကြတာ ဆရာတော်ကတော့ ဘာမှ မတုန်လှုပ်ဘူး၊ အဲဒါနဲ့ရန်ကုန်မှာ ဆေးလာကုရင်း (၁၉၇၅)မှာ ပျံလွန်တော်မူတယ်။

နောက်(၁၀)နှစ်လောက်ကြာတော့မှ မြန်မာပြည်ကကမ္ဘာကျော် ဆရာတော်ကြီး နှစ်ဦးရှေ့တွင် ဝင်ပူးပါလေရော၊ သူဟာဆရာတော် ဖြစ်ကြောင်းပြောပါတယ်၊ အားလုံးကလဲ မထင်မှတ်ဘူး၊ ပြိတ္တာဖြစ်နေတာ ဘာကြောင့်လဲ ဝိုင်းမေးတော့ သူသေခါနီးမှာ တခြားဘာမှမစွဲဘဲ ရွှေမြှုပ်တဲ့ ကိစ္စသွားသတိရပြီး ပျံလွန်တော်မူတာကြောင့် ယခုလို ပြိတ္တာဖြစ်နေရကြောင်း ဆရာတော်တွေကို လျှောက်ထားသွားပါတယ်။ (ဆရာတော်ကြီးဟာ ရဟန္တာမဟုတ်ဘဲ သာမန်ပုထုဇဉ်ရဟန်း ပါပဲ၊)ဒါတွေကို လူတွေနားမလည်ဘဲ ဆုံးဖြတ်ကြတော့ မှားတာပေါ့။

ဒီနေရာမှာ ရဟန်းတစ်ပါးကို ပုထုဇဉ်ဖြစ်ပါစေ မိမိစိတ်အထင်အရ ရဟန္တာ ဖြစ်သည်ကင်၍ ပူဇော်ပါက အပြစ်မဖြစ်ပါ၊ အကျိုးပင်ရှိပါသည်။သို့သော် မိမိ မဆုံးဖြတ်နိုင်သောအရာကို အထင်ဖြင့် ဟိုလူ့ပြော၊ ဒီလူပြော ဆိုရင်တော့ အထက်မှာပြောခဲ့တဲ့ အပြစ်တွေခံစားရပါမယ်။

ဒီလောက်ဆို ရဟန္တာပေါ်လို့ သွားကြမဲ့သူများ စီစစ်နိုင်လောက်ပါ၏ပြီ။

သဘောပေါက်လောက်ပါပြီ။

# သံဃာဒိသေသ အကြောင်း

ရဟန်းတော်တို့သည် ဝိနည်းတော်အရ (၂၂၇)သွယ်သော သိက္ခာပုဒ်တို့ကို စောင့်ထိန်းရ၏။ အာပတ်(၇)ပုံတွင် ပါရာဇိကအာပတ်သည် အပြင်းဆုံး အာပတ်ဖြစ်သည်။ (ရဟန်းဘဝဆုံးရှုံးရသည်။) စာအုပ်(၇)နှင့် (၁၃)တွင် အကြမ်းအားဖြင့် ဖော်ပြထားပြီးဖြစ်သည်။

ဒုတိယအပြင်းဆုံး အာပတ်မှာ သံဃာဒိသေသ်အာပတ်ဖြစ်သည်။ ကျန်အာပတ်များနှင့်မတူ ကုစားရတာခက်ခဲသည်။ ရဟန်းအပါး (၂၀)လောက်ပါဝင်ရသည်။ အထူးသဖြင့် ဒုလ္လဘရဟန်းဝတ်သူများလည်း နားမလည်၍ ဒုက္ခအကြီးအကျယ်တွေ့ရပါမည်။ ဤအာပတ်ကို (ဒေသနာမကြား) မကုစားဘဲ လူထွက်လိုက်ပါက နောင်တခါ ရဟန်းဝတ်လျှင် ဤအာပတ်မှာ ဆက်လက်သင့်နေပါသည်၊ အထူးလိုက်နာပါ။

ခြသေ့ဴသည် မည်မျှလောက် ဆာလောင် မွတ်သိပ်သော်လည်း မြက်ခြောက်ကို စားရိုးထုံးစံမရှိ၊ အစာပြတ်လျှင် မတ်တက်က အလဲခံ မည်ကဲ့သို့၊ ထို့အတူပင် အရှင်ဇနကာဘိဝံသ ဆရာတော်ကလည်း မတ်တတ် ကသာ အလဲခံမည်၊ အောက်ကျ နောက်ကျခံ၍ ဝိနည်းကိုဖျက်ပြီး ဘုရားမျက်နှာညှိုးအောင် ဘယ်တော့မှမလုပ်ဟု မိန့်တော်မူတတ်ပါသည်ဆရာတော် အား အတုယူဖွယ်ဖြစ်သည်။

ဒါကြောင့် ဝိနည်းမတတ်သေးသော ရဟန်းများအတွက် အထောက်အကူ ဖြစ်စေရန် သင့်သလိုကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။ပြည့်စုံပြီဟု မဆိုလိုပါ။ ဝိနည်းကား ကျယ်ပြန့် လှပါ၏။

၁။ <u>သုတ်လွှတ်ခြင်း</u>

အိပ်မက်မက်၍ သုတ်လွှတ်ခြင်းမဟုတ်ဘဲ စေတနာအထင်အရှားရှိသော (လွှတ်စေလိုသော စေတနာဖြင့် အားထုတ်၍ဖြစ်သောသုတ်လွှတ်စေခြင်းသည် သံဃာဒိသေသ်အာပတ် ဖြစ်၏။)
(၁) လွှတ်စေလိုသောစေတနာ (၂) လွှတ်အောင်လို့လုပ်ခြင်း (၃)သုတ်လွှတ်ခြင်း ဤအင်္ဂါသုံးပါးစုံမှ အာပတ်သင့်၏။

၂။ <u>မာတုဂါမကို ဆွဲကိုင်မှု</u> (အမှုသည် - ရှင်ဥဒါယီ)

အကြင်ရဟန်းမှာ မာတုဂါမကို သုံးသပ်ကိုင်ဆွဲလိုသောရာဂသည် ဘီလူးအသွင် ပူးဝင်နေ၍ မရိုးမသား စိတ်ဖောက်ပြားပြီးလျှင် မာတုဂါမ နှင့်အတူ ကိုယ်လက်နှီးနှောအံ့၊ လက်ကိုဆွဲအံ့၊ ထိုရဟန်းမှာ သံဃာဒိသေသ် အာပတ်သင့်၏။

မှတ်ချက် - မာတုဂါမကိုယ်၌ဝတ်ထားသော အဝတ်စသည်ကိုကိုင်လျှင် ထုလ္လစ္စဉ်းအာပတ်သင့်၍၊ မာတုဂါမ ဝတ်ဖို့ထားသော အဝတ်တန်ဆာများကို ကိုင်လျှင် အာပတ်သင့်သေး၏။

ရိုးသားသောစိတ်ဖြင့် အမိန့်မအမစသူတို့ကိုကိုင်လျှင် ဒုက္ကဋ်အာပတ် သင့်သေး၏။ စာရွက်၊ ရေခွက်စသည်တို့၌ ရေးဆွဲထုလုပ်ထားသော မိန်းမရုပ်များကိုလည်း မကိုင်ကောင်း၊ ဒုက္ကဋ်အာပတ်ပင်၊ ကိုင်မှုဖြစ်တော့မည် အရာ၌ကား ထိုအရုပ်ကိုမထိစေဘဲငှင်း၊ ဓါးငယ်၊ ခဲတန်စသည်ဖြင့်ခြစ်၍ အနည်းငယ်ဖျက်ပြီးမှလည်းကောင်း ကိုင်ကောင်းသည်။ (မိန်းမဆိုလျှင် အမေ အပါအဝင် အရုပ်ကိုပင်မကိုင်ကောင်း သတိပြုပါ။)

## အခြားမကိုင်ကောင်းသေးသော အရာများ (ဒုက္ကဋ် အာပတ်)

### (က) စပါးအမျိုးမျိုး

စပါးအမျိုးမျိုးကို ရဟန်းတော်များ မကိုင်ရ၊ လယ်ကွင်းထဲသွားလျှင် စပါးအသီးများကို မထိမကိုင်မိအောင် သတိထားသွားရပါမည်။ အိမ်ဝင်ပေါက်စသည်၌ စပါးခင်းထားလျှင် လမ်းအမှတ်ဖြင့် နင်းသွားနိုင်သည်။

### (ခ) သစ်သီးများ

အပင်၌သီးနေသော ပဲအမျိုးမျိုး၊ ထန်း၊ အုန်း၊ ငှက်ပျောစသော အသီးအမျိုးမျိုးကိုလည်း လက်ဆော့သောအားဖြင့် မထိမကိုင်ရ၊ သစ်ပင်မှ ဆွတ်ခူးပြီးသော သစ်သီးတို့ကိုလည်း (အကပ်မခံဘဲ) မကိုင်ရ၊ သို့သော် သစ်ပင်အောက်၌ ကြွေကျနေသော သစ်သီးကို လူသာမဏေတို့ဖို့ ရည်မှန်း၍ ကောက်ယူကောင်း၏။ လူသာမဏေတို့ကို ပေးပြီးနောက် သူတို့ကပြန်၍ ကပ်လျှင် သုံးဆောင်ကောင်း၏။ (ရဟန်းများပိုင်သော သစ်သီးကိုလည်း အကပ်မခံဘဲ မကိုင်ရ၊ ကိုင်ရှုမျှဖြင့် ထိုရဟန်းမစားကောင်း၊ နေရာရွှေ့အောင် ကိုင်မိလျှင် ထိုသစ်သီးကို အခြားရဟန်းများ မစားကောင်း။)

### (ဂ) ရတနာ အမျိုးမျိုး

ပုလဲ၊ ပတ္တမြားမှစ၍ ရွှေ၊ ငွေ(ပိုက်ဆံစက္ကူပါ) ရတနာ အမျိုးအမျိုးကိုလည်း မထိ၊ မကိုင်ရ၊ (ငွေကိုင်လျှင် ဒုက္ကဋ်အာပတ်) မိဘ၊ ဒကာ၊ ဒကာမတို့က လှူသည်ကို ခံယူလျှင်ငှင်း၊ ကိုယ်နှုတ်ဖြင့် မခံယူသော်လည်း စိတ်ထဲ၌ သာယာနေလျှင်လည်းကောင်း၊ သက်သက်အလှူခံလျှင် လည်းကောင်း၊ ပါစိတ်အာပတ်သင့်၍ ကိုင်တိုင်း ဒုက္ကဋ်အာပတ်သင့်၏။ ရွှေ၊ ငွေဖြင့် ပြုလုပ် ထားသောစေတီ၊ ကြုတ်၊ ဆင်းတုတော်များကို မထိမကိုင်ရ၊ ထိုဆင်းတုတော် ပေါ်တင်နေသော အမှိုက်အညစ်အကြေးကိုကား ရှင်းလင်းသုတ်သင်ကောင်း ၏။ စေတီတော်စသည်အား လှူထားသော ရွှေ၊ ငွေလုပ် ပစ္စည်းများကိုမူ ဘုရားစောင့် ရဟန်းတော်သည် ကိုင်၍ ဟိုဟိုဒီဒီ ရွှေ့ကောင်းသတဲ့၊ ရွှေကျောင်း၊ ရွှေသံဃိက ရွှေငွေလုပ်ပစ္စည်းကိုကား (မထိမဖြစ်၍ ထိကိုင် ကောင်းပြန်၏။)

(ဃ) လက်နက်အမျိုးမျိုး

ဓါး၊ လှံ၊ သေနတ်စသောလက်နက် အမျိုးမျိုးကိုလည်း မထိမကိုင်ရပါ။ လက်နက်အဖြစ် အသုံးပြုသမျှ နွားရိုက်တန်ပြာ(နှင်တန်)ကိုမျှ မကိုင်ရ၊ လက်နက် မဟုတ်လျှင်ကား ထင်းဖြတ်သည့် ဓါး စသည်တို့ကို ကိုင်ကောင်း၏။ ပိုက်ကွန်၊ မြှုံး စသည်ကိုလည်း မကိုင်ရ၊ ထိုပစ္စည်းများကို လှူလာလျှင် လက်နက်ပိုက်ကွန်အဖြစ်ကို ဖျက်၍ သင့်တော်သောနေရာ၌ သုံးစွဲကောင်း၏။

(င) တူရိယာအမျိုးမျိုး

တီးမှုတ်ခြင်းနှင့် သက်ဆိုင်သော တူရိယာမျိုးကိုလည်း မထိမကိုင်ရ။ အဋ္ဌကထာ၌ ဗုံ၊ စောင်း စသည် သာလာသော်လည်း ပုလွေ၊ လင်းကွင်းစသော တူရိယာဟူသမျှ မထိမကိုင်ရဟု ယူဆကြသည်။ လှူလာလျှင်လည်း တူရိယာအဖြစ်ကို ဖျက်၍ သင့်တော်သော နေရာ၌ သုံးစွဲကောင်း၏။

၃။ အယုတ်တမာ ပြောဆိုမှု (အမှုသည် - ရှင်ဥဒါယီ)

အကြင်ရဟန်းသည် ဘီလူးအသွင် ရာဂ ပူးဝင်အပ်သည်ဖြစ်၍ (ရိုးသားသောစိတ်မရှိဘဲ) ဖောက်ပြန်သောစိတ်ဖြင့် မာတုဂါမကို ဝစ္စမဂ်ပဿာဝမဂ်မေထုန်နှင့် စပ်သော ရုတ်ရင်းသောစကားတို့ဖြင့် ယုတ်ယုတ်မာမာပြောဆိုအံ့၊ (လုလင်ပျိုတစ်ယောက်က မိန်းမပျိုတစ်ယောက် ကို မေထုန်နှင့်စပ်သော စကားပိုဖြင့် မရှက်မကြောက် ပြောဆိုနည်းမျိုး တည်း)။ ထိုသို့ ပြောဆိုသော ရဟန်းသည် သံဃာဒိသေသ် အာပတ်သင့်၏။ (ချီးမွမ်းသည် ဖြစ်စေ၊ ကဲ့ရဲ့သည်ဖြစ်စေ၊ အပြောခံရသော မိန်းမက နားလည်မှလည်း သံဃာဒိသေသ် အာပတ်သင့်၏၊ နားမလည်လျှင် ဒုက္ကဋ်အာပတ်သာ သင့်၏။)

၄။ မေထုန်အလှူခံမှု (အမှုသည် - အရှင်ဥဒါယီ)

အကြင်ရဟန်းသည် ရာဂတည်းဟူသောတွင်းသို့ (စိတ်အားဖြင့်) သက်ဆင်းကျရောက်နေရကား၊ မရိုးမသား ဖောက်ပြားသောစိတ်ဖြင့် မာတုဂါမထံ၌ မိမိအတွက် ကာမဖြင့်ပြုစုရခြင်း၏ အကျိုးကျေးဇူးကို ဟောပြောအံ့၊ (ကာမဖြင့် လုပ်ကျွေးဘို့ရန် ကာမကိုတောင်းအံ့လို့) (ကာမဖြင့် ပြုစုရခြင်း၏ အကျိုးကျေးဇူးကို ပြောသော စကားတည်း၊ နှမ . . သီလသိက္ခာ ရှိလျက် ကိုယ်ကျင့်တရားပြည့်ဝ၍(အပြဟ္မစရိယမှ ရှောင်ကြဉ်ကာ) ဗြဟ္မစာရီ ဖြစ်သော ငါလိုပုဂ္ဂိုလ်ကို မေထုန်ပေးလှူခြင်းသည် ပစ္စည်းလေးပါး အလှူများ နှင့် လားလားမှ မတူအောင် မြင့်ခေါင်ကြီးကျယ်သော အကျိုးကို ရတတ်သဖြင့် အမြတ်ဆုံး အလှူဖြစ်သည်။) ဤသို့ မေထုန်နှင့် စပ်သော စကားဖြင့် ပြောဆိုသော ရဟန်းသည် သံဃာဒိသေသ် အာပတ်သင့်၏။

၅။ <u>အောင်သွယ်မှု</u> (အမှုသည် - ရှင်ဥဒါယီ)

အကြင်ရဟန်းသည် အောင်သွယ်ပေးအံ့၊ ယောကျ်ားဘက်က ခိုင်းသဖြင့် ယောကျ်ားအလိုကို မိန်းမအား မယားဖြစ်ဖို့ရန်ပြောအံ၊ မိန်းမဘက်က ခိုင်း၍ ယောကျ်ားအား လင်ဖြစ်ဖို့ရန် ပြောအံ၊ အယုတ်ဆုံး တခဏမျှပေါင်းအပ်သော ပြည့်တန်ဆာမကိုလည်းပြောအံ့၊ ထိုရဟန်း သံဃာဒိသေသ် အာပတ် သင့်၏။

၆။ <u>အတောင်းအရမ်းများမှု</u> (အမှုသည် - အဠဝီတိုင်းသားရဟန်းများ)

ရဟန်းသည် ပဲခွပ်၊ ပုဆိန် စသော လက်သမား ကြိယာများကို ငှားရမ်း၍ ကျောင်းဒကာလည်း မရှိ၊ မိမိနေဖို့လည်းဖြစ်သော ကျောင်းကုဋိကို ဆောက်လုပ်လိုလျှင် (သိပ်မကြီးစေဘဲ) သင့်တော်လောက်သော ပမာဏဖြင့် ယှဉ်သော ကျောင်းကုဋိကိုသာ ဆောက်လုပ်စေရမည်။ ထိုကျောင်း၏ ပမာဏကား - ဘုရားအထွာတော်ဖြင့် ၁၂ထွာ၊ အနံ(နံရံ အတွင်းစွန်ကို တိုင်းသော အားဖြင့်) ၇ထွာဖြစ်၏။ ထို့ပြင်နေရာကို အသေအချာ မသတ်မှတ် သေးခင် 'မည်သည့် နေရာ၌ သင့်တော်သည်'ဟု ညွှန်ကြားပြသပေးဖို့ရန်၊ ရဟန်းတို့ကို မိမိဆောက်လိုသော နေရာသို့ပင့်ရမည်။ ထိုရဟန်းတို့က ပိုးရွ-ခြပုန်း စသော၊ ခြသေ့်၊ သစ်ကျားစသော ပိုးမွှား တိရိစ္ဆာန်လည်း မရှိသော၊ ကောက်ပဲသီးနှံ စိုက်ပျိုးရာစသော အရပ်လည်း မဟုတ်၍ ဘေးအန္တရာယ် ကင်းသော ကျောင်း၏ ပတ်ဝန်းကျင်၌ လှည်းများ သွားလာနိုင်လောက်အောင် ဥပစာလည်း ကျန်ရှိသေးသော အရပ်ကိုသာ (အဆောက်အဦနေရာ အဖြစ်ဖြင့်) ညွှန်ပြရမည်။ ထို ဘေးရန် အန္တရာယ်ရှိသောအရပ် သို့မဟုတ် ဥပစာမကျန်သောအရပ်၌ ကိုယ်တိုင် လက်သမားကြိယာကို ငှားရမ်း၍ ဆောက်လျှင်၄င်း၊ နေရာကို ညွှန်ပြပေးဘို့ရန် ရဟန်းတို့ကို မပင့်လျှင်၄င်း၊ အလျား၁၂ထွာ၊ အနံ ၇ထွာ၊ ပမာဏထက် လွန်စေလျှင်၄င်း၊ သံဃာဒိသေသ် အာပတ်သင့်၏။

၇။ <u>သံဃာဘေဒက သိက္ခာပုဒ်</u> (အမှုသည် - ရှင်ဒေဝဒတ်)

အကြင်ရဟန်းသည် ညီညွတ်နေသော သံဃာကို ကွဲပြားအောင် အားထုတ်အံ့၊ ကွဲပြားမှုကို ဖြစ်စေတတ်သော အကြောင်းတစုံတရာကိုမှုလည်း (ဥပမာ - အဓမ္မကို ဓမ္မဟုယူခြင်းစသော အယူဝါဒကို) စွဲမြဲစွာယူ၍ ထိုဝါဒအကြောင်းကို ပြောဆိုချီးမြှောက်၍ (ဝါဒဖြန့်၍)တည်အံ့၊ ထိုရဟန်းကို မြင်ကြ၊ ကြားကြကုန်သော ရဟန်းတို့က (လျစ်လျူရှု မထားပဲ) ဤသို့ ပြောဆိုရမည်။ 'ငါ့ရှင် . . . ညီညွတ်နေသော သံဃာကိုကွဲပြားအောင် အားမထုတ်ပါနှင့်၊ ကွဲပြားမှုကိုဖြစ်စေတတ်သော အကြောင်းကိုလည်းယူ၍ ချီးမြှောက်မတည်ပါနှင့်၊ အရှင်သည် သံဃာနှင့် စိတ်သဘောထား ညီညွတ် ပါစေ။ ညီညွတ်သော သံဃာသည် လွန်စွာဝမ်းမြောက်ရ၊ တစ်ပါးနှင့်တစ်ပါး မငြင်းခုန်ရဘဲ ပါတိမောက် အတူရွတ်ဆိုကာ(ဥပုသ်အတူ ပြုကာ) ချမ်းသာစွာ နေရသဖြင့် (ညီညွတ်ရခြင်း အကျိုးနပ်ပါသည်) ရဟန်းတို့က ဤသို့ ပြောအပ်သော်လည်း ရှေးအတိုင်း သူ၏ အယူဝါဒကို

ချိုးမြောက်နေသေးအံ့၊ (ဝါဒဖြန့် နေသေးအံ့) ထိုရဟန်းကို ထိုအယူစွန့်ဘို့ရာ ဥတ်ကမ္မဝါစာ ၃ ကြိမ်ရွတ်ပြ၍ ဆုံးမရဦးမည်။ ထိုအယူကို မစွန့်သေးလျှင် တတိယကမ္မဝါစာ အဆုံးတွင် သံဃာဒိသေသ် အာပတ်သင့်သည်။(ဥတ်ကမ္မဝါစာတို့ကို ပါဠိတော်၌ ရှု့လေ)။

<u>သစ်ပင်ခုတ်မှု</u> (အမှုသည် - ရဟန်းတပါး)

ငယ်သေးသည်ဖြစ်၍ ကြီးပွါးခြင်းကိစ္စ မကုန်သေးသော သစ်ပင်ကို 'ကြီးပွားဆဲ'ဟု ခေါ်၏။ အစွမ်းကုန်ကြီးပွါး၍ ထိုထက် တိုးပွါးဘွယ်မရှိသောသစ်ပင်ကို 'ကြီးပွားပြီး'ဟုခေါ်သည်။ ထိုအပင်နှစ်မျိုးလုံးကို "ဘူတဂါမ"ဟု ခေါ်သည်။ ထိုဘူတဂါမကို (ဖြတ်မှု၊ ခွဲမှု၊ မီးတိုက်မှု၊ မြှစ်မှုစသောအားဖြင့် တနည်းနည်းနှင့်)ဖျက်ဆီးမှုကြောင့် ပါစိတ်အာပတ်သင့်၏။ထို့ကြောင့် သစ်ပင်၌ကပ်ရှိသော အသီး အပွင့်၊ အရွက်၊ အခက်များကိုမခူးရ၊ မဆိတ်ရ။ သစ်ပင်မှ ဆွတ်ခူးပြီး၍ နောင်အခါ သစ်ပင် ပေါက်နိုင်သောအခါ မျိုးစေ့ဟူသမျှကို ဗီဇဂါမ်ဟု ခေါ်၏။ ထိုဗီဇဂါမ်ကို တနည်းနည်းဖြင့် ဖျက်ဆီးမှု၊ အသီးကိုစားစဉ် အစေ့ကို ကိုက်ဖြတ်မှုကြောင့်ကား ဒုက္ကဋ် အာပတ်သင့်၏။

မအပ်သောခိုင်းနည်း - ဤသစ်ပင်ကို ဖြတ်စမ်း၊ ခုတ်စမ်း၊ လှဲစမ်း၊ ချိုင်စမ်း၊ ဤအသီးကို ဆွတ်စမ်း၊ ငရုပ်သီးမှည့် ကြက်သွန်စသည်တို့ကို ထောင်းစမ်း၊ ဒျက်စမ်း၊ အပင်ပေါက်မည့် ကြံစသည်တို့ကို ဖြတ်စမ်းစသော ခိုင်းစေမှုကို မအပ်သောခိုင်းစေမှုဖြစ်၍ အာပတ်သင့်၏။ ထိုတွင်သစ်ပင်ကား ဘူတဂါမ်၊ ငရုပ်သီးစသော အပင်မှလွတ်ပြီးမျိုးစေ့ကား ဗီဇဂါမ်တည်း။

အပ်သောခိုင်းနည်း - ဤသစ်ပင်ကိုသိစမ်း၊ ကပ္ပိစမ်း၊ ဤငရုတ်သီးကို ကပ္ပိစမ်းစသော ခိုင်းနည်းကား အပ်သောခိုင်းနည်းဖြစ်သည်။

ကပ္ပိပုံ - အကပ်မခံရသေးသော သစ်သီးပုံကြီး၊ ကြံပုံတို့ကိုလည်း ရဟန်းက မထိခိုင်းစေဘဲ "ကပ္ပိယံကရောဟိ" ဟုဆိုလျှင် လူသာမဏေက တစပ်တည်း နေသော သစ်သီးတလုံး၊ ကြံတစ်ချောင်းကို "ကပ္ပိယံဘန္တေ"ဟုဆို၍ ခုတ်လိုက်ထိုးလိုက်သောအခါ အားလုံးကပ္ပိပြီးဖြစ်တော့၏။ တစ်ကြိမ် ကပ္ပိပြီးဖြစ်တော့၏။ တစ်ကြိမ် ကပ္ပိပြီးဖြစ်သော သစ်သီးများကို နောက်မနေ့ ထပ်ပြီး မကပ္ပိဘဲစားကောင်း၏။

<u>နေလွဲအခါ စားသောက်မှု</u>

အကြြင်ရဟန်းသည် နေလွဲအခါ၌ ခဲဘွယ်ကိုသော်၄င်း၊ ဘောဇဉ်ကိုသော် ၄င်း၊ ခဲမှု၊ စားမှုအံ့၊ ထိုရဟန်းပါစိတ်အာပတ်သင့်၏။ မွန်းလွဲသည်မှ အာရုဏ်မတက်ခင်အထိ ဘောဇဉ်အမျိုးမျိုး၊ မုန့်၊ သစ်သီး မစားရ။ ရောဂါမရှိလျှင် မည်သည့်ဆေးကိုမျှ၊ ယုတ်စွလျက်ဆား၊ဆားရိုးရိုး) မစားကောင်း၊ ဆာလောင် မွတ်သိပ်လျှင် ထန်းလျက်ရည်၊ သကြားရည်စစ်ထားသော မကျည်းဖျော်ရည်

သောက်ကောင်း၏။ မစားဘဲသောက်ချင်ရုံမျှ ဖြင့်ကား မသောက်ကောင်း၊ 'ညချင်းသုတ်'စသည်ကား သူနှင့်သင့်မြတ်သောရောဂါမရှိလျှင် မစားအပ်၊ ရောဂါရှိလျှင်(လက်သုတ်မဟုတ်) ချင်းရိုးရိုးကို စားကောင်း၏။ လေနာရောဂါ မရှိဘဲ ထန်းလျက်၊ ကြံသကာ၊ သကြားမှုန့်ကို မစားကောင်း၊ သောက်လျှင် စားလျှင် ဒုက္ကဋ်အာပတ်သင့်၏။

သံဃာဒိသေသအာပတ်ဖြေနည်း(ဒေသနာကြားနည်း)

ရဟန်းအားလုံး (ဒုလ္လဘအပါအဝင်)တို့သည် အပြစ်တစ်ခုဖြစ်လာလျှင် အာပတ်ဖြေတတ်ရပါမည်။ ကျန်အာပတ်(၅)မျိုးသည် အာပတ်ဖြေရန် မခက်ခဲသော်လည်း သံဃာဒိသေသ် အာပတ်သင့်လျှင် အခက်အခဲနှင့် ကြုံရပါတော့သည်။ (ဒုလ္လဘများသတိပြုရန် ဤအာပတ်သင့်လျှင် ဖြေတတ်မှာ၊ ဒေသနာကြားတတ်မှာမဟုတ်၊ မည်သူမှလည်း ဒေသနာ မကြားခဲ့ပါ။ ဒီအတိုင်း လူထွက်၊ ရဟန်းပြန်ဝတ်လျှင် အာပတ်ဆက်လက် သင့်ဆဲဖြစ်မည်။

ဒုလ္လဘလည်း ရဟန်းပါ၊ (ဝါတော်-၈၀ ရ ရဟန်းလို၊ ရဟန္တာလိုပဲ ဝိနည်းတော်ကို လိုက်နာရပါမယ်၊ ပိုဆိုးတာက ဒုလ္လဘသည် ဝိနည်းလဲမသိ၊ လေ့လည်းမလေ့လာတော့ ရဟန်းမဖြစ်ခင်ထိ အပြစ်မရှိခဲ့သော်လည်း ရဟန်းဘဝ အပြစ်တွေလုပ်ထားခဲ့တော့ အာပတ်နှင့်လူ (အပြစ်နှင့်လူ) ဖြစ်ရတော့တယ်။ ဘယ်လောက်ရင်နာစရာကောင်းသလဲ။ အာပတ်တွေ မသိရင် ရဟန်းမဝတ်ပါနဲ့။ သိပ်ကြောက်စရာ ကောင်းတာပဲ။ အာပတ်တန်းလန်းနှင့် ရဟန်းတော်များ မဂ်တား၊ ဖိုလ်တားဖြစ်တတ်ပါတယ်။သံဃာဒိသေသ်အာပတ် ဖြေနည်းကို လေ့လာကြည့်ရအောင်။

သံဃာဒိသေသ်အာပတ်တစ်ခုခု (ဥပမာ - မာတုဂါမကိုရာဂစိတ်ဖြင့် ထိပါးသုံးသပ်လျှင်၊ သုတ်လွှတ်အောင်အားထုတ်လျှင် မာတုဂါမအား ညစ်ညမ်းစွာ ပြက်ရယ်ပြု ပြောဆိုလျှင်၊ မာတုဂါထံမှ ကာမကိုတောင်းခံလျှင်၊ အောင်သွယ် စကားပြောလျှင် ---- တစ်ခုခု ကျူးလွန်လျှင်)

အပြစ်တစ်ခုခု ကျူးလွန်ထားသော ထိုရဟန်းသည် ယနေ့နံနက် အာရုဏ်တက်သည်နှင့် တစ်ရက်၊ နောက်ရက်များလည်း အာရုဏ်တက်တိုင်း၊ တက်တိုင်း တစ်ရက်တိုးလေတော့သည်။ ၎င်းကိုသတိရသောအခါ သံဃာ့ထံ ဝန်ခံလျက် အပြစ်ပေးပါရန် တောင်းခံရမည်။ သံဃာကလည်း ခွင့်ပြုရမည်။

(က) သံဃာ့ထံမှထိုဒဏ်သားအမှု၊ ပရိဝါသ် တည်ဆောက်ခွင့် ပေးပြီးသော် မိမိဖုံးခဲ့သော် ရက်အရေအတွက်နှင့်အမျှ ရဟန်းကောင်းတို့မှအပ ကြဉ်ထားသော နေရာသို့သွားရောက်ကာ တစ်ပါးတည်းနေရမည်။

ဤကားသံဃာဖြင့် အစပြုရသော ဒဏ်သားခြင်း။

(ခ) သံဃာများ မြတ်နိုးနှစ်သက်လာစေရန်ရည်၍ မာနတ်အဖြစ် ခြောက်ညဥ့်မျှ ဒဏ်တိုးဖြည့်ခွင့် တောင်းခံရဦးမည်။ သံဃာမှခွင့်ပြုပြီးသော (ထိုခြောက်ရက် အာရုဏ်တက် ခြောက်ခုမြောက်)အထိ ရဟန်းကောင်းများ၏ မျက်စိကွယ်ရာ၊ နားကွယ်ရာအရပ်သို့ တစ်ပါးတည်း ချဉ်းကပ်နေရမည်

ဤကားသံဃာလျှင်အလယ်ရှိသော ဒဏ်တိုးအောင်ခြင်း

(ဂ) ထိုခြောက်ညဥ့်ကျင့်ပြီးသော် အနည်းဆုံးသံဃာအရေအတွက် (၂၀)တင်းတင်း၏ ရှေ့မှောက်ဝယ် မိမိအားရဟန်းကောင်းအဖြစ် အသစ်တဖန် အသိအမှတ်ပြုကြပါရန် တောင်းပန်ရသည်။ ထိုအခါ သံဃာတော်တို့က ဉတ်ကမ္မဝါတို့ဖြင့် ရွတ်ဖတ်ကာ အဗ္ဘာန်သွင်းပေးရသည်၊ ရဟန်းကောင်းစာရင်း ပာစ်ခါပြန်သွင်းခြင်းတည်း။

ဤကားသံဃာဖြင့် အဆုံးသတ်ရခြင်း။

မှတ်ချက် - ယနေ့လွန်ကျူးအာရုံမကူးခင် ဒေသနာကြား ဝန်ခံထားက ဝါသ် တည်ဆောက်ရန်မလို၊ မာနတ်၊ အဗ္ဘာန်မျှသာလိုသည်။ ရဟန်းပြုစဉ်က သံဃာငါးပါးမှ ဆယ်ပါးအထိဖြင့် ရဟန်းပြုနိုင်သော်လည်း ဤကိစ္စ၌ အပါးနှစ်ဆယ်တိတိမပြည့်က အရာမပင်ပါ။

ဤကားသံဃာဒိသေသ် အာပတ်ကုစားရန် သိထားရမည့်အချက်ဖြစ်သည်။

(အထူးသတိ = ဤအာပတ်မျိုးသည် ဒုလ္လဘရဟန်းများလည်း ဖြစ်နိုင်ပြီး အာပတ် ဖြေရန် မလွယ်ပါ။ လက်ရှိရဟန်းများကလည်း ဒီအပြစ်ကိုကျူးလွန်ပြီး ထုတ်ဖော်ပြောဆိုရန် မရဲသဖြင့် နေကြလျှင် အပါယ်ငရဲသို့ကျရန် ဦးတည်လျက် ရှိနေသည်။ အာပတ်တန်းလန်းဖြင့် မဂ်ဖိုလ်မရနိုင်၊ ကုစားမှသာ ရနိုင်သည်။ ဖြစ်လာရင်ကုစားကြပါ။ မဖြစ်ခင်ကလည်း မာတုဂါမကို ရှောင်ရှားကြပါ။ ပါရာဇိကနှင့် သံဃာဒိသေသ် အာပတ်တို့သည် ကြောက်စရာအကောင်းဆုံးဖြစ်၍ သိနိုင်ရန် ရေးသားအပ်ပါသည်။)

## သဋ္ဌာယတနဝဂ္ဂ ဂါမဏိသံယုတ်

ရာဇသိက္ခာပုဒ်အရ ကပ္ပိယထံငွေကို အပ်နှံ၍ အရှင်ဘုရား အလိုရှိသောအခါ ကပ္ပိယထံ အပ်စပ်သော ပစ္စည်းကို 'အလှူခံပါ'ဟုလျှောက်လျှင် (သို့မဟုတ်) ကပ္ပိယကိုယ်တိုင်ကပင် (၁၀တန်၊၂၀တန်ကို စသည်ဖြင့်) အပ်သောပစ္စည်းကို'တောင်းပါ'ဟု လျှောက်လျှင် မိမိလိုအပ်သော ပစ္စည်းကို တောင်းကောင်း ၏။ 'တနေ့က 'လှူသွားသောငွေနှင့် ဝယ်ပေးပါ'ဟု မခိုင်းကောင်း၊ ကပ္ပိယထံ ငွေကို အပ်နှံထားသော်လည်း 'ကပ္ပိယကဖြစ်စေ၊ ငွေအပ်သွားသူက ဖြစ်စေ အပ်သော ပစ္စည်းကိုတောင်းပါ'ဟု မဖိတ်လျှင် မတောင်းကောင်းဟုမှတ်။

ဘုရားလက်ထက်တော်၌ ရာဇဂြိုလ်မြို့ နန်းတွင်း အစည်းအဝေး တစ်ခုမှာ စပ်မိစပ်ရာ စကား ပြောရင်းက 'ရဟန်းတော်များသည် ငွေကို(လှူလာလျှင်) ခံယူကောင်း၏။'ဟု လူအများက ပြောဆိုသည်ကို 'မဏိစူဠက' မည်သော ဂါမဏိ (လူကြီးလူကောင်း) တစ်ယောက်က 'မခံယူကောင်း' ဟု ကန့်ကွက်လေသည်။ ထို့နောက် လူကြီးလူကောင်းက ဘုရားထံလာ၍ 'သူ ကန့်ကွက်တာ မှန်ရဲ့လား'ဟု လျှောက်လေသော် ဘုရားရှင်က ဂါမဏိ သင်ပြောသော စကားသည် မှန်၏၊ ရဟန်းများသည် ငွေကို မခံယူကောင်း၊ ရွှေ ငွေကို အပ်စပ်လျှင် ကာမဂုဏ် ငါးပါးလုံး(သားမယားပါ) သုံးစွဲကောင်းလိမ့်မည်။ ရွှေ ငွေ အပ်တယ်'ဟု ဆိုသောတရားကို ရဟန်းတရားမဟုတ်၊ မမှန်ကန်ပေ၊ ကျောင်းမှာ မိုးမလုံခြင်းစသော အကြောင်းရှိလျှင် မြက် သက်ကယ် စသည် တို့ကို ဆွမ်းခံသလို သွား၍ရပ်ပြီးလျှင် (ဘာအလိုရှိသလဲ)ဟုမေးမှ သက်ကယ်နှင့် လက်သမားလိုကြောင်း အလှူခံ သည်ကို ငါဘုရားခွင့်ပြု၏။ ရွှေငွေကိုကား မည်သည့် ပရိယာယ်နှင့်မျှ သာယာကောင်း (ခံယူကောင်း)၏ဟု ခွင့်မပြုနိုင်ကြောင်းကို မိန့်တော်မူလေသည်။

## စွန့်ခြင်းဝိနည်းကံ (နိဿဂ္ဂိယံ ပါစိတ္တိယံ)

ဤကံသည် သာမန်ပါစိတ်အာပတ်နှင့် မတူပါ။ အလှူခံယူသော ပစ္စည်းကို စွန့်ပစ်ပြီးမှ ပါစိတ်အာပတ်ဝိနည်းကို ဒေသနာကြားရပါသည်။ (ပထမ ပစ္စည်းစွန့်၊ ဒုတိယ ဒေသနာကြား) အချို့ကို သိရှိရန်ဖော်ပြပါမည်။

ရဟန်းတို့သည် သိုးမွေးအခင်းများကိုခင်း၍ မအိပ်ရပါ။ အိပ်လျှင် နိဿဂ္ဂိပါစိတ် အာပတ် (စွန့်ပြီးမှ ဒေသနာကြား) သင့်ပါသည်။

အလျား (၂၇) လက်မ၊အနံ (၁၃) လက်မခွဲအောက်မငယ်သော အဝတ်အထည်ကိုရလျှင် ဆယ်ရက်အတွင်း အဓိဋ္ဌာန် ဝိကပ္ပနာပြုအပ်၏။ ထိုသို့ မပြုဘဲ ဆယ်ရက်ထက်ကျော် လွန်သွားလျှင် နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။ (စွန့်ပြီးနောက် ဒေသနာ ကြားရပါမည်။)

ဆွေမျိုးမတော်သူ၊ မဖိတ်ကြားသူတို့ထံမှ သင်္ကန်းသပိတ်ကိုတောင်းယူလျှင် နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။(ခြွင်းချက်-အခိုးအလုခံ၍သင်္ကန်းမရှိသောအခါ သပိတ်ချို့တဲ့သောအခါ၌ တောင်းအပ်သေး၏။)

သပိတ်ကို အဓိဋ္ဌာန်ဝိကပ္ပနာမပြုဘဲ ဆယ်ရက်ထက် အလွန်ထား မိလျှင် နိဿဂ္ဂိ ပါစိတ်အာပတ်သင့်၏။

အကပ်ခံပြီးသော ထောပတ်ဆီများ၊ သကြားတင်လဲတို့ကို ၇ ရက် အလွန် မစွန့်ဘဲ ထားမိလျှင် နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။(စွန့်ပစ်ပြီး ဒေသနာကြား)

